# ဖားကန့်/လုံးခင်းရတနာနယ်မြေ - ဇုန် (၁)
# ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း

အောက်တိုဘာလ ၂၀၁၈ ခုနှစ်

## လက်လုပ်လက်စားနှင့်အသေးစား
## သတ္တုတူးဖော်ခြင်း
## လုပ်ငန်းများ



# ဖားကန့်/လုံးခင်း ရတနာနယ်မြေ - လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်ရေး ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ အတွက် ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

Coffey Myanmar Limited and Valentis Services Company Limited တို့မှ ရေးဆွဲပြင်ဆင်သည်။

Estelle Levin Limited and Total Business Solutions Company Limited တို့နှင့် ပူးပေါင်းရေးဆွဲသည်။

အောက်တိုဘာလ ၂၀၁၈ ခုနှစ်

DRWEN00015AA_Hpakant/Lonkin EMP_Z01_Rev1

## သတင်းအချက်အလက် အသေးစိတ်

## ပြန်လည်ပြင်ဆင်ခြင်း မှတ်တမ်း

| ပြင်ဆင်ခြင်း | ဖော်ပြချက် | ရက်စွဲ | မူပိုင် | စစ်ဆေးသူ | အတည်ပြုသူ |
|---|---|---|---|---|---|
| ပြင်ဆင်ချက် (၁) | နောက်ဆုံး ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် | ၃၁-၁၀-၂၀၁၈ | Coffey | Barton Napier<br>Emma Waterhouse | Barton Napier |

## ဖြန့်ဝေခြင်း

| အစီရင်ခံစာ အမှတ် | မိတ္တူအရေအတွက် | ပုံစံ | ဖြန့်ဝေခြင်း | ရက်စွဲ |
|---|---|---|---|---|
| ပြင်ဆင်ချက် (၁) | ၁ | PDF | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | ၃၁-၁၀-၂၀၁၈ |

This page has been left intentionally blank.

# အကျဉ်းချုပ်အစီရင်ခံစာ

ယခုပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဇုန် (၁) မှ သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များအားလုံးအတွက် ရေးဆွဲထားသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်သည် ဇုန် (၁) ရှိ လက်လုပ်လက်စားနှင့်အသေးစား သတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက် ဖြစ်ပါသည်။

ယခု ပတ်ဂန်းကျင်စီမံခန့် ခွဲမှုအစီအစဉ် (EMP) ၏ ရည်မှန်းချက်များမှာ မြန်မာတို့ ၏ ပြင်းပြသောဆန္ဒနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပေးရန်၊ ဖားကန့်/လုံးခင်းကျောက်မျက်ရတနာနယ်မြေအတွင်းရှိ ကျောက်စိမ်းတူးဖော်ခြင်း၏ သက်ရောက်မှုများစီမံခန့်ခွဲမှုအတွက် ညီညွတ်ကိုက်ညီသည့် နည်းလမ်းဖြစ်မြောက်စေရန်၊ ကျောက်စိမ်းတူးဖော်ခြင်း ပတ်ဂန်းကျင်နှင့်လူမှုရေးရာလုပ်ဆောင်ချက်များချမှတ်ထားရန်နှင့် မြန်မာနိုင်ငံ၏ ဤဒေသရှိ ကျောက်စိမ်းတူးဖော်ခြင်းအတွက် ပတ်ဂန်းကျင်နှင့်လူမှုရေးရာ စီမံခန့် ခွဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကူးအပြောင်းကာလ အစီအစဉ်များ သတ်မှတ်ရန်တို့ ဖြစ်ပါသည်။

ယခု EMP အစီအစဉ်သည် ပထမအကြိမ်ပြင်ဆင်ထားသော စာမူဖြစ်ပါသည်။ နောက်ပိုင်းထွက်ရှိလာမည့် အစီရင်ခံစာများတွင် ဇုန် (၁) ၌ဆောင်ရွက်ခဲ့ပြီးသော စိတ်ကျေနပ်ဖွယ် ပတ်ဂန်းကျင်နှင့်လူမှုရေးရာ စီမံခန့်ခွဲမှုများကို သုံးသပ်ပြီး ထပ်မံလုပ်ဆောင်ရမည့်အချက်များနှင့်လိုအပ်ချက်များကို ထည့်သွင်းဖော်ပြသွားရမည် ဖြစ်ပါသည်။

# စီမံကိန်းနောက်ခံအချက်အလက်များ

သယံဇာတနှင့်သဘာဂပတ်ဂန်းကျင်ထိန်းသိမ်းရေးဂန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဂယ်ရေးလုပ်ငန်း (MGE) သည် မြန်မာနိုင်ငံတွင်ရှိသည့် ကျောက်စိမ်းနှင့်အခြားသောကျောက်မျက်ရတနာဈေးကွက်ဖော်ထုတ်ရေး၊ ဥပဒေနှင့်အညီထုတ်လုပ်ရောင်းဂယ်ရေးတို့အတွက် ကြီးကြပ်ရန် တာဂန်ရှိပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် မြန်မာနိုင်ငံရှိ မျက်မောက်နှင့်အနာဂတ်ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ၏ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေများ တိုးတက်မှုရှိစေရန် ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များရေးဆွဲရန် တောင်းဆိုခဲ့ပါသည်။

ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖားကန့်/လုံးခင်းကျောက်မျက်ရတနာနယ်မြေ ဇုန် ၁ဂ ခုရှိသည့်အနက် ဇုန်(၁) အတွင်းရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ၏ ပတ်ဂန်းကျင်နှင့်လူမှုဘဂဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်လာစေရန်အတွက် လိုက်နာရမည့် မူဘောင်များကို ချမှတ်ပြဋ္ဌာန်းထားပါသည်။ ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မြန်မာနိုင်ငံအခြေစိုက် ဓါတ်သတ္တုရှာဖွေခြင်းနှင့်ဆက်စပ်ဝန်

ဆောင်မှုများပေးနေသည့် Valentis Services Company Limited (Valentis) နှင့် နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြံပေးကုမ္ပဏီ တစ်ခုဖြစ်သည့် Coffey Myanmar Limited (Coffey) တို့မှ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA) အတွက် ကိုယ်စားပြုပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ရွှေတူးဖော်ခြင်းကို ကျောက်စိမ်းတူးဖော်ချိန်တွင် တပေါင်းတည်းလုပ်ဆောင်လျက်ရှိသော်လည်း ယခု ရေးဆွဲထားသော အစီအစဉ်သည် ကျောက်စိမ်းတူးဖော်မှု၏စီမံခန့်ခွဲရေးအတွက်သာ ဖြစ်သည်။

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပြင်ဆင်ရန် ဖားကန့်/လုံးခင်း ကျောက်မျက်ရတနာနယ်မြေသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး လိုအပ်သည့်သတင်းအချက်အလက်များကို စုဆောင်းခဲ့ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့်ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းတွင်ပါဝင်သူများနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်များရယူခဲ့ပါသည်။ အကြံပေးအဖွဲ့သည် Valentis/Coffey တို့အား ယခု EMP တွင် ဖြေရှင်းရမည့်ပြဿနာများ မည်သို့ချဉ်းကပ်ရမည်ကို အကြံပြုချက်များပေးထားပါသည်။ ထိုအဖွဲ့တွင် မြန်မာအစိုးရအာဏာပိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ Estelle Levin Limited (ELL)၊ ကျောက်စိမ်းတူးဖော်သူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ ပါဝင်သည်။

တွေ့ဆုံဆွေးနွေးခဲ့သော သက်ဆိုင်ရာအဖွဲ့အစည်းများ၏တင်ပြလာသောကိစ္စရပ်များနှင့် စိုးရိမ်ပူပန်မှုများသည် ကျယ်ပြန့်လှ၍ အများစုမှာ ယခု EMP ၏ နယ်ပယ်အပြင်ဘက်တွင်ရှိနေပါသည်။ ဇုန် (၁) ရှိဒေသခံများ၏ထုတ်ဖော်ပြောကြားလာသော အကြောင်းအချက်များမှာ စီးပွားရေးအရ သတ္တုတွင်းကုမ္ပဏီများအပေါ်အားထားနေရမှု၊ မူးယစ်ဆေးသုံးစွဲခြင်းနှင့်ဆက်စပ်ရာဇဝတ်မှုများ၊ ဖုန်ထူထပ်မှုများ၊ ယာဉ်လမ်းကြောင်းဘေးကင်းလုံခြုံမှု၊ ကျောက်မိုင်းခွဲခြင်းမှထိခိုက်မှုများ (အကြားအာရုံဆုံးရှုံးမှုအပါအဝင်)၊ ရေရရှိမှု၊ စွန့်ပစ်ကျောက်များကြောင့်ချောင်းလက်တက်များ ပိတ်ဆို့မှုမှရေကြီးရေလျှံခြင်းနှင့်မြေသားတည်ငြိမ်ကြံ့ခိုင်မှု (အထူးသဖြင့် ကျေးရွာများအနီး) စသည်တို့ ဖြစ်ကြပါသည်။

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် စည်းမျဉ်းဥပဒေမူဘောင်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ချမှတ်ထားပါသည်။ ၂၀၁၆ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ကျောက်စိမ်းတူးဖော်ခြင်းကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်ဖြစ်စေသောပတ်ဝန်းကျင်ထိခိုက်မှုများကိုစီမံခန့် ခွဲရမည်ဟုထည့်သွင်းသတ်မှတ်ထားပါသည်။ ဤဥပဒေအရ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများ တိုးတက်လာစေရန် ဖားကန့်/လုံးခင်းရတနာနယ်မြေရှိ သတ္တုတွင်းကုမ္ပဏီများလိုက်နာဆောင်ရွက်ရမည့်အချက်များကို MGE သည် အမိန့်ကြော်ငြာစာနှင့်ညွှန်ကြားစာများ ထုတ်ပြန်၍ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

# လက်ရှိ ပတ်ဝန်းကျင်အခြေအနေ

ဇုန် (၁) အတွင်း ကျောက်စိမ်းတူးဖော်ခြင်းလုပ်ကိုင်ချိန်တွင် လမ်းကြောင်းလွှဲပြုပြင်ထားသော ချောင်းလက်တက်များသည် ဥရုချောင်း အတွင်းသို့စီးဝင်ကြသည်။ ဥရုချောင်းသည် အန်ဒမန်ပင်လယ် အတွင်းသို့ စီးဆင်းသွားသော ဧရာဝတီမြစ်၏မြစ်လက်တက်ဖြစ်သည့် ချင်းတွင်းမြစ်၏ချောင်းလက်တက် တစ်ခုဖြစ်ပါသည်။ ဇုန် (၁) တွင် အကြီးစားကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် မီတာ ၂၅၀ အထိနက်သော တွင်းဟောင်းကြီးများကျန်နေခဲ့ပါသည်။ အများစုမှာမတ်စောက်သော နံရံများရှိကြ၍ အချို့မှာ ရေဝင်ကာ ကန်ကြီးများသဖွယ်တည်ရှိနေပြီးဖြစ်ပါသည်။ ဇုန် (၁) ၏ နေရာအနှံ့မြေစာပုံကြီးများလည်းရှိနေသည်။ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမရှိတော့သည့်နေရာများတွင် တဲအိမ်စုနှင့်ကျေးရွာများ ဖြစ်တည်နေပါသည်။ ဇုန် (၁) ၏မြောက်ပိုင်းနှင့်အနောက်ပိုင်းနေရာများတွင် ကျောက်စိမ်းတူးဖော်ခြင်းမရှိ၍ လက်ကျန်အပင်များ ဆက်လက်ပေါက်ရောက်ရှင်သန်နေပါသည်။

ရေလမ်းကြောင်းများအတွင်းသို့ အပေါ်ယံမြေများတိုက်ရိုက်စွန့်ပစ်ခြင်းအပါအဝင် ဆယ်စုနှစ်များစွာ လက်လုပ်လက်စားနှင့်အကြီးစားကျောက်စိမ်းတူးဖော်ခြင်းကြောင့် ရေလမ်းကြောင်းများအရည်အသွေးနိမ့်ကျပျက်စီးနေပြီးဖြစ်ပါသည်။ အနည်ပါဝင်မှုများပြီး ပျော်ဝင်အနည်အနှစ်များကို ရေလမ်းကြောင်းများအတွင်း မျက်မြင်တွေ့နိုင်ပါသည်။ တွင်းကြမ်းပြင်၊ စွန့်ပစ်ကျောက်နှင့်မြေစာပုံများမှ ကျဆင်းလာသော တိုက်စားမှုသည် ပိုမိုကြီးမားလာပါသည်။ ၎င်းတိုက်စားမှုနှင့်အနည်ကျမှုများကို စနစ်တကျ ထိန်းချုပ်ခြင်းများ မရှိသေးပေ။ ဒေသတွင်းနေပြည်သူများမှ စွန့်ပစ်ရေနှင့်တွင်းဟောင်းများအတွင်း စီးဝင်နေသောရေများသည် ရေလမ်းကြောင်းအတွင်းသို့ စီးဝင်ကြပါသည်။ ဇုန် (၁) အတွင်း ကြီးမားသောရေကြီး ရေလျှံမှု သတင်းထုတ်ပြန်ခြင်းများမရှိသေးသော်လည်း၊ မိုးရာသီအတွင်း ရေစီးဆင်းမှုများသောကြောင့် ရေလျှံကျမှုများသည် ဥရုချောင်း၏ မြစ်အောက်ပိုင်း ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။

၎င်းဇုန်အတွင်းတွင် အိမ်ခြေ ၉၀၀ ခန့်ရှိသော အဓိက ရွာ သုံး ရွာ တည်ရှိပါသည်။ အချို့လူနေရပ်ကွက်များသည် တွင်းများနှင့်မီတာ အနည်းငယ်သာကွာဝေးပြီး၊ ၎င်းရပ်ကွက်အတွင်းရှိ လူများ၏အဓိက ဝင်ငွေသည် ကျောက်စိမ်းတူးဖော်ခြင်းနှင့်စွန့်ပစ်မြေစာများမှ ကျောက်စိမ်းရှာဖွေခြင်းလုပ်ငန်းဖြင့် မှီခိုနေကြသည်။ ၎င်း ဇုန် အတွင်းတွင် ပုဂ္ဂလိက ဆေးခန်းနှစ်ခုနှင့် စာသင်ကျောင်း တစ်ကျောင်းလည်း တည်ရှိပါသည်။ သဘာဝဘေးအန္တရာယ်များနှင့် မီးဘေးများကြုံတွေ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အတွက် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းများလည်းဖွဲ့စည်းထားပါသည်။ သာသနိကအဆောက် အအုံများ ဖြစ်သော ဘုရား၊ ဘုန်းကြီးကျောင်းနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများလည်းရှိပါသည်။ နှစ်ကြိမ် တိုင်တိုင် ပြောင်းရွှေ့ခံခဲ့ရပြီးဖြစ်သော သုသာန်များသည် ဇုန် (၁) အတွင်းတွင် အရေးပါသော လူမှုရေးဆိုင်ရာ အင်္ဂါရပ်တစ်ခုဖြစ်ပါသည်။

# စီမံကိန်းအကြောင်းအရာဖော်ပြချက် (သတ္တုတူးဖော်ရေးလုပ်ငန်းစဉ်များ)နှင့် ၎င်းတို့၏ ထိခိုက်မှုများ

ဖားကန့်/လုံးခင်းရတနာနယ်မြေအား ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ရာ မော်များဟု ခေါ်သည့် နေရာများအဖြစ်သတ်မှတ်ဖွဲ့စည်းထားပါသည်။ လုပ်ကွက်များကို မော် တစ်ခုချင်းစီအတွင်း ခွဲခြားခွင့်ပြုထားကာ ၎င်း လုပ်ကွက် တစ်ခုချင်းစီကို သစ်သားတိုင်များ (သို့) ကျောက်တိုင်များဖြင့် ကန့်သတ်ပေးထားပါသည်။ ဇုန် (၁) အတွင်းတွင် လုပ်ကွက် ပေါင်း ၂၃ ခု ရှိပါသည်။ ၎င်း မော်များ အတွင်း လုပ်ကွက် မည်မျှရှိသည် ကိုတော့ မသိနိုင်ပါ။ ဤဇုန်အတွင်း လက်လုပ်လက်စားနှင့်အကြီးစားကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများလည်း လုပ်ကိုင်နေကြပါသည်။

အကြီးစားလုပ်ငန်းများသည် ကျောက်စိမ်းရှိသော ဥရုစရစ်ဖြုန်းကျောက်လွှာရောက်သည်အထိ အပေါ်ယံမြေလွှာကို ၂၅၀ မီတာ အနက်ခန့်တိုင်အောင်မြေတူးစက်များဖြင့်တူးဖော်ခြင်း၊ ယမ်းဖောက်ခွဲခြင်းများပြုလုပ်ကြသည်။ ကျောက်စိမ်းများကို လွန်ဖြင့်ဖောက်ခြင်း၊ ယမ်းဖောက်ခွဲခြင်း၊ ရွေးယူခြင်း စသည်နည်းတို့ဖြင့် တူးဖော်ကြပါသည်။ အပေါ်ယံမြေလွှာနှင့်မလိုအပ်သောကျောက်များကို စုပေါင်းမြေစာပုံတွင် သွားရောက်စွန့်ပစ်ကြသည်။ ကျောက်စိမ်းများကို MGE သို့ တရားဝင် အတိအလင်းမကြေငြာသေးမီအချိန်တွင် တူးဖော်ရရှိလာသော ကျောက်စိမ်းများ၏ အရည်အသွေး အဆင့်အတန်းကို ရှေးဦးစွာ စီစစ်ခွဲခြမ်းရပါသည်။ ထို့ပြင် လက်လုပ်လက်စား ကျောက်ကောက်သမား(ဒေသအခေါ် ရေမဆေး) များသည် သတ္တုတွင်း၌ တရားမဝင်လုပ်ကိုင်လျက်ရှိပြီး၊ ၎င်းတို့သည် စွန့်ပစ်မြေစာပုံအတွင်းရှိ မြေစာများထဲတွင် ကျန်ခဲ့သောကျောက်စိမ်းအပိုင်းအစများကို ရှာဖွေကြသည်။ ရေမဆေးလုပ်သားများသည် အဖွဲ့တစ်ခုအဖြစ်တည်ရှိပြီး ၎င်းတို့ကို နေရာထိုင်ခင်း၊ အစားအစာ၊ သယ်ယူပို့ဆောင်ရေးနှင့် လိုအပ်သောလက်နက်ကိရိယာများ ပံ့ပိုးပေးထားသော "လော်ပန်" ၏ လက်အောက်တွင် လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ထိုသို့ ပံ့ပိုးမှုများအတွက် ရှာဖွေရရှိသော ကျောက်စိမ်း အမျိုးမျိုးကို ဝေစုခွဲဝေကာယူကြရပါသည်။

သတ္တုတွင်းလုပ်ငန်းများသည် ဇုန် (၁) ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်ကို ထိခိုက်မှုများ ရှိစေပါသည်။ မြေပြင်ထိခိုက်မှု မှတဆင့် (သဘာဝပေါက်ပင်များရှင်းလင်းခြင်းနှင့် မြေပြင်ခြင်း၊ မြေတူးခြင်း များ) မှတဆင့် ပတ်ဝန်းကျင်ပျက်စီးမှုများ ပိုမိုမြင့်တက်လာခြင်းဖြစ်ပြီး၊ သဘာဝမြေမျက်နှာပြင်ပြောင်းလဲမှု ရေလမ်းကြောင်းများရုပ်ပိုင်းဆိုင်ရာပြောင်းလဲစေခြင်းနှင့် ရေဓာတ်ပြုပျက်စီးခြင်း၊ မသင့်လျော်သော စွန့်ပစ်ပစ္စည်းများစွာရှိလာခြင်း၊ နစ်ရှည်လများဖုန်ထူထပ်လာခြင်း၊ ဆူညံ့မှုနှင့်တုန်ခါမှုများရှိလားခြင်းနှင့်ယာဉ်သွားလာမှုများ များပြားလာခြင်း၊ အခြားကျန်းမာရေးနှင့်လုံခြုံမှု ဘေးအန္တရာယ်များ များပြားလာခြင်းတို့လည်း ဖြစ်ပေါ်စေပါသည်။ ဇုန် (၁) အတွင်းမှ မြို့များ၊ ရွာများနှင့် တဲအိမ်စုများသည် အသက်မွေးမှုနှင့်ဘဝသာယာစိုပြေမှုများအပေါ် ထိခိုက်မှုများတွေ့ကြုံခဲ့ရပြီးဖြစ်သည်။ ၎င်းတို့၏အိုးအိမ်စည်းစိမ်များဆုံးရှုံးခြင်း၊ ရွှေ့ပြောင်းနေရာချထားခံရခြင်း၊ အစဉ်အဆက်အသုံးပြုခဲ့သော ရင်းမြစ်များဆုံးရှုံးခြင်းနှင့် သာသနိကနယ်မြေများဆုံးရှုံးရခြင်း တို့ပါဝင်ပါသည်။ သတ္တုတွင်းလုပ်ငန်းများကြောင့် ဇုန် အတွင်းသို့ လူများပိုမိုရောက်ရှိလာစေပြီး ဒေသခံများ၏ ကျန်းမာရေးနှင့်

စီးပွားရေးလုပ်ငန်းများကို သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေပါသည်။ ဥပမာ အားဖြင့် အရက်နှင့်မူးယစ်ဆေးဝါးများကို ပိုမို လွယ်ကူစွာ ထိတွေ့ခွင့်ရလာခြင်း၊ အလုပ်အကိုင်၊ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု ပြိုင်ဆိုင်ရခြင်းများ ပိုမိုများလာခြင်းပင်ဖြစ်ပါသည်။

လက်လုပ်လက်စားနှင့်အသေးစားကျောက်စိမ်းတူးဖော်မှုများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုများဖော်ထုတ်၍ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအန္တရာယ်များ အသေးစိတ်အကဲဖြတ်မှုများကို ဆန်းစစ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းထိခိုက်မှုများကို စံအတိုင်းအတာများ၊ လုပ်ထုံးလုပ်နည်းများ၊ အလေ့အကျင့်ကောင်းများဖြင့် စီမံကိုင်တွယ်နိုင်ပါသည်။ အလွန်ဆိုးရွားသည့် ထိခိုက်မှုများမှာ - အန္တရာယ်ရှိသောသတ္တုလုပ်ငန်းခွင်များနှင့်များပြားလှသော ရေမဆေးအလုပ်သမားများ၏လုံခြုံမှုမရှိသော လုပ်ငန်းလုပ်ကိုင်မှုအလေ့အကျင့်များကြောင့် ကြီးမားသောထိခိုက်ဒဏ်ရာများနှင့်သေကြေမှုများဖြစ်ပေါ်စေနိုင်ခြင်း၊ မြေပြိုမှုများဖြစ်စေသော နံရံစောင်းများပြိုကျခြင်း၊ ရေလမ်းကြောင်းများ အနည်ထိုင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခြင်း တို့ဖြစ်ပါသည်။ ၎င်း အချက်အလက်များသည် ဇုန် (၁) အတွင်း နေထိုင်သောသူ များ၏ အဓိက ကြီးမားသော အန္တရာယ်များပင် ဖြစ်ပါသည်။

## သက်သာလျော့ချစေသည့် အစီအမံများ

ယခု EMP တွင် အဓိက ထိခိုက်မှုနှင့်ပြင်းထန်သောထိခိုက်မှုများကို ရွေးရှုထားသော်သည့် ဖော်ထုတ်ပြီးသော ပတ်ဂန်းကျင်နှင့်လူမှုရေး ထိခိုက်မှုများအားလုံးကို စီမံခန့်ခွဲသည့် အစီအမံများနှင့်လုပ်ထုံးလုပ်နည်းများပါဂင်ပါသည်။ ၎င်းတို့တွင် သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များအားလုံးတွင် အသုံးချနိုင်သည့် စံစီမံခန့် ခွဲမှုလုပ်ဆောင်ချက်များ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်တစ်ခုစီအတွက်အစီအမံများကို မတူးဖော်မီ၊ တူးဖော်စဉ်နှင့်တူးဖော်ပြီးကာလများအတွက် အသုံးပြုနိုင်ပါသည်။ စီမံခန့်ခွဲမှု အစီအမံနှင့်လုပ်ထုံးလုပ်နည်းများကို စီမံခန့်ခွဲမှုအစီအစဉ်များနှင့်လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းထားပါသည်။

## အကောင်အထည်ဖော်ဆောင်ခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်း

သတ္တုတွင်းကုမ္ပဏီများသည် ယခုပတ်ဂန်းကျင်စီမံခန့် ခွဲမှုအစီအစဉ် EMP ကို အကောင်အထည်ဖော်ဆောင်ရန် ၎င်းတို့၏အလုပ်သမားများကို လေ့ကျင့်သင်ကြားပေးရန်တာဝန်ရှိပါသည်။ သတ္တုတွင်းကုမ္ပဏီများသည် ယခုပတ်ဂန်းကျင်စီမံခန့် ခွဲမှု အစီအစဉ် EMP ကို လျော်ကန်စွာ အကောင်အထည်ဖော်ဆောင်ရန် အရင်းအမြစ်များ (လူများ၊ ပစ္စည်းကိရိယာများနှင့် ကုန်ကျစားရိတ်များ) ကို ပေးရမည်ဖြစ်ပြီး စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များအား အစီရင်ခံခြင်းဖြင့် ကတိ ကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်သည်။

ယခုပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP သည် ဖားကန့်/လုံးခင်းရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ချိန်တွင် ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်

စေရန် အထောက်အပံ့ပေးမည့် ပထမခြေလှမ်းဖြစ်ပြီး ထိုအဆင့်တွင် မြန်မာ့အမျိုးသားပတ်ဂန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင် လိုက်နာရန် မလိုအပ်သေးပါ။ ယခုပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP သည် ပတ်ဂန်းကျင်နှင့်ပြည်သူများအတွက် အကြီးမားဆုံးဘေးအန္တရာယ်များသာ ဖြေရှင်းသည့် လမ်းညွှန်ချက်များနှင့်စံချိန်စံညွှန်းများကို ရွေးချယ်၍ ထည့်သွင်းထားပါသည်။

စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ဆောင်ရမည်များကို ယခု EMP ၏ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုစီနှင့်လုပ်ထုံးလုပ်နည်းများတွင် တင်ပြထားပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဂန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းကို ဒေသတွင်းစောင့်ကြပ်ကြည့်ရှုခြင်းကွန်ရက်များဖြင့် လုပ်ဆောင်မည်ဖြစ်ပါမည်။ ရေလွှတ်ပေါက်များကို သတ္တုတွင်းကုမ္ပဏီများမှ စောင့်ကြပ်ကြည့်ရှုရပါမည် (ဥပမာ၊ ရေလမ်းကြောင်းထဲ သို့သတ္တုတွင်းစွန့်ပစ်ရေများ စွန့်ထုတ်ခြင်း)။ ယခု EMP အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အကဲဖြတ်ရန် ECD မှပုံမှန်စာရင်းစစ်ခြင်းများ အပါအဝင် လစဉ်စစ်ဆေးခြင်းများကို သတ္တုတွင်းတူးနေစဉ်ကာလတွင် လုပ်ဆောင်ရပါမည်။ မုန်တိုင်းတိုက်ပြီးနှင့်/သို့မဟုတ် လူထုမှပတ်ဂန်းကျင်ပျက်စီးမှုအပေါ် တိုင်တန်းချက်များပြီးနောက် ဆိုးရွားသည့်မတော်တဆမှုများကို တုံ့ပြန်နိုင်ရန် အခြားရောင်တခင် စစ်ဆေးခြင်းများကို လုပ်ဆောင်ရမည်။

သတ္တုတွင်းကုမ္ပဏီများသည် ယခု ASM EMP တွင်ချမှတ်ထားသော လိုက်နာဆောင်ရွက်ရမည်များနှင့်အညီ သတ္တုတွင်းလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်သည့် နှစ်စဉ် ပတ်ဂန်းကျင်လိုက်နာမှု အစီရင်ခံစာများကို ပြင်ဆင်ရမည်။ ဤအစီရင်ခံစာတွင် စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စာရင်းစစ်ခြင်းရလာဒ်များ ဆန်းစစ်ပြီး ပတ်ဂန်းကျင်ဖြစ်ရပ်အားလုံး၏အချုပ်ကိုစီစဉ်တင်ပြပေးရမည်။ သတ္တုတွင်းပိုင်ရှင်များသည် အလွန်ဆိုးရွားသော ဖြစ်ရပ်များကို ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သို့ တင်ပြရမည်ဖြစ်ပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထိုဖြစ်ရပ်များကို စုံစမ်းစစ်ဆေး စီမံရန် ချမှတ်ထားသော လမ်းညွှန်ချက်များကို လိုက်နာရမည်။

## မာတိကာ


၁။ နိဒါန်း ........ ၄
၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ........ ၉
၃။ စီမံကိန်းအကြောင်းအရာ ဖော်ပြချက် (သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များ) ........ ၁၄
၃-၁ သတ္တုတွင်းလုပ်ကွက်ခွင့်ပြုမိန့်များ ........ ၁၄
၃-၂ လက်လုပ်လက်စားနှင့်အသေးစား သတ္တုတူးဖော်ခြင်း နည်းလမ်းစဉ်များ ........ ၁၅
၄။ ကတိကဝတ် ........ ၁၇
၅။ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု စည်းမျဉ်းမူဘောင်များ ........ ၁၉
၅-၁ မြန်မာနိုင်ငံ ဥပဒေ၊ နည်းဥပဒေနှင့် လမ်းညွှန်ချက်များ ........ ၁၉
၅-၂ ယခု EMP ကို အကောင်အထည်ဖော်ရန် လိုက်နာရမည့်အချက်များ ........ ၄၅
၅-၃ ယခု EMP ၏ ရည်မှန်းချက်များ ........ ၄၈
၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေ ........ ၅၂
၆-၁ မြေမျက်နှာသွင်ပြင်နှင့်တည်နေရာ ........ ၅၂
၆-၂ ဒေသန္တရ ဘူမိဗေဒ ........ ၅၃
၆-၃ ရာသီဥတု၊ လေအရည်အသွေးနှင့်ဆူညံသံ ........ ၅၅
၆-၄ ရေ ........ ၅၉
၆-၅ အမြေအသုံးချမှုနှင့်ဇီဝမျိုးစုံမျိုးကွဲ ........ ၆၄
၆-၆ လူမှုရေး အခြေအနေ ........ ၆၇
၇။ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့်သက်သာလျော့ချခြင်း ........ ၆၉
၇-၁ ဘေးအန္တရာယ်များ ........ ၆၉
၇-၂ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ ........ ၇၃
၇-၃ စီမံခန့်ခွဲမှု အစီအမံများ ........ ၈၈
၇-၃-၁ သတ္တုမတူးဖော်မီ ........ ၈၉
၇-၃-၂ သတ္တုမတူးဖော်နေစဉ် ........ ၉၀
၇-၃-၃ သတ္တုမတူးဖော်ပြီး ........ ၉၈
၇-၄ လုပ်ဆောင်ချက်သတ်မှတ်ချက်များ ........ ၉၉
၈။ အများပြည်သူပါဝင်စေခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း ........ ၉၉
၈-၁ ပါဝင်သည့် အဖွဲ့များ ........ ၉၉
၈-၂ ပါဝင်သည့်အဖွဲ့များ၏ အခက်အခဲများ ........ ၁၀၁
၉။ အကောင်အထည်ဖော်ဆောင်ခြင်း ........ ၁၀၅
၉-၁ ဤ EMP ကို အကောင်အထည်ဖော်ဆောင်ရမည့် တာဝန်ဝတ္တရားများ ........ ၁၀၅
၉-၂ တာဝန်ဝတ္တရားများနှင့်သင့်လျော်သည့် ပြုမူကျင့်ကြံပုံ ........ ၁၀၅
၉-၃ အကောင်အထည်ဖော်ဆောင်ရန်အတွက် ရည်ညွှန်းကုန်ကျစရိတ် ........ ၁၀၇

**၁၀။ စောင့်ကြပ်ကြည့်ရှု့ရန် လုပ်ဆောင်ရမည့် အချက်များနှင့်ကုန်ကျစရိတ် ............ ၁၁၁**
၁၀-၁ စောင့်ကြပ်ကြည့်ရှု့ရမည့် အကြိမ်ရည်နှင့်အချိန်ကာလ ............ ၁၁၁
၁၀-၂ ခန့်မှန်းကုန်ကျစရိတ် ............ ၁၁၁
**၁၁။ အစီရင်ခံတင်ပြရန် လုပ်ဆောင်ရမည့်အချက်များ ............ ၁၁၃**
**၁၂။ EMP ပြန်လည်စစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်း ............ ၁၁၅**
**၁၃။ ကိုးကားချက်များ ............ ၁၁၇**

## မြေပုံနှင့်ဇယားများ

၁-၁ ဒေသတွင်းရ မြေပုံ ............ ၆
၁-၂ မြေမျက်နှာသွင်ပြင်နှင့်အခြေချနေထိုင်မှု ............ ၇
၅-၁ EMP အကောင်အထည်ဖော်ဆောင်ရန်လိုက်နာရမည့် စည်းမျဉ်းဥပဒေ မူဘောင် ............ ၅၀
၆-၁ ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဘူမိဗေဒ အနေအထား ............ ၅၇
၆-၂ ဉရုစရစ်ဖြုန်းကျောက်လွှာအတွင်း ကျောက်စိမ်းဖြစ်တည်နေမှု ............ ၅၈
၆-၃ ရေဝေရေလဲနှင့်ရေအရည်အသွေးစစ်ဆေးသည့် နေရာများ ............ ၆၀
၇-၁ လက်လုပ်လက်စား (သို့) အသေးစားသတ္တုတူးဖော်သည့်နေရာ ပုံစံ ............ ၉၁
၇-၂ နန်းတားများ ဒီဇိုင်းပုံစံ ............ ၉၄
၇-၃ ရေပိုက်ဖြင့်ထိုးချသောနည်းလမ်းကြောင့် တိုက်စားခြင်းနှင့်အနည်ချခြင်းထိန်းချုပ်ရန်ပုံစံ ............ ၉၅

## ဇယားများ

၆-၁ ဖုန် (၁) ၏ တည်နေရာပြ ကိုသြဒိနိတ်များ ............ ၅၂
၆-၂ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များ (မြစ်ကြီးနား) ............ ၅၆
၆-၃ ဖုန် (၁) ရှိ ရေအရည်အသွေး စစ်ဆေးမှုရလဒ် ............ ၆၃
၆-၄ ဉရုချောင်းအတွင်းရှိ ရေနေသတ္တဝါများ ............ ၆၆
၆-၅ ဤဖုန်၏ လူမှုပထဝီအချက်အလက် ............ ၆၈
၇-၁ လက်လုပ်လက်စားနှင့်အသေးစားတူးဖော်မှုကြောင့်ပတ်ဝန်းကျင်ဘေးအန္တရာယ်နှင့်ထိခိုက်မှုများ.. ၇၀
၈-၁ ဤ ဖုန်အတွင်းမှ ဆွေးနွေးခဲ့သောသူများ၏စာရင်း ............ ၁၀၁
၈-၂ ဤဖုန်အပေါ် အများပြည်သူ၏အမြင်များ အကျဉ်းချုပ် ............ ၁၀၃
၁၀-၁ စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှု့ခြင်း အကြိမ်ရေ ............ ၁၁၂

## ဓာတ်ပုံမှတ်တမ်းများ

၃-၁ တိမ်သော ဉရုစရစ်ဖြုန်းကျောက်လွှာပေါ်တွင် အသေးစားတူးဖော်နေပုံ ............ ၁၅
၃-၂ ဉရုချောင်းဘေးတွင် လက်လုပ်လက်စား ရွှေတူးဖော်နေပုံ ............ ၁၆

၆-၁ ဥရုချောင်းဘေးတွင် မြေထိန်းနံရံတည်ဆောက်ထားပုံ ........................................................ ၆၁
၆-၂ ဆန်ခါချောင်းပေါ်တွင် တည်ဆောက်ထားသော ယာယီ မြေအောက်ရေဖြတ်လမ်း .................... ၆၄

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ (၁) အမိန့်ကြော်ငြာစာများ

# ၁။ နိဒါန်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် သက်ဆိုင်သည့်စည်းမျဉ်းဥပဒေများဖြင့် ကြီးကြပ်ဆောင်ရွက်ကာ မြန်မာ့ကျောက်စိမ်းနှင့်အခြားကျောက်မျက်ရတနာများ ဈေးကွက်ရရှိရေးဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် (MGE) သည် မြန်မာနိုင်ငံရှိကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းလိုက်နာရေး၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများတိုးတက်ရေး တို့အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ MGE သည် ၎င်းတို့ရည်မှန်းထားသည့်အတိုင်း လက်ရှိနှင့်အနာဂတ် ကျောက်စိမ်းတူးဖော်မှုဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေတိုးတက်စေရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များ ရေးဆွဲရန် တောင်းခံခဲ့ပါသည်။

MGE သည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA) ကို စီမံကိန်းတာဝန်ခံနှင့်ငွေကြေးကမကထပြုရန် ညွှန်ကြားထားပါသည်။ MGJEA သည် ဖားကန့်/လုံးခင်းရတနာနယ်မြေ၊ ကချင်ပြည်နယ် (မြေပုံ ၁.၁) ရှိ ဇုန် ၁၀ ခုအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များကို မြန်မာနိုင်ငံအခြေစိုက် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့်အခြားဝန်ဆောင်မှုများပေးသည့် Valentis Services Company Limited (Valentis) နှင့်နိုင်ငံတကာပတ်ဝန်းကျင်အကြံပေးကုမ္ပဏီ Coffey Myanmar Limited (Coffey) တို့မှပူပေါင်းရေးဆွဲပြင်ဆင်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တစ်ခုစီကို သီးသန့်သတ္တုတွင်းတစ်ခုတည်းအတွက်မဟုတ်ပဲ ဤဇုန်အတွင်းရှိ သတ္တုတူးဖော်ခြင်းလုပ်ငန်းများအားလုံးအတွက် အသုံးပြုနိုင်ပါသည်။

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် ဇုန် (၁) ရှိ လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်ခြင်းလုပ်ငန်းများ အတွက်ဖြစ်ပါသည်။ ယခုဇုန်၏ တည်နေရာကို မြေပုံ (၁.၂) ဖြင့်ဖော်ပြထားပါသည်။ ယခု EMP တွင် ဇုန် (၁) ရှိ လက်လုပ်လက်စားနှင့်အသေးစား ကျောက်စိမ်းတူးဖော်ခြင်းကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများကို စီမံခန့်ခွဲရန် လမ်းညွှန်ချက်မှုဘောင်များ သတ်မှတ်ထည့် သွင်းထားပါသည်။ ဤအစီအစဉ်သည် ကျောက် စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ထိခိုက်သော ပတ်ဝန်ကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများ ကောင်းမွန်လာစေရန် ပထမခြေလှမ်းတစ်ခုဖြစ်ပါသည်။ ယခု EMP သည် ပထမဆုံးအစီရင်ခံစာဖြစ်ပြီး နောက်ပိုင်း ပြင်ဆင်ထွက်ရှိလာမည့် အစီရင်ခံစာများတွင် ဆောင်ရွက်ခဲ့ပြီးသောလုပ်ငန်းစဉ်စွမ်းဆောင်မှုကိုသုံးသပ်၍ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များနှင့် လိုအပ်ချက်များကို ဖြည့်သွင်းဖော်ပြသွားရမည်။

သက်ဆိုင်ရာအဖွဲ့အစည်းများစွာပါဝင်သည့် အကြံပေးအဖွဲ့သည် Valentis/Coffey အား ယခု EMP တွင် အဆိုပြုထားသော ကိစ္စရပ်များအတွက် အကြံဉာဏ်များ ပေးအပ်ခဲ့ပါသည်။ အကြံပေးအဖွဲ့တွင် မြန်မာအစိုးရအာဏာပိုင်များ၏ ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ Estelle Levin Limited (ELL)၊

ကျောက်စိမ်းတူးဖော်သူများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ပါသည်။ ဖားကန့်/လုံးခင်း ရတနာနယ်မြေအတွင်း ကွင်းဆင်းလေ့လာခြင်းများ သွားရောက်လုပ်ဆောင်ခဲ့ကြပါသည်။

## စီမံကိန်းနောက်ခံ အကြောင်းအရာ

ကမ္ဘာ့အကောင်းဆုံးကျောက်စိမ်းကို မြန်မာနိုင်ငံမှထုတ်လုပ်သည်ဟု လက်ခံထားကြသောကြောင့် ဒေသတွင်း၌သော်လည်းကောင်း (မြန်မာနိုင်ငံတစ်ဝန်းရှိရတနာဆိုင်များနှင့်ဈေးကွက်)၊ နိုင်ငံတကာ၌သော်လည်းကောင်း (နှစ်စဉ်ကျောက်မျက်ရတနာကုန်စည်ပြပွဲ)၊ ဈေးကွက်ဝယ်လိုအားမှာ သိသိသာသာမြင့်တက်လျက်ရှိပါသည်။ မြန်မာ့ကျောက်စိမ်းသည် ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့ကျောက်စိမ်းထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းရှိနေပြီး ဈေးကွက်တွင်အမြင့်ဆုံးဈေးရရှိနေပါသည်(Irwin 2006)။ ကချင်ပြည်နယ်၊ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် မြန်မာနိုင်ငံ၏အဓိကကျောက်စိမ်းထွက်ရှိရာ နေရာဖြစ်ပြီး စစ်ကိုင်းတိုင်း၊ ခန္တီးမှာ ဒုတိယနေရာဖြစ်သည်။

ဖားကန့်/လုံးခင်းရတနာနယ်မြေတွင် အကြီးစားစက်ယန္တရယားသုံးကျောက်စိမ်းတူးဖော်ခြင်းကို ၁၉၉၀ ပြည့်လွန်နှစ်များတွင် အစပြုခဲ့ကြသည်။ ထို့အချိန်မတိုင်မီက ကျောက်စိမ်းတူးဖော်ခြင်းကို အသေးစား၊ ဝမ်းရေးဖူလုံရုံလောက်သာ လုပ်ဆောင်ခဲ့ကြသည်။

အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့ အစည်းတို့ အကြား ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြယ်သွားပြီးနောက် မတ်လ ၂၀၁၂ မှ စက်တင်ဘာလ ၂၀၁၄ ခုနှစ်အထိ ဖားကန့် အတွင်းကျောက်စိမ်းတူးဖော်ခြင်းများ ဆိုင်းငံ့ထားခဲ့ပါသည် (Irwin 2006)။ မတ်လ၊ ၂၀၁၅ ခုနှစ်တွင် တိုက်ခိုက်မှုများ ရုတ်တရက် ဖြစ်ပွားခဲ့သောကြောင့် လုပ်ငန်းလည်ပတ်မှု ယာယီရပ်ဆိုင်းထားပါသည် (Irwin 2006)။ ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ တရားဝင်ပြန်လည်စတင်လုပ်ကိုင်ခဲ့ပြီး စွမ်းအင်နှင့်ပိုမိုအဆင်မြင့်သောစက်ယန္တရားများအသုံးပြု၍ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ပိုမိုသိသိသာသာ များပြားလာပါသည်။

# မြေပုံ

## ၁.၁ ဒေသတွင်းနေရာမြေပုံ




Source:
Zones and PPFs from Valentis.
Roads from EVG (50k). Place names from MIMU.
Imagery from Bing Maps Online (currency not stated).
MGJEA = Myanmar Gems and Jewellery Entrepreneurs Association

VALENTIS

coffey
A TETRA TECH COMPANY

Date:
25.07.2017
Project:
754-DRWEN00015AA
File Name:
00015_EMP01_F001.1_GIS

MGJEA

Hpakant/Lonkin Gems Tract EMP

Locality map

Figure No:
1.1

MXD Reference: 00015_EMP01_GIS001_v0_2

## မြေပုံ

### ၁.၂ မြေမျက်နှာသွင်ပြင်နှင့် အခြေချနေထိုင်မှု




Source:
Zones from Valentis. Place names from MIMU.
Imagery from Google Earth Pro (image captured 09/03/2016.

MGJEA = Myanmar Gems and Jewellery Entrepreneurs Association

| | | | |
|---|---|---|---|
| Date: 25.07.2017<br>Project: 754-DRWEN00015AA<br>File Name: 00015_EMP01_F001.2_GIS | MGJEA<br>Hpakant/Lonkin Gems Tract EMP | Topography and settlement | Figure No: 1.2 |

MXD Reference: 00015_EMP01_GIS002_v0_1

This page has been left intentionally blank

## ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**လက်လုပ်လက်စားနှင့် အသေးစား သတ္တုတွင်း တူးဖော်ခြင်း (Artisanal and small-scale mining) -** လက်လုပ်လက်စားနှင့် အသေးစား သတ္တုတွင်းတူးဖော်ခြင်းသည် လက်နက်ကိရိယာများနှင့်အသေးစား စက်များဖြင့် သတ္တုတွင်းတူးခြင်းဖြစ်သည်။ လက်ဖြင့်ကိုင်၍အသုံးပြုသောကိရိယာများတွင် သံချောင်းများ၊ စိန်အဖျားတပ်တူများ၊ ပေါက်ချွန်းများနှင့်ပေါက်ပြားများ ပါဝင်ပါသည်။ စက်ပစ္စည်းများတွင် ကျောက်စိမ်းနှင့် ရွှေဆောင်ထားသော နုန်းစုသိုက်မှသတ္တုရိုင်းများကို ရေအားဖြင့် ဖယ်ထုတ်ရန် ရေစုပ်စက်များ၊ ရေပိုက်များ ဖြင့် နုန်းစုသိုက်မှရွှေကို မျောတိုက်ရန် မျောစင်တို့ ပါဝင်ပါသည်။ အချို့သောနေရာများတွင် ကျောက်စိမ်းနှင့် နုန်းစုသိုက်မှ ရွှေပါသော သတ္တုရိုင်းများကို မြေတူးစက်တစ်ခုနှင့်မြေသယ်ယာဉ်ငယ်များ အသုံးပြု၍ အပေါ် ယံမြေကို ဖယ်ရှားရန် အသုံးပြုကြသည်။

**ရေဝေရေလဲဒေသ (Catchment area) -** မိုးရွာသွန်းမှုကြောင့် ရေလမ်းကြောင်းတစ်ခု သို့မဟုတ် ရေအိုင်တစ်ခု သို့မဟုတ် ပင်လယ်တစ်ခုအတွင်းသို့ လျှံကျရေများ စီးဝင်ရာနေရာ။ ရေဝေရေလဲနေရာတွင် သေးငယ်သော ရေဝေရေလဲနေရာများစွာ ပါဝင်သည်။

**ကံအားလျော်စွာတွေ့ရှိမှု (Chance find) -** ယဉ်ကျေးမှုအမွေအနှစ်များ ကံအားလျော်စွာ တွေ့ရှိမှု။

**ကူးစက်ပျံ့နှံ့နိုင်သော ရောဂါ (Communicable Disease) -** တိုက်ရိုက်ထိ၍ သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတစ်ဦးမှ တစ်ဦး ဆီသို့ ကူးစက်ပျံ့နှံ့တတ်သော ရောဂါ။

**ရှေးဟောင်းအဆောက်အအုံ (Cultural Heritage) -** ဆိုသည်မှာ သမိုင်းဝင်၊ ဘာသာရေး၊ ယဉ်ကျေးမှု သို့မ ဟုတ် ရှေးဟောင်းအမွေအနှစ်ဖော်ညွှန်းသည့် သုသာန်နှင့်မြေမြှုပ်သင်္ဂြိုလ်သည့်နေရာများအပါအဝင် နေရာ၊ အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းပစ္စည်းများကို ဆိုလိုပါသည်။ သက်ဆိုင်ရာ ဥပဒေများမှ အဓိပ္ပါယ် ဖွင့်ဆိုထားသော နေရာ၊ အဆောက်အအုံ သို့မဟုတ် အထင်ကရ တစ်ခုကို ဆိုလိုပါသည်။

**Cut-off ရေနုတ်မြောင်း (Cut-off drain)** - သတ္တုတွင်းကြမ်းပြင်သို့ ရေစီးဝင်မှုမရှိစေရန် သတ္တုတွင်း၏ မြစ်ညာပိုင်းရှိရေများကို ပေါင်းစုစေပြီး လမ်းကြောင်းလွှဲစီးဆင်းစေရန်အတွက် မြေတွင်တူးထားသောမြောင်း ကို Cut-off ရေနုတ်မြောင်းဟု ဆိုသည်။

**ရေလမ်းကြောင်းလွှဲတာဘောင် (Diversion Bund) -** ဟင်းလင်းပွင့်တူးသတ္တုတွင်း သို့မဟုတ် မြေစာပုံ နုံရုံစောင်းများထဲသို့ ရေမဝင်စေရန် တည်ဆောက်ထားသော ရေလမ်းကြောင်းလွှဲတာဘောင်ကိုဆိုသည်။ Cut-off ရေနုတ်မြောင်းနှင့် တွဲဖက်၍ ပြုလုပ်လေ့ရှိသည်။

**ရေထုတ်လမ်းကြောင်း (Drainage Line) -** ရေကိုပေါင်းစုစေ၍ ကုန်းဆင်းအတိုင်း စီးဆင်းသွားသော သာ မန်မြေပြင်ထက် နိမ့်သည့် ချိုင့်နေရာ။

**နစ်နာမှုတိုင်ကြားချက် (Grievance)** - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန် လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့်ပေါ်လာသည်ဟု စွပ်စွဲထားသော ပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စု တစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု၊ နစ်နာမှု တိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နစ်ခုစလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

**လမ်းညွှန်ချက် အတိုင်းအတာများ (Guideline Values)** - စက်ရုံမီးခိုး၊ အမှိုက်စသည့် လေထုညစ်ညမ်းပစ္စည်းများ အမြင့်ဆုံး ပါဝင်နိုင်မှု သို့မဟုတ် သတ်မှတ်ထားသော ပါဝင်နိုင်မှု အကန့်အသတ်။

**ဘေးအန္တရာယ်ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်း (Hazardous material)** - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းမှုနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများပါဝင်သည့် အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓာတ်ငွေ့ပါသောအရာဝတ္ထုများကိုဆိုသည်။ ဘေးအန္တရာယ်ရှိစေနိုင်သောပစ္စည်းများတွင် အောက်ဖော်ပြပါများပါဝင်ပါသည်။

- လောင်ကျွမ်းလွယ်သည့်အရာများ - ဥပမာ။ အလွယ်တကူ လောင်ကျွမ်းစေနိုင်သည့်အရာများ။
- ဓာတုဖြစ်စဉ်အရ စားခြင်း၊ လောင်ခြင်းဖြစ်စေသော အရာများ - ဥပမာ။ PH အလွန်မြင့်ခြင်း (အယ်လ်ကာလိုင်းပါဝင်မှုနှုန်းမြင့်ခြင်း) (သို့မဟုတ်) PH အလွန်နိမ့်ခြင်း (အက်ဆစ်ပါဝင်မှုများခြင်း) ကြောင့် စားခြင်း၊ လောင်ခြင်းခံရသောအရာများ။
- ဓာတ်ပြုမှုဖြစ်စေသောအရာများ - ဥပမာ။ ပေါက်ကွဲစေနိုင်သော(သို့)အဆိပ်ဖြစ်စေနိုင်သော အရာများ။
- သက်ရှိများ၏ ဇီဝဖြစ်စဉ်ကို ထိခိုက်စေနိုင်သောအရာများ - ဥပမာ။ ဆေးပစ္စည်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။

**အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်း (Hazardous waste)** - အန္တရာယ်ဖြစ်စေနိုင်သည့် မလိုလားအပ်သည့် သို့မဟုတ် အသုံးပြု၍မရသော ပစ္စည်းများ။

**ရေဖြင့်ထိုးချ/ဆေးခြင်း (Hydraulic jetting)** - ကျောက်စိမ်းရှိသော မြေသားများကို ချောင်းမှ ပြင်းအားများသည့်ရေပိုက်ဖြင့် ကျောက်စိမ်းပေါ်လာသည့်အထိ ရေဖြင့် ထိုးချခြင်း သို့ မဟုတ် ဆေးချခြင်း (အစဉ်အလာအရ ကျင်ယူခြင်းဟု သိထားပါသည်။)

**အဓမ္မရွှေ့ပြောင်းခံရမှု (Involuntary resettlement)** - ပြန်လည်နေရာချထားရခြင်း၊ အိုးအိမ်၊ ပစ္စည်းများ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆုံးရှုံးခြင်းဖြစ်စေသော အဓမ္မမြေသိမ်းယူမှုကိုဆိုလိုသည်။ အဓမ္မရွှေ့ပြောင်းခံရမှုဆိုသည်မှာ ရုပ်ဝတ္ထုပစ္စည်းများရွှေ့ပြောင်းရမှု (ပြန်လည်နေရာချပေးရခြင်း သို့မဟုတ် အိုးအိမ်

ဆုံးရှုံးမှု)နှင့် စီးပွားရေးဆိုင်ရာများရွေ့ပြောင်းရမှု (စီမံကိန်းနှင့်ဆက်နွယ်နေသည့် မြေနေရာ ပိုင်ဆိုင်ရရှိမှုနှင့်/သို့မဟုတ် မြေနေရာအသုံးချမှုအပေါ် ကန့်သတ်ခြင်းတို့ကြောင့် ပိုင်ဆိုင်ရာပစ္စည်းများ ဆုံးရှုံးမှု သို့မဟုတ် ဝင်ငွေရရှိနိုင်စေသော သို့ မဟုတ် အခြားသော အသက် မွေးဝမ်းကျောင်းမှု ပြုနေသော ပစ္စည်းများ ဆုံးရှုံးမှု) တို့ ကို ရည်ညွှန်းသည်။

**အကြီးစားသတ္တုတူးဖော်ခြင်း (Large-scale mining)** – သည် စက်ယန္တရားကြီးဖြစ်သည့် ယာဉ်များ၊ မြေသယ်ယာဉ်များ၊ မြေတူးစက်များ၊ အခြားသတ္တုသန့်စင်စက်နှင့်ယန္တရားများ အသုံးပြုပြီး ပမာဏများသော အပေါ်ယံမြေလွှာနှင့်ကျောက်စိမ်းပါသော မြေသားများကို တူးဖော်ဖယ်ထုတ်ခြင်းကို ဆိုလိုသည်။

**သတ္တုတွင်းကြမ်းပြင် (Mine face)** - ဟင်းလင်းပွင့်တူးသတ္တုတွင်း၏လက်ရှိအလုပ်လုပ်ကိုင်နေသောအပိုင်း။

**သတ္တုတွင်းနံရံ (Mine Wall)** - ဟင်းလင်းပွင့်တူးသတ္တုတွင်း၏ တွင်းနံရံ။

**သတ္တုတွင်းကုမ္ပဏီ (mining company)** - ကျောက်မျက်ရတနာလုပ်ကွက်မှ ကျောက်မျက်ရတနာထုတ်လုပ်ရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသောကုမ္ပဏီ၊ အကျိုးတူကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ၊ သမအသင်း၊ လူပုဂ္ဂိုလ်(သို့မဟုတ်) တစ်ယောက်ထက်ပိုသော လူပုဂ္ဂိုလ်များကို ဆိုလိုသည်။

**ဘေးအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ** (Non-hazardous waste) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းရေးနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကိုချက်ချင်းအန္တရာယ်မဖြစ်စေနိုင်သော မလိုအပ်တော့သည့် (သို့) အသုံးမဝင်တော့သော မည်သည့်အစိုင်အခဲများ၊ အရည်များ (သို့) အငွေ့နှင့်ဆိုင်သောအရာဝတ္ထုများကိုမဆို ဆိုလိုသည်။

**Overburden (အပေါ်ယံမြေလွှာ)** - သတ္တုသိုက် သို့မဟုတ် ကျောက်မျက်အရိုင်းတုံးများပါသောအလွှာကို ဖုံးအုပ်ထားသော ကျောက်သား သို့ မဟုတ် မြေသား။

**ကျင်းအိမ်သာ (Pit toilet)** - အဆင့်မီ ရေဆွဲအိမ်သာများ မဆောက်လုပ်နိုင်သည့် နေရာများတွင် အသုံးပြုနိုင်သည့် မြေတွင် တူးဖော်တည်ဆောက်ထားသော ကျင်းအိမ်သာ။

**တကိုယ်ရည် ကာကွယ်ရေး ပစ္စည်းကိရိယာ (PPE)** - ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်များမှ အကာအကွယ်ဖြစ်စေရန်အတွက် အလုပ်သမားများဝတ်ဆင်ရသော အထူးစီမံထားသည့် အဝတ်အထည်များနှင့် ပစ္စည်းကိရိယာများကိုဆိုလိုပါသည်။ တကိုယ်ရည်ကာကွယ်မှုပစ္စည်းကိရိယာတွင် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါက မျက်နှာစည်းများ အနည်းဆုံးပါဝင်ရမည်ဖြစ်သည်။

**ကမ်းပါး (Riparian)** - ရေစစ်မျဉ်းနှင့်ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကိုဆိုသည်။ ကမ်းပါးနှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုး

ရေးလုပ်ငန်းများဆောင်ရွက်ရန် မြစ်ချောင်းများကာကွယ်ရေးဥပဒေနှင့်အညီသတ်မှတ်ထားသည့် မြေ နယ်နမိတ်ကိုဆိုသည်။ ရေလမ်းကြောင်းတစ်ခု၏ ကမ်းပါးပေါ်သို့မဟုတ် အနီးတွင် တည်ရှိသည့် ဇရိယာနှင့် ဆက်စပ်နေသောနေရာ- ဥပမာ မြစ်ကမ်းပါများ သို့မဟုတ် ရေကန် ကမ်းနဖူး။

**Runoff (လျှံကျရေ) –** မိုးရွာပြီးနောက် ကုန်းမြေဖြတ်လျက် စီးဆင်းသောရေ။

**Sediment trap (နုန်းတား)** – ရေထုတ်မြောင်းတစ်လျှောက်တွင် ရေစီးအားနှေးစေ၍ ပျော်ဝင်မြေဆီနှစ်များအား အနည်ကျစေရန် တည်ဆောက်ထားသော အတားအဆီး။ ပုံမှန်အားဖြင့် ကျောက်ခဲနှင့် ကျောက်စရစ်ခဲတို့ဖြင့် တည်ဆောက်သည်။

**မျောတိုက်ခြင်း (Sluicing) -** ကျောက်စိမ်းနှင့် ရွှေရရန် ကျောက်စိမ်းနှင့် ရွှေရောနှော ပါဝင်နေသော ပစ္စည်းအား (မျောစင်နှင့်ရေသုံး၍) ဆေးချခြင်း လုပ်ငန်းစဉ်။ ရွှေနှင့် ကျောက်စိမ်းအား မျောစင်အောက်ခြေမှ ဇကာများ သို့ မဟုတ် အတန်းလေးများတွင် တင်ကျန်စေသည်။ စွန့် ပစ်မြေသားများကို တည်ငြိမ်သော ရေစီးဖြင့် ဆေးချသည်။ ပိုမိုကြီးမားသော ကျောက်တုံးများကို လက်ဖြင့် ရွေးဖယ်စွန့်ပစ်ရသည်။

**စွန့်ပစ်မြေစာ (Waste rock)** – ကျောက်စိမ်းနှင့်ရွှေတူးဖော်ရာမှ ထွက်ရှိလာသော ပစ္စည်းများကို ဆိုသည်။

**စွန့် ပစ်မြေစာပုံ (Waster Rock Dump)** အပေါ်ယံမြေလွှာနှင့် ကျောက်ခဲများ စွန့် ပစ်ရန် သတ်မှတ်ထားသော နေရာ။

**Watercourse (ရေလမ်းကြောင်းများ)** – လူဖန်တီးထားသော သို့ မဟုတ် သဘာဝအလျောက် ဖြစ်နေသော ယာယီ (သို့မဟုတ်) အမြဲတမ်း စီးဆင်းနေသည့် ချောင်း၊ စမ်းချောင်း၊ မြစ် (သို့) ရေစီးကြောင်းများ။

**အလုပ်သမား (Worker) -** သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ နှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

This page has been left intentionally blank

## ၃။ စီမံကိန်းအကြောင်းအရာ ဖော်ပြချက် (သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များ)

ယခုအခန်းတွင် ဤဇုန်အတွင်းရှိ သတ္တုတွင်းလုပ်ကွက်ခွင့်ပြုမိန့်များနှင့်လက်လုပ်လက်စား၊ အသေးစားတူးဖော်သည့်နည်းလမ်းများကို ဖော် ပြထားပါသည်။

### ၃.၁။ သတ္တုတွင်း လုပ်ကွက်ခွင့်ပြုမိန့် များ

ဖားကန့်/လုံးခင်းရတနာနယ်မြေကို ကျောက်စိမ်းတူးဖော်သည့်နေရာများဖြင့် ခွဲခြားဖွဲ့စည်းထားပြီး ၄င်းတို့ကို မှော်များဟုခေါ်သည်။ မှော် ပေါင်း ၁၀၉ ခု ရှိပြီး မှော်တစ်ခုစီတွင် လုပ်ကွက်များချထားပေးပါသည်။ လုပ်ကွက်နယ်နမိတ် အနားသတ်များကို သစ်သားတိုင် သို့မဟုတ် ကျောက်ပုံဖြင့် ကန့်သတ်ပေးထားပါသည်။ ဤဇုန်အတွင်းရှိ မှော်များမှာ-

- ကဒွေမှော်
- ကတ္တား
- စံခို့ထျာန်
- ဆန်ခါ
- တော်မှော် (ရန်ဖြိုး)
- တော်မှော် (လဂျောင်း)
- ဒုမှော်
- ပန်းကျားမှော်
- ပွဲဂွ့ါ
- မြင်းမှော်
- မှော်စစ်
- မှော်ကြိုင်
- ရွှေဂင်းမှော်
- လေးအိမ်စု
- လဂေါင်း
- ဂလူ
- ဂါးကျယ်
- ဂါးတိုး
- အောင်စိန်
- အဘ(ဦးပိုင်)
- ဘုန်းဂါ
- ဂါးဘိုး (ဦးပိုင်)

ယခုမှော်များအတွင်းတွင် လုပ်ကွက်အရေအတွက်မည်မျှရှိသည်ကိုမူ မသိရှိရပါ။

## ၃.၂ လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်ခြင်း နည်းစဉ်များ

လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်ခြင်းကို လက်သုံးကိရိယာများဖြစ်သည့် (သံတိုင်များနှင့်စိန်အဖျားတပ်တူများ)၊ လက်ဖြင့်သယ်၍ရသော မြေဖောက်စက်များ၊ အခြားသောနေရာများတွင် ရေစုပ်စက်များနှင့်ပိုက်များ အသုံးပြု၍ တူးဖော်ကြသည်။ အသေးစားကျောက်စိမ်းတူးဖော်မှုသည် သာမန်အားဖြင့် အကြီးစားကျောက်စိမ်းတူးဖော်မှုကြောင့် ထွက်ပေါ်လာသော ဥရုစရစ်ဖြုန်းကျောက်လွှာကို ပစ်မှတ်ထားတူးဖော်ကြသည်။ ကျောက်စိမ်းကို ထောင်လိုက် (၂) မီတာအကျယ် (၁)မီတာမှ (၂) မီတာ အကွာဖြင့် တူးဖော်ကြသည်။ (ပုံ ၃.၁)

ကျောက်စိမ်းတူးဖော်ခြင်းကို ဥရုချောင်းအပါအဝင် ရေလမ်းကြောင်းများအနီးတွင် လုပ်ဆောင်ကြသည်။ ကမ်းပါးများမှ ကျောက်စိမ်းရှိသော မြေစာများကို ရေစုပ်စက်၊ ရေပိုက်တို့ဖြင့် ထိုးချဆေးကြော ရှာဖွေကြသည်။ ထို့နောက် ကျောက်စိမ်းများသည် ထိုဆေးချထားသော မြေစာများမှ ရရှိသည်။ (ပုံ ၃.၂) နန်းစုသိုက် ကျောက်စိမ်းတူးဖော်စဉ်တွင် ရွှေတူးဖော်မှုကို တစ်ကြိမ်တည် ပြုလုပ်ပါသည်။ နန်းစုသိုက်မှ ရွှေများကို ရွှေပါသော သတ္တုရိုင်းများကို မျောစင်များနှင့်ရွှေဖန်းရန် အနည်ဖမ်းပစ္စည်းများဖြင့် ကျင်ယူကြသည်။

လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်ခြင်းကို တစ်ဦးချင်းသော်လည်းကောင်း အဖွဲ့လိုက်သော်လည်းကောင်း မိသားစုအလုက်သော်လည်းကောင်း သာမန်အားဖြင့် ပြုလုပ်ကြသည်။



Source: Soe Moe Kyaw Win

**ပုံ (၃.၁) တိမ်သော ဥရုစရစ်ဖြုန်းကျောက်လွှာပေါ်တွင် အသေးစားတူးဖော်နေပုံ**



Source: Soe Moe Kyaw Win

**ပုံ (၃.၁) ဥရုချောင်းဘေးတွင် လက်လုပ်လက်စား ရွှေတူးဖော်နေပုံ**

လက်လုပ်လက်စားနှင့်အသေးစားတူးဖော်မှုများတွင် အသုံးပြုသော အဓိကကိရိယာပစ္စည်းများမှာ အောက်ပါတို့ပါဝင်သည်။

- လက်သုံးကိရိယာများတွင် သံတိုင်၊ သံချောင်း၊ ပေါက်ပြားနှင့်အဖျားစိန်တပ်ထားသော တူ တို့ပါဝင်သည်။
- အသုံးပြုသောစက်ကိရိယာများတွင် ရေဖြင်ထိုးချ၍ ကျောက်စိမ်းနှင့်ရွှေပါဝင်သော သတ္တုရိုင်းများပေါ်လာစေရန် အသုံးပြုသည့် ရေစုပ်စက်နှင့်ပိုက်များပါဝင်သည်။
- နန်းစုသိုက်မှရွှေများကို ဖမ်းယူရန် မျောစင်များ ပါဝင်သည်။

အချို့သောနေရာများတွင် ခေါင်းပေါင်းမြေကို ဖယ်ရှားပြီး ရွှေပါ သောသတ္တုရိုင်းများတူးရန် မြေတူးစက်များနှင့်မြေသယ်ယာဉ်များကို အသုံးပြုကြသည်။

coffey
A TETRA TECH COMPANY

VALENTIS

၄။ ကတိကဝတ်

**စီမံကိန်းအဆိုပြုသူ၏ အတည်ပြုဝန်ခံချက်**

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၇ အရ စီမံကိန်း အဆိုပြုသူသည် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်းကို ကတိကဝတ်ပြုပါသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံမှုရှိကြောင်း။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ကို ရေးဆွဲထားပါ ကြောင်း။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ကတိတဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို *"လုပ်ကွက်တစ်ခုချင်းအလိုက်၊ အခြေအနေတစ်ရပ်ခြင်းအလိုက် လုပ်ငန်းခွင်နှင့် ဆီလျော်သော စီမံချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း။*

အမည်။ ။ ......လဗိုင်ခွန်ဆာ......

ဥက္ကဌ

ရာထူး။ ။ ......မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း......

လက်မှတ်။ ။ ......

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအတွက် ကိုယ်စားပြု လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ။ ......၁၈-၇-၂၀၁၉......

# ၅။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စည်းမျဉ်းမူဘောင်များ

ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဂန်းကျင်နှင့်လူမှုဘဂဆိုင်ရာ သက်ရောက်ထိခိုက်မှုများကိုစီမံခန့်ခွဲရန်နှင့် ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုက်နာရမည့် မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့်လမ်းညွှန်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို အကောင်အထည်ဖော်ဆောင်ရန် ကတိကဝတ်များကို ဤအခန်းတွင် သတ်မှတ်ဖော်ပြထားပါသည်။

## ၅.၁ မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ဤအခန်းတွင် EMP အကောင်အထည်ဖော်ချိန်တွင် ပြုစုထားသည့် မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့်လမ်းညွှန်ချက်များကို လိုက်နာရပါမည်။

**မြန်မာနိုင်ငံသားများ၏ ရပိုင်ခွင့်များ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ** ၏ပြဋ္ဌာန်းချက်အရ -

- ပုဒ်မ ၂၁ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုစသည့် အခွင့်အရေးများ ခံစားခွင့်ရှိသည်။
- ပုဒ်မ ၃၄ အရ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ် တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်။

**ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ**
**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ် လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော့ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန် လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန် ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရ မည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

  (၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမား များခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေး ငွေများ သတ်မှတ်ခြင်း၊

  (၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ် လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

  (၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

  (၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

  (၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့်ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)** တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဓ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေ ရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန်စီမံခန့်ခွဲ ခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ

သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံ ခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ် နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။
- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြား ခြင်း ပြုနိုင်သည်။
- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄)** တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း ၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- စာပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် -

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်

ခံများ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားပေးရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၃ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးက စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

- စာပိုဒ် ၁၀၄ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်း တို့တွင်ပါရှိသော လိုအပ်ချက်များအားလုံးအတွက် တာဝန်ရှိသည့်အပြင် ယင်းတို့ကို အပြည့်အဝထိ ရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၅ အရ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ စာဖြင့် အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၆ အရ စီမံကိန်းအဆိုပြုသူသည် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအား မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို စဉ်ဆက်မပြတ်လက်တွေ့ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၇ အရ စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့် ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိစေရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောကာ်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၈ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း တင်ပြရမည်။

- စာပိုဒ် ၁၀၉ အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

(က) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက် အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်နိုင်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြု သည့် ဆောင်ရွက်မှုများ၊

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုး အစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရသည့် အချိန်သတ် မှတ်ချက်များ၊

(င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

- စာပိုဒ် ၁၁၀ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအပိုဒ် ၁၀၈ နှင့် ၁၀၉ အရ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည် သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်း အဆိုပြုသူသည် ယင်းတောင်း ခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

- စာပိုဒ် ၁၁၃ အရ စီမံကိန်းအဆိုပြုသူသည် -

(က) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်အလို့ငှာ စစ်ဆေးရန်တာဝန်ရှိသူအား သာမန် အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုရမည်။

(ခ) ဝန်ကြီးဌာနက အကြောင်းအားလျော်စွာ လိုအပ်လာသည့်အခါ စီမံကိန်း၏ ရုံးများနှင့် စီမံကိန်း လုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြားနေရာသို့ အချိန်မရွေး ဝင်ရောက်ခွင့်ပြုရမည်။

- စာပိုဒ် ၁၁၅ အရ စီမံကိန်းအဆိုပြုသူသည် အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ စီမံကိန်းသည် သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်နိုင်သည် သို့မဟုတ် ပျက်ကွက်ရန် အန္တရာယ်ရှိသည်ဟု ယူဆလျှင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို စစ်ဆေးရန်တာဝန်ရှိသူအား ချက်ချင်းဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

- စာပိုဒ် ၁၁၇ အရ စီမံကိန်းဆိုပြုသူသည် စီမံကိန်း၏ ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့်လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများကိုလည်း စစ်ဆေးရန် တာဝန်ရှိသူကစစ်ဆေးခြင်းကို ခွင့်ပြုရမည်။

**အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ** တွင် သတ္တုတွင်းတူးဖော်နေစဉ်တွင် လိုက်နာရမည့် ယေဘုယျလမ်းညွှန်ချက် သတ်မှတ်ချတက်များကို ဖော်ပြထားသည်။

သို့သော် ဖားကန့်/လုံးခင်းရတနာနယ်မြေတွင် ကျင့်သုံးနေသော ထိုးစည်းမျဉ်းများသည် လက်လုပ်လက်စားနှင့်အသေးစားလုပ်ငန်းများအတွက် မသင့်လျော်ပဲ အကြီးစားလုပ်ငန်းများအတွက် ဖြစ်သည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို လက်လုပ်လက်စားနှင့်အသေးစားလုပ်ငန်းများမှ လိုက်နာရန်မလိုအပ်ပါ။ အောက်တွင်ဖော်ပြထားသော စီမံခန့်ခွဲမှုအစီအမံများသည် လေအရည်အသွေး၊ ရေ အရည်အသွေးနှင့်ဆူညံသံနှင့်တုန်ခါမှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဒီဇိုင်းဆွဲရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

**ဇီဝမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဥ်း၍ ပြဋ္ဌာန်းချက်များ**

**တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်-

    (က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

    (ခ) ကာကွယ်ထားသည့်သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီး ခြင်း၊

    (ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

    (ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မ ဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံပျက်ပျက်စေရန် ပြုလုပ်ခြင်း။

- ပုဒ်မ ၃၇ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်ထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း။

**သစ်တောဥပဒေ (၁၉၉၂)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆင်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတောအမျိုးအစားများ ဖွဲ့စည်းနိုင် သည်-

(က) စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော
(ခ) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော
(ဂ) ရေဝေရေလဲထိန်းသိမ်းရေးကြိုးဝိုင်းတော
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးကြိုးဝိုင်းတော
(င) အခြားကြိုးဝိုင်းတောအမျိုးအစားများ

- ပုဒ်မ ၅ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်-

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း။
(ခ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း။
(ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း။
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း။
(င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

## မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့် ငါးဖမ်းလုပ်ငန်းများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။
- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှိုမြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။
- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေး အလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)** တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများ စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

**ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။
- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။
- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

**ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ**

**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၂ အရ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ ရှိသူသည် အဆိုပါ ဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်းခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လှိုု၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၃ အရ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာ ဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန် အတွင်းတွင် -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့တည်ဆောက်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

- ပုဒ်မ ၂၂ အရ မည်သူမျှ ယာဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

## ပြည်သူများနှင့်အလုပ်သမားတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃(၁) အရ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း၊ လူအများအတွက် သောက်သုံးသောရေများကို အပြည့်ပြည့်ဆိုင်ရာ စံချိန်မှီသတ်မှတ်ခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်း၊ လူအများ နေထိုင်ရာပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန့်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊ မြို့ရွာစည်ပင် သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာ နေထိုင်အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်းကိစ္စရပ်များကို အစိုးရ မှ အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။
- ပုဒ်မ ၃(၄) အရ အစိုးရသည် ကူးစက်ရောဂါပြန့်ပွားခြင်းကို နိမ်နင်းကာကွယ်ရန် အလို့ငှာ အခါအားလျော်စွာ ဒေသအလိုက်တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေငြာခြင်း၊ကူးစက်ရောဂါကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးမည့် အစီအစဉ် ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များ သုတ်သင်ခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင် သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင်

အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာ စာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်စီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည့်အပြင် မည်သည့်အစိုးရ ဌာန၊ အစိုးရလက် အောက်ခံ အဖွဲ့အသည်းများကိုပါ တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

- ပုဒ်မ ၅ အရ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်လည်းကောင်း၊ ၄င်း အဖွဲ့ အစည်းများမှ တာဝန်ပေးအပ်ထားခြင်းခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေး အပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်လည်း ကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စများ၊ အစား အသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ် သက်သည့် ကိစ္စများ၊ ကိုယ်ပိုင် ဆေးကုဂေဟာနှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက် သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံ များ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာ များ၊ နေရာများ၊ အဆောက်အဦးများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန် ကြားခွင့်ရှိ သည်။

**ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁)** တွင် အသေးစိတ်ဖော်ပြ ထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင် ကာကွယ် နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ စနစ်တကျ အ ကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

  (၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက် ကျွေးခြင်း၊

  (၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၄) ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ် ငန်းများ ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွင် ကူးစက်ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင် ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်း များကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန် ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

(က) ကြက်ဌက်အပါအဝင် တိရစ္ဆာန်များ အစုလိုက်အပြုံလိုက် သေဆုံးခြင်း၊

(ခ) ကြွက်ကျခြင်း၊

(ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊

(ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ် နှိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

(က) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊

(ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

(ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

(ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

(င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်း တိရစ္ဆာန်ထွက် ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

(က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထား ရှိရမည်။

(ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

## အလုပ်သမားတို့၏ ရပိုင်ခွင့်များကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုဥပဒေ (၂၀၁၆)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၁ အရ ရင်းနှီးမြုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်း၌ ရင်းနှီးမြုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့် နိုင်ငံသားကိုမဆို အကြီးတန်း စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် များဆောင်ရွက်၍ အစား ထိုးခန့်ထားရမည်၊

(ဂ) ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် နိုင်ငံများသားကိုသာ ခန့်ထားရမည်၊

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များ နှင့် ဝန်ထမ်း များ ခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦး နှစ်ဖက် လက်မှတ် ရေးထိုး၍ ခန့်ထားရမည်၊

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမား တို့၏ အခွင့် အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်း ကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံ ရေးနှင့် အလုပ်သမားနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့် အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာမည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်း ရမည်။

- ပုဒ်မ ၇၃ အရ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

**အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)** တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) မှ (ဆ) တို့တွင် အနည်းဆုံးအခကြေးငွေများပေးရန် အလုပ်ရှင်၏တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

**အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)** တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၃ မှ ပုဒ်မ ၅ တို့တွင် အခကြေးငွေများ ပေးချေရာတွင် လိုက်နာရမည့် နည်းလမ်းများနှင့် အချိန်ကာလသတ်မှတ်ချက်များကို ဖော်ပြထားပါသည်။
- ပုဒ်မ ၇ မှ ပုဒ်မ ၁၀ တို့တွင် အလုပ်ရှင်များဘက်မှ အခကြေးငွေဖြတ်တောက်နိုင်ခွင့်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားပါသည်။
- ပုဒ်မ ၁၄ အရ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

**ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁)** တွင် ရုံးပိတ်ရက်များ၊ ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများဘက်မှ ခံစားခွင့်များကို ဖော်ပြထားပါသည်။

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်အပ်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ချုပ် ဆိုရမည်ဟု ဖော်ပြထားပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ပါဝင်ရ မည့် အချက်များကို ဖော်ပြထားပါသည်။
- ပုဒ်မ ၁၄ အရ အလုပ်ရှင်သည် မိမိ၏ လုပ်ငန်းတွင် ခန့်အပ်ရန် လျာထားသော အလုပ်သမားများနှင့်လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) အရ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ် ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအားပေးချေရမည့် စုစုပေါင်း လုပ်ခ၊ လစာ၏ သုညဒသမ ငါးရာခိုင်နှုန်း အောက် မနည်းသောငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်။ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်း မပြုရ။

**အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၇ အရ အလုပ်သမား အဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်းများကိုရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လည်းကောင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက် မရရှိခဲ့ လျှင် သက်ဆိုင်ရာ ဥပဒေနှင့် အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။

- ပုဒ်မ ၁၈ အရ အလုပ်ရှင်က အလုပ်သမား တစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့ အလုပ်မှ ထုတ်ပယ်သော အကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမား ဥပဒေများနှင့် ညီညွတ်မှုမရှိ ဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

- ပုဒ်မ ၁၉ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမား ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

- ပုဒ်မ ၂၀ အရ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့ အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

- ပုဒ်မ ၂၁ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့် အညီ အလုပ်သမား များ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

- ပုဒ်မ ၂၂ အရ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက် ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်က ချမှတ် ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက် များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရမည်။

**အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၈ အရ မည်သည့်အလုပ်ရှင်မျှ တောင်းဆို တိုင်းကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ် ကာလ အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိ စေရ။

- ပုဒ်မ ၃၉ အရ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေး နေစဉ် ထိုအငြင်းပွားမှု မစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ် တရက် ပြောင်းလဲခြင်း မပြုရ။

- ပုဒ်မ ၄၀ အရ မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေရှင်းနှင့် ခုံစမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ် မှောက်ခြင်း မပြုရ။

- ပုဒ်မ ၅၁ အရ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်း စေ ရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေ ကဲ့သို့အရ ကောက်ခံရမည်။

**လူမှုဖူလုံရေးဥပဒေ (၂၀၁၂)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီး ဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့်အထက်

အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ အတွက် မှတ်ပုံတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထားပါသည်။
- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏ လုပ်ခထဲမှ နုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။
- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက် များနှင့်အညီ ထည့်ဝင်၍ အာမခံထား ရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ စနစ်အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း မရှိသော အလုပ်သမား များအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက်မှတ်ပုံတင်ပြီး အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည်ဆေးသက်သေခံ လက်မှတ်ကို တင်ပြရမည်။
- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွေးထားသော လုပ်ငန်းဌာများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင် ခြင်းမရှိစေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက် မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။
- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာများ၏ အလုပ်ရှင်သည် -

(က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

(၂) အလုပ်သမားအသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်မှရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်း မှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့ အပြောင်းအလဲမှတ်တမ်းများ။

(ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်-

(၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့်လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်းများ၊

(၂) အလုပ်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

**အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃)** တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရထားသော အလုပ်သမားများအား လျော်ကြေးပေးခြင်းနှင့် ကုသပေးခြင်းတို့နှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

**လျှပ်စစ်ဥပဒေ (၂၀၁၄)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၉ အရ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အန္တရာယ်ရှိသော ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

  (က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေး ငွေများကို သတ်မှတ်ခြင်း၊

  (ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

  (ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့် ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲ ဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

  (င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပ ဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

- ပုဒ်မ ၁၀ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်။

  (က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွင် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ယူခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) ပါလိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမိန့်အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(င) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

- ပုဒ်မ ၁၁ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး ပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်းပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့် သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။
- ပုဒ်မ ၃၁ အရ လိုင်စင်ရရှိသူ မည်သူမျှ -

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက် တစ်ခုခုပါ မြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဘေးအန္တရာယ်ရှိသော ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုတ်ပိုးထည့်သွင်းပစ္စည်းနှင့် သယ်ယူပို့ဆောင်သည့်ယာဉ်နှင့် ပိုက်လိုင်းများတွင် ဘေးအန္တရာယ် အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်း မပြုရ၊

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါးတင် သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့် မရှိစေရ၊

(င)　စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှုနက်ကန်မှုမရှိသော ရေနံနှင့်ရေနံထွက် ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

## ကုန်လမ်းပို့ဆောင်ရေးနှင့် မော်တော်ယာဉ်များကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**မော်တော်ယာဉ် ဥပဒေ (၂၀၁၅)** အရ မော်တော်ယာဉ်များအား မှတ်ပုံတင်ရန် လိုအပ်ပြီး သတ်မှတ်ထားသော ယာဉ်အမျိုးအစားပေါ်မူတည်ပြီး ယာဉ်မောင်းများမှ လိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။ ဤဥပဒေ၏ ရည်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က)　မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ)　မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ)　လမ်းအသုံးပြုသူများသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်စောင့်ရှောက်ရန်၊

(ဃ)　ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င)　မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

## သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃)** တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၀ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်း ပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက် ထားရမည်။

- ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်

မပြုပါက ဘွဲ့ရနည်း ပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက် မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၂ အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေး ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

- ပုဒ်မ ၂၃ အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင် လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၆ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေး ခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင် ၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက် များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စားအလုပ်အမှု ဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့်အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။ အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ

အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့်အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသောအချိန်ကာလနှင့်အခြားစည်းကမ်းများသတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးနိုင်သည်။

- ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

  (က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

  (ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

  (ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

  (ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊

  (င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့် ရှိသည်၊

  (စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

## ၅-၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန်အတွက် လိုက်နာရမည့်အချက်များ။

ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အခွင့်အာဏာပေး စည်းကမ်းထိန်းသိမ်းပါသည်။ ဒုတိယအကြိမ်ပြင်ဆင်ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၂၀၁၆) သည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်သော ပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာ သက်ရောက်ထိခိုက်မှုများကိုစီမံခန့်ခွဲဆောင်ရွက်ရန် သတ်မှတ်ပေးထားပါသည်။

စာပိုဒ် ၃ (စ) တွင် ဥပဒေ၏ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ "*ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရ*" ဖြစ်ပါသည်။

စာပိုဒ် ၁၆ (စ) တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည်

" *အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊*

*အမိန့်နှင့် ညွှန်ကြားချက်များ ကိုလိုက်နာဆောင်ရွက်ရမည်*"ဟုပါရှိသည်။ စာပိုဒ် ၁၆ (စ)၊ (၅) တွင်

"*ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများထိခိုက်ပျက်စီးမှုမရှိစေရန်စီမံဆောင်ရွက်ရမည်* "ဟုဖော်ပြပါရှိပါသည်။

စာပိုဒ် ၄၆ (က) တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူသည် -

"*ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထား ဆောင်ရွက်ရမည်* "ဟုပါရှိသောကြောင့်လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

ပိုဒ်မ (၅၄) သည် သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများအပေါ်တွင် လိုအပ်သလို လုပ်ပိုင်ခွင့်များကို ပြဌာန်းထားပါသည်။ ပုဒ်မ(၅၄)တွင် ပြဌာန်းချက်များမှာ -

*၅၄။ ဤဥပဒေပါ ပြဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -*

*(က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။*

*(ခ) သတ္တုတွင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။*

*(ဂ) သတ္တုတွင်းဝန်ကြီးဌာနနှင့်မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့်ညွှန်ကြားချက်များကို သတ္တုတွင်းဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။*

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် စီမံကိန်းများနှင့် ၄င်းတို့၏ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်းများအတွက် ပတ်ဝန်းကျင်နှင့်လူမှုဘဝထိခိုက်မှုဆန်းစစ်မှုများပြုလုပ်ရန် သတ်မှတ်ထားပါသည်။

နောက်ဆက်တွဲ (၁) တွင် ပတ်ဝန်းကျင်နှင့်လူမှုဘဝထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့်ထိခိုက်မှုဆန်းစစ်ခြင်းအမျိုးအစားနှင့် မည်သည့်ပတ်ဝန်ကျင်၊လူမှုရေးထိခိုက်မှုများအတွက် ဆောင်ရွက်ရမည်ကို စာရင်းပြုစုထားပါသည်။ အမှတ်စဉ် (၁၃၆) တွင် တန်ဖိုးရှိသော ကျောက်မျက်ရတနာ လုပ်ကွက် ဧရိယာ၂၀ ဟက်တာ(20 ha) ထက်ငယ်ပြီး ၁နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀၀၀၀ အောက် ထုတ်လုပ်သော လုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ပြုလုပ်ရန်လိုအပ်သည်ဟု ဖော်ပြထားပါသည်။ သို့သော် ဧရိယာ၂၀ ဟက်တာ(20 ha) နှင့်ညီမျှသော သို့မဟုတ် ထက်ကျယ်သောလုပ်ငန်းများ၊ ၁နှစ်လျှင် ထုတ်လုပ်မှုတန်ချိန် ၅၀၀၀၀ နှင့်အထက် ထုတ်လုပ်သော လုပ်ငန်းများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ဆောင် ရမည်ဟု သတ်မှတ်ထားပါသည်။

လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်သည့်လုပ်ငန်းစဉ်များသည် IEE သို့မဟုတ် EIA ပြင်ဆင်ရန် လိုအပ်သည့် အခြေအနေတွင် မရှိနိုင်ပါ။

သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ စတင်ပြဋ္ဌာန်းမှုမပြုမီကပင် စတင်နှင့်ခဲ့ပြီးဖြစ်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA) စာပိုဒ် (၈) တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပြင်ဆင်ရန်နှင့်ပတ်ဝန်းကျင်နှင့်လူမှုရေးရာဆန်းစစ်ချက်မှသတင်းအချက်အလက်ရယူရန် လိုအပ်သည်ဟု ဖော်ပြထားပါသည်။ ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)သည် ဇုန်တစ်ခု တည်းအတွက်သာပြင်ဆင်ထားခြင်းဖြစ်ပြီး ယင်းဇုန်အတွင်းရှိ လက်လုပ်လက်စားနှင့်အသေးစားလုပ်ငန်းအားလုံးအတွက်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့်သတ္တုတွင်းဦးစီးဌာနသည် သတ္တုတွင်းဝန်ကြီးဌာန ၏ ခွင့်ပြုမိန့်ဖြင့် အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ခွင့်ရှိသည်။ ပတ်ဝန်းကျင်နှင့်လူမှုဘဝအခြေအနေများ တိုးတက်မှုရှိစေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သတိပေးလမ်းညွှန်ချက်များနှင့်ညွှန်ကြားစာ အသီးသီးကို ဖားကန့်/လုံးခင်းရတနာနယ်မြေအတွင်းရှိ ကုမ္ပဏီများသို့ ထုတ်ပြန်ပေးထားပြီဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် သတ္တုတွင်းဦးစီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို လက်ရှိလည်ပတ်နေသော တွင်းများ (သို့မဟုတ်) ကျောက်စိမ်းတွင်းအသစ်များသို့ အမိန့်နှင့်လမ်းညွှန်ချက်များပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ပေးနိုင်ရန် လိုအပ်ပါသည်။ (ပုံ- ၅.၁) တွင် လုပ်ငန်းအကောင်အထည်ဖော်ပေးနိုင်မည့် နည်းလမ်း (၃)မျိုးကို ဖော်ပြထားပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ မာတိကာတွင်ပါဝင်သောအချက်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA) စာအုပ်၏ စာပိုဒ်(၆၃)တွင် ဖော်ပြထားသည့်အတိုင်း ထည့်သွင်းထားပါသည်။ သတ္တုတွင်းဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ လမ်းညွှန်ချက်များကို သတ္တုတွင်းကဏ္ဍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ ညွှန်ကြားချက်မှတ်စုတွင် မှတ်သားထားရန် လိုအပ်သည်။

## အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၁၉၉၅) ၏ ပုဒ်မ (၅၄-ခ) အရသော်လည်းကောင်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) ၏ ပုဒ်မ (၅၄-ဂ) အရ ဖားကန့်/လုံးခင်းရတနာနယ်မြေအတွင် ကျောက်စိမ်းတူးဖော်မှုများအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်သူများအတွက် သင့်လျော်သော အမိန့်ကြော်ငြာစာများမှာ -

- အမိန့်ကြော်ငြာစာအမှတ် - ၁၂၁/၉၉၊ အောက်တိုဘာလ (၄) ရက်၊ ၁၉၉၉
- စာအမှတ် - ခ-၃၇/၂၉၅/၂၀၁၇၊ ဒီဇင်ဘာလ (၂၉) ရက်၊ ၂၀၁၇။
- စာအမှတ် - ခ -၃၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီလ (၂၆) ရက်၊ ၂၀၁၆။
- စာအမှတ် - ခ - ၃၇/၃၈၃/၂၀၁၆ ၊ မေလ (၂၃) ရက်၊ ၂၀၁၆။

ယခု အမိန့်ကြော်ငြာစာများကို EMP ၏ နောက်ဆက်တွဲတွင် ထည့်သွင်းထားပါသည်။

## ၅-၃ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ ရည်ရွယ်ချက်များ

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ ရည်ရွယ်ချက်များမှာ-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းအခြေခံဥပဒေတွင်ပြဌာန်းထားသည့် အတိုင်း မြန်မာနိုင်ငံသားများ၏ မျှော်မှန်းချက်များနှင့် ရည်မှန်းချက်များအား ဖြည့်ဆည်းအကောင်အထည် ဖော်ဆောင်ရန်။
- လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် လက်လုပ်လက်စားနှင့်အသေးစား ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဘဝများအပေါ် ထိခိုက်သက်ရောက်မှုများအတွက် ရှေ့နောက်ညီညွတ်သော စီမံခန့်ခွဲမှုချမှတ် နိုင်ရန်။

- လက်လုပ်လက်စားနှင့်အသေးစားကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေး လုပ်ဆောင်ချက်အခြေအနေကို သတ်မှတ်ပေးနိုင်သည့် အစီအမံများ ချမှတ်ပေးနိုင်ရန်။

ဇယား

## ၅-၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန် လိုက်နာရမည့် စည်းမျဉ်းမူဘောင်




VALENTIS
coffey A TETRA TECH COMPANY

Date: 04.10.2018
Project: 754-DRWEN00015AA
File Name: 00015_EMP01_F05.01_GRA

MGJEA

Hpakant/Lonkin Gems Tract EMP

Legislative framework for implementation of EMP

Figure No: 5.1

AI Reference: 00015AA_EMP01_GRA007.ai_2

This page has been left intentionally blank

## ၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေ

ဖားကန့်/လုံးခင်းဒေသအတွင်း ကျောက်စိမ်းတူးဖော်ခြင်းကို ၁၈၀၀ ခုနှစ် ဝန်းကျင်မှ စတင်ကာ မြန်မာဘုရင်များနှင့်ထိုဒေသ၏ ဒူးဝါး (Duwas/လူမျိုးခေါင်းဆောင်) များ အုပ်ချုပ်စီမံမှုများဖြင့် တူးဖော်ခဲ့ကြသည်။ ကျောက်စိမ်းကို အဓိကအားဖြင့် တရုတ်ပြည်သို့ရောင်းချပါသည်။ တရုတ်နိုင်ငံသည် ၁၉၀၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသောကြောင့် ကျောက်စိမ်းလုပ်ငန်းကို မြန်ဆန်ကျယ် ပြန့်သွားစေခဲ့ပါသည်။ အစဦးအလာရ ကျောက်စိမ်းတူးဖော်ခြင်းကို ဟင်းလင်းဖွင့်တူးဖော်ခြင်းစနစ်ကိုသာ သုံးခဲ့သော်လည်း ၁၉၉၀ နှစ်များတွင် အချို့ကျောက်စိမ်းကုမ္ပဏီများသည် မြေအောက်လိုဏ်ခေါင်းတူးဖော်ခြင်းစနစ်ကိုအသုံးပြုခဲ့ကြသည်။ (TANKS, ၂၀၁၆)။ တူးဖော်ပြီးသော သတ္တုတွင်းများကို ပိတ်သိမ်းခြင်း သို့မဟုတ် ပြန်လည်တည်ထောင်ခြင်းများ မပြုလုပ်ပဲ စွန့်ပစ်ထားခြင်း သို့မဟုတ် မြေစာပုံများအဖြစ် အသုံးပြုနေပါသည် (TANKS ၂၀၁၆)။ ဤနေရာတွင် ဆယ်စုနှစ်များစွာ သတ္တုတွင်းတူးဖော်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ပတ်ဝန်းကျင်အခြေအနေပျက်စီးမှုများရှိနေပြီးဖြစ်ပါသည်။

### ၆.၁ မြေမျက်နှာသွင်ပြင်နှင့် တည်နေရာ

ဖားကန့်/လုံးခင်းရတနာနယ်မြေသည် မြန်မာနိုင်ငံမြောက်ပိုင်း မန္တလေးမြို့နှင့် ကီလိုမီတာ ၃၅၀ ခန့်အကွာ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်တွင် တည်ရှိပါသည်။ ဇုန် (၁) ၏တည်နေရာ ပထဝီအနေအထား ကိုဩဒိနိတ် (လောင်ဂျီတွဒ်နှင့်လတ္တီတွဒ်) များကို အောက်ပါ ဇယား (၆-၁) တွင်ဖော်ပြထားပါသည်။

ဇယား (၆-၁)။ ဇုန် (၁) တည်နေရာပြ ကိုဩဒိနိတ်များ

| အမှတ်စဉ် | လောင်ဂျီတွဒ် (DMS) | လတ္တီတွဒ်(DMS) | လောင်ဂျီတွဒ် (DM) | လတ္တီတွဒ် (DM) |
|---|---|---|---|---|
| ၁။ | 96° 21' 56.56" E | 25° 40' 26.85" N | 96° 21.943' E | 25° 40.448' N |
| ၂။ | 96° 15' 13.35" E | 25° 40' 19.00" N | 96° 15.223' E | 25° 40.317' N |
| ၃။ | 96° 15' 13.48" E | 25° 42' 28.62" N | 96° 15.225' E | 25° 42.477' N |
| ၄။ | 96° 17' 54.11" E | 25° 44' 42.23" N | 96° 17.902' E | 25° 44.704' N |
| ၅။ | 96° 21' 35.89" E | 25° 44' 47.11" N | 96° 21.598' E | 25° 44.785' N |
| ၆။ | 96° 22' 17.23" E | 25° 43' 12.11" N | 96° 22.287' E | 25° 43.202' N |

DMS – degrees, minutes and seconds; DM – degrees and decimal minutes

ဇုန် (၁) သည် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ မြောက်ပိုင်းတွင်တည်ရှိပြီး ဉရုချောင်း၏အနောက်ဘက်ရှိ ဇုန်များတွင် အကြီးဆုံး ဇုန်ဖြစ်ပါသည်။ ဉရုချောင်းသည် ချင်းတွင်းမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်ပြီး ရောဝတီမြစ်မှတဆင့် အန်ဒမန် ပင်လယ်ထဲသို့ စီးဝင်သွားပါသည်။ မှတ်စောက်သော တောင်စောင်းများနှင့် ကျဉ်းမြောင်းသော လျှိုမြောင်များသည် ဉရုချောင်းမှ ရေဝေရေလဲ မြစ်ဝှမ်းများဆီသို့ ဖြန့်လျက်ရှိသည်။ မြေမျက်နှာပြင် အနိမ့်အမြင့်သည် ဉရုချောင်းမှ ၂၃၀ မီတာ မြစ်ဝှမ်းများဆီအထိ ၇၆၀ မီတာ အဆင့်ဆင့်ရှိပါသည်။ ဤဇုန်အတွင်းတွင် ဉရုချောင်းသည် ကျောက်စိမ်းတူးဖော်မှုကြောင့်ပျက်စီးသွားသော ချောင်းလက်တက်များမှ ဖြတ်သန်းစီးဆင်းပါသည်။

ဤဇုန်သည် အခြားဇုန်များနှင့် နှိုင်းယှဉ်လျှင် ကျောက်စိမ်းထုတ်လုပ်မှုများ ပိုမိုလုပ်ဆောင်သည်ကို တွေ့ရပါသည်။ ဆယ်စုနှစ်များစွာ တူးဖော်မှုများကြောင့် နေရာအတော်များများသည် တူးဖော်ပြီးစီးသွားပြီ ဖြစ်ပြီး အထူးသဖြင့် ဇုန် ၂ နှင့် ဆက်လျက်ရှိသော တောင်ဘက်ပိုင်းသည် ငှင်းလုပ်ငန်းစဉ်များကြောင့် ပိုမိုပျက်စီးမှုများရှိနေသည်ကို တွေ့ရသည်။

အကြီးစားတူးဖော်မှုများကြောင့် မီတာ ၂၅၀ ခန့် နက်သော တွင်းကြီးများဖြစ်လာပါသည်။ အချို့သောတွင်းနံရံများသည် မှတ်စောက်ပြီး ရေများဖြင့် ပြည့်ကာ သတ္တုတွင်း ရေကန်ကြီးများဖြစ်နေပါသည်။ မြေစာပုံများသည် မြေနေရာအတော်များများကို ဖုံးအုပ်ထားပါသည်။ အခြေချနေထိုင်မှုများနှင့်ရွာများသည် မြေစာပုံများအပါအဝင် သတ္တုတူးဖော်ခြင်းအတွက် မလိုအပ်တော့သည် နေရာများတွင် နေရာယူထားသည်ကို တွေ့ရသည်။ ဤဇုန်၏ မြောက်ဘက်နှင့် အနောက်ဘက်နေရာများသည် တူးဖော်ခြင်းမရှိသောကြောင့် ထိခိုက်ပျက်စီးမှုများမရှိပါ။ ဉရုချောင်း၏ အရှေ့ဘက်တွင် တူးဖော်မှုများမရှိပါ။ မြောက်နှင့်အနောက်ပိုင်းသည် ထိခိုက်မှုများမရှိသောကြောင့် ပျက်စီးမှုများမရှိ၍ မှတ်စောက်သောတောင်များနှင့် သစ်တောဖုံးလွှမ်းမှု အနည်းငယ်ရှိပါသည်။

## ၆-၂။ ဒေသဆိုင်ရာ ဘူမိဗေဒ

မြန်မာနိုင်ငံသည် Burma Microplate နှင့်၎င်း၏အရှေ့ဖက်တွင်ရှိသော Shan-Thai Block တွင် တစ်စိတ်တစ်ဒေသပါဝင်နေပြီး အနောက်ဖက် Indian Plateနှင့် ထိစပ်နေပါသည်။ ၎င်းမြေထုချပ်ကြီးများ၏ မြေထုလုပ်ရှားမှုသွင်ပြင်လက္ခဏာကို Sunda Megathrust ဟုခေါ်သောမြေထုချပ်ကြီးနှစ်ခု ထိပ်တိုက်တိုက်မိရာမှဖြစ်ပေါ်လာသော မတ်စောက်တောင်တန်းကြီးများအသွင်အဖြစ်တွေ့ရပါသည်။ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်လားရာအတိုင်း မြန်မာမြေထုချပ်အောက်သို့ တစ်နှစ်လျှင်ပျမ်းမျှ ၄၀ မှ ၆၀ မီလီမီတာ ခန့်စိုက်ဝင်ရွေ့ရှားနေပါသည်။ မြောက်ဘက်သို့ရွေ့ရှားနေသောအိန္ဒိယမြေထုချပ်သည် အလယ်ပိုင်းအန်ဒမန်ဇုန် (Andaman Zone) အား တွန်းအားသက်ရောက်နေပြီး အန်ဒမန်ဇုန်ကို တစ်နှစ်လျှင်ပျမ်းမျှ ၂၅ မှ ၃၀ မီလီမီတာ ခန့်နှုန်းဖြင့်ကွဲထွက်စေပါသည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အဓိကမြေထုချပ် လုပ်ရှားပြောင်းလဲမှုသွင်ပြင်ဖြစ်ပြီး အချို့သောသက်ရောက်မှုများသည် အလယ်ပိုင်း အန်ဒမန်ဇုန် (Andaman Zone) ဒေသကိုတွန်းအားပေး ပွင့်ထွက်မှုများ ဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံအတွင်းရှိအဓိကဘူမိရုပ်သွင် ရပ်ဂန်းလေးခုသည်အရေးပါသော မြေလွှာပြတ်ရွေ့နှစ်ခုကြားတွင် တောင်မြောက်သွယ်တန်းလျက်ရှိပါသည်။ ၎င်းတို့မှာ အရှေ့မှအနောက်သို့ ရှမ်း-တနင်္သာရီရုပ်ဂန်းဒေသ၊ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသ၊ အနောက်ဘက် တွန့်ခေါက်တောင်တန်းဒေသနှင့် ရခိုင်ကမ်းမြောင်ဒေသ တို့ဖြစ်ပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင်တည်ရှိပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ အထွေထွေဘူမိဗေဒ သွင်ပြင်လက္ခဏာများမှာ **(ပုံပြဇယား ၆-၁)** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

- မတ်စောက်တောင်ကုန်းတောင်တန်းများနှင့်ဆင်ခြေလျောများတွင်တွေ့ရသော Serpentinesed Peridotites ကျောက်များ။
- အနိမ့်ပိုင်းဆင်ခြေလျောများတွင်တွေ့ရသော Crystalline Schist ကျောက်များ။
- အနိမ့်ပိုင်းဆင်ခြေလျောနှင့်အရှေ့ဘက်သို့ဆက်လက်တည်ရှိနေသောချိုင့်ဝှမ်းများတွင်တွေ့ရသည့် စရစ်ဖြုန်း ကျောက်လွှာများ။
- တတိယယုဂ် (Tertiary) သက်တမ်းရှိအနည်ကျကျောက်များ၊ စတုတ္ထယုဂ် (Quaternary) သက်တမ်းရှိတွဲဆက်မှုမကောင်းသောကျောက်များနှင့်အရှေ့ဘက်ချိုင့်ဝှမ်းအတွင်းတွေ့ရှိရသော သက်နုန်းမြေများ။

ဤဖုန်တွင်ယေဘုယျအားဖြင့် Quaternary သက်တမ်းရှိတွဲဆက်မှုမကောင်းသောကျောက်လွှာများသည် ဥရုစရစ်ဖြုန်းကျောက်လွှာအပေါ်တွင် ဖုံးအုပ်တည်ရှိနေပါသည်။ ဥရုစရစ်ဖြုန်းကျောက်လွှာအောက်တွင် တွေ့ရှိသည့် အောက်ခံကျောက်များသည် အချို့နေရာများတွင် မြေပြင်ပေါ်သို့ ပေါ်ထွက်လျက်ရှိပါသည်။

မူလကျောက်စိမ်းသိုက်များ(Primary Jadeite)ကိုဘော့စ်လွန်မီးသင့်ကျောက် (Ultrabasic) များနှင့် တွဲဖက်၍ လွှာဖြတ်တိုး (Dyke) အတွင်းတွေ့ရှိရပြီး၊ Pleistoncene သက်တမ်းရှိ ဥရုစရစ်ဖြုန်းကျောက်များတွင် ကျောက်စိမ်းကို ကြွင်းစုသိုက်အဖြစ် တွေ့ရှိရပါသည်။ မူလကျောက်စိမ်းသိုက်အား ရာသီဥတုချေမွတိုက်စားခြင်းကြောင့် ရွေ့ရှားတည်ရှိနေသော ကျောက်စိမ်း (Secondary Jadeite) များကို ဥရုစရစ်ဖြုန်းကျောက်လွှာနှင့် နုန်းမြေသိုက်များတွင် တွေ့ရှိရပါသည်။ ယင်းကျောက်စိမ်းများသည် ကျောက်လုံးကြီးများ၊ လုံးချောသောကျောက်စိမ်းများနှင့် လုံးချောမှု အားကောင်းသောကျောက်စိမ်းတုံးများအနေဖြင့် လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း အဓိကကျောက်စိမ်း ထုတ်ထုပ်မှုနေရာအဖြစ်တွေ့ရပါသည်။ အကြီးစားနှင့်အလတ်စား ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ဥရုစရစ်ဖြုန်းကျောက်များအတွင်း ပိုမိုနက်ရှိုင်းသော ကျောက်စိမ်းသိုက်များအဖြစ် အဓိကထားတူးဖော်ကြပြီး အသေးစားနှင့်လက်လုပ်လက်စားတူးဖော်သူများမှာ ကျောက်စိမ်းပါဝင်သော နုန်းမြေသိုက်များကို တူးဖော်ကြပါသည်။ လွှာဖြတ်တိုး(Dyke)နှင့် ဥရုစရစ်ဖြုန်းကျောက်လွှာတို့တွင် တွေ့ရသော ကျောက်စိမ်းဖြစ်တည်မှုကို ဖြတ်ပိုင်းပုံ (ပုံပြဇယား ၆-၂) တွင်ဖော်ပြထားပါသည်။

## ၆-၃ ရာသီဥတု၊ လေအရည်အသွေးနှင့် ဆူညံသံ

ဤဒေသသည် နွေးသမပိုင်းရာသီဥတုဖြစ်ပြီး အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသနှင့်ကပ်လျက်ရှိသည်။ ခြောက်သွေ့ရာသီ (ပွင့်လင်းရာသီ) သည် နိုဝင်ဘာလမှ ဧပြီလအထိဖြစ်ပြီး စိုစွတ်ရာသီသည် မေလမှ အောက်တိုဘာလ အထိဖြစ်ပါသည်။ အပူချိန်မှာ တစ်နှစ်ပတ်လုံးပူပြီး ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် အပူချိန်လျော့နည်းပါသည်။

မြစ်ကြီးနားမြို့သည် ဖားကန့်မှ ၁၂၀ ကီလိုမီတာအကွာ အရှေ့ဖက်တွင် တည်ရှိပြီး ၎င်း၏မိုးလေဝသအချက်အလက်များကို **ဇယား ၆-၂** တွင် ဖော်ပြထားပါသည်။ ဒေသန္တရအခြေအနေများသည် ယေဘု ယျအလားအလာအားဖြင့် တူညီမှုရှိပါသည်။ အမြင့်ဆုံးအပူချိန်သည် မတ်လနှင့် အောက်တိုဘာလအကြား တွင်ရှိပြီး ပျမ်းမျှအပူချိန်မှာ ၃၀ ဒီဂရီဆယ်လ်ဆီးရက်စ်ဖြစ်ပါသည်။ အေးမြသော နိုဝင်ဘာနှင့် မတ်လကြားတွင် အနိမ့်ဆုံးအပူချိန်သည် ၁၀ ဒီဂရီမှ ၁၆ ဒီဂရီ ကြားတွင်ရှိပါသည်။ စိုစွတ်ရာသီတွင် မိုးရေချိန် ၉၀% အထက်ရှိပြီး ဇွန်လနှင့် ဇူလိုင်လများတွင် မိုးရေချိန် အမြင့်ဆုံးဖြစ်သည်။

လေအရည်အသွေးသည် အများသောအားဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများအပေါ်မူတည်နေပါသည်။ ယာဉ်များသွားလာခြင်း၊ လွန်တူးခြင်းနှင့်ဖောက်ခွဲခြင်း တူးဖော်ခြင်းနှင့် မြေစာပုံများစွန့်ပစ်ခြင်းများကြောင့် ထွက်လာသောဖုန်မှုတစ်ဆင့် လေအရည်အသွေးကို ထိခိုက်စေပါသည်။ ၎င်းလေအရည်အသွေးသည် ဖုန်ဖြစ်ပေါ်စေသော ခြောက်သွေ့ရာသီ ပူပြင်းသည့်အချိန် အပေါ်ယံမြေလွှာများကို တူးဖော်ခြင်းနှင့်၎င်းကို သယ်ယူပို့ဆောင်သည့်လမ်းများမှ ဖြစ်ပေါ်စေပါသည်။ ဖုန်မထစေရန် ရေကို အသုံးပြုပြီး ဖုန်သိပ်စေပါသည်။

ဆူညံသံနှင့် တုန်ခါမှုများသည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ အများအားဖြင့် ဖြစ်ပေါ်စေပါသည်။ အဓိက ဆူညံသံဖြစ်ပေါ်သော ရင်းမြစ်များမှာ သတ္တုတွင်းသုံး ယန္တရားများများ (မြေတူးစက်နှင့်လွန်တူးစက်များ) မြေသယ်ယာဉ်များနှင့် မိုင်းခွဲခြင်းများဖြစ်ပါသည်။ မိုင်းခွဲခြင်းကို တစ်ရက်လျှင် ၃ ကြိမ် ခွင့်ပြုထားပါသည်။ (၇း၀၀၊ ၁၁း၀၀၊ နှင့် ၄း၀၀ နာရီတို့ဖြစ်ပါသည်)။ သို့သော် ဖောက်ခွဲသံများကြားပြီး သတ်မှတ်ထားသောအချိန် ပြင်ပဖြစ်ပါက သတင်းပို့အကြောင်းကြားရမည်။ လက်ရှိတွင် သတ္တုတွင်းလုပ်ကိုင်သူများမှ သီးခြားသတ်မှတ်ထားသော ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှုများကို လိုက်နာလုပ်ဆောင်ခြင်းများ မရှိပါ။

ဇယား ၆-၂။ မိုးလေဝသဆိုင်ရာ အချက်အလက်များ (မြစ်ကြီးနား)

| လ | ဇန္နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | နှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အမြင့်ဆုံးအပူချိန် | ၃၂ | ၃၆.၁ | ၄၁.၃ | ၄၂.၂ | ၄၂.၅ | ၄၀.၅ | ၃၉.၅ | ၃၉.၆ | ၃၈ | ၃၆.၃ | ၃၄.၇ | ၂၉.၈ | ၄၂.၅ |
| ပျမ်းမျှအမြင့်ဆုံးအပူချိန် | ၂၄.၂ | ၂၆.၇ | ၃၀ | ၃၃.၃ | ၃၂.၇ | ၃၀.၆ | ၃၀ | ၃၀.၆ | ၃၁.၂ | ၃၀.၃ | ၂၇.၄ | ၂၄.၆ | ၂၉.၃ |
| ပျမ်းမျှအနိမ့်ဆုံးအပူချိန် | ၁၀.၃ | ၁၂.၇ | ၁၆.၄ | ၁၉.၅ | ၂၂.၃ | ၂၄.၁ | ၂၄.၂ | ၂၄.၃ | ၂၃.၄ | ၂၁.၁ | ၁၆ | ၁၁.၆ | ၁၈.၈ |
| အနိမ့်ဆုံးအပူချိန် | −၀.၁ | ၃.၄ | ၄.၈ | ၉.၉ | ၁၂.၅ | ၁၆.၄ | ၁၈.၅ | ၁၉ | ၁၅.၆ | ၉.၄ | ၅.၃ | ၂.၁ | −၀.၁ |
| ပျမ်းမျှ မိုးရေချိန် (မီလီမီ တာ) | ၈ | ၁၈ | ၂၆ | ၄၆ | ၁၅၉ | ၅၃၅ | ၅၁၃ | ၄၁၁ | ၂၈၅ | ၁၅၈ | ၂၈ | ၉ | ၂၁၉၆ |

ပုံ ၆.၁။  ဖားကန့်/လုံးခင်း ရတနာနယ်မြေ၏ ဘူမိဗေဒ အနေအထား

(a)

(b)




| | | | |
|---|---|---|---|
| VALENTIS / coffey A TETRA TECH COMPANY | Date: 04.10.2018<br>Project: 754-DRWEN00015AA<br>File Name: 00015_EMP01_F06.01_GRA | MGJEA<br>Hpakant/Lonkin Gems Tract EMP | Geology of Hpakant/Lonkin Gems Tract |

Figure No: 6.1

AI Reference: 00015AA_EMP01_GRA008.ai_2

ပုံ ၆.၂ ။ ဥရုစရစ်ဖြုန်းကျောက်လွှာတွင်း ကျောက်စိမ်းဖြစ်တည်မှု




AI Reference: 00015AA_EMP01_GRA009.ai_3

| | | | |
|---|---|---|---|
| VALENTIS / coffey A TETRA TECH COMPANY | Date: 04.10.2018<br>Project: 754-DRWEN00015AA<br>File Name: 00015_EMP01_F06.02_GRA | MGJEA<br>Hpakant/Lonkin Gems Tract EMP | Occurrence of jadeite in Uru Boulder Conglomerate |

Figure No: 6.2

## ၆-၄။ ရေ

ဖားကန့်/လုံးခင်းရတနာနယ်မြေသည်ချင်းတွင်းမြစ်ဂှမ်းဒေသတွင်တည်ရှိပြီး စတုရန်းကီလိုမီတာ ၁၁၀,၃၅၀ ကျော် ကျယ်ဝန်းသည်။ ထိုမြစ်ဂှမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအားဖြင့် မီတာ ၃၈၀၀ အမြင့်ရှိ ကချင်ကုန်းမြေမြင့်တွင် မြစ်ဖျားခံပြီး ကီလိုမီတာ ၉၀၀ အကွာအဝေး၊ ပင်လယ်ရေမျက်နှာပြင် အထက် မီတာ ၆၀ အမြင့်တွင် ဧရာဝတီမြစ်နှင့် ပေါင်းဆုံသွားသည်။ မြစ်ဂှမ်းဒေသ၏ ၉၀ရာခိုင်နှုန်းသည် သစ်တောထူထပ်ရာဒေသဖြစ်သည်။

ဥရုချောင်းသည် ဖားကန့်/လုံးခင်းရတနာနယ်မြေကို နှစ်ပိုင်းပိုင်းဖြတ်ထားသည်။ ဥရုချောင်းသည် ချင်းတွင်း မြစ်၏ အဓိကမြစ်လက်တက်ဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ဖြစ်သော ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ ဟူးကောင်းချိုင့်ဂှမ်းဒေသသည် ဥရုချောင်း၏မြစ်ဖျားခံရာအစဖြစ်သည်။ ထိုနေရာမှ တဆင့် ဥရုချောင်းသည် အနောက်တောင်လားရာအတိုင်းစီးဆင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းအနီးရှိ ချင်းတွင်းမြစ်နှင့်ပေါင်းဆုံသည်။ ဖားကန့်/ လုံးခင်းရတနာနယ်မြေသည် ချင်းတွင်းမြစ်၏ မြစ်ဖျားတွင်ရှိသည်။

ဇုန် (၁) သည် ချင်းတွင်းမြစ်နှင့်ဧရာဝတီမြစ်၏ ရေဝေရေလဲနေရာတွင် တည်ရှိပြီး ၎င်းချိုင့်ဂှမ်းအမျိုးမျိုးကို ဖြတ်၍ ဖြစ်ပေါ်လာသော ဥရုချောင်းအတွင်းသို့မြောက်အရပ်နှင့်တောင်အရပ်ရှိ ကုန်းစောင်းများမှစီး ဆင်း သည်။ ရေလမ်းကြောင်းအကြီးဆုံးဖြစ်သော ဥရုချောင်းသည် ဇုန်(၁)၏ အရှေ့ဘက်နယ်နိမိတ်မှ မီတာ ၁၀၀ မှ ၇၀၀ အကွာအဝေးတွင် မြောက်မှတောင်သို့လမ်းကြောင်းအတိုင်းစီးဆင်းသည်။ (ပုံ-၆-၃) ပို၍သေးငယ် သော ချောင်းလက်တက်နှစ်ခုလည်း ဤဇုန်ကိုဖြတ်၍စီးဆင်းသည်။ ဆန်ခါချောင်းနှင့် နမ့်ဆမ်ချောင်း (the Sankha Chaung and Nam Sam Stream) သည် အရှေ့မှအနောက်သို့စီးဆင်းသည်။ ထိုရေလမ်း ကြောင်းနှစ်ခုလုံးသည် ဥရုချောင်းသို့မရောက်မီ သတ္တုတူးဖော်ရေးလုပ်ကွက်သို့ဖြတ်သန်းစီးဆင်းသည်။ ထိုချောင်းလက်တက်နှစ်ခုသည် ခဏတာဖြစ်ပေါ်ပြီး မိုးရာသီ၌သာရေစီးဆင်းမှုရှိသည်။ ဤဇုန်အတွင်းရှိ ရေ လမ်းကြောင်းများသည် အထူးပြုပြင်တည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်းသည် ယခင် သတ္တုတွင်းနေရာများ၊ လက်ရှိသတ္တုတူးဖော်နေဆဲနေရာများ၊ တဲအိမ်စုများနှင့်ရွာများအတွင်း တည်ရှိသည်။

ရေစီးကြောင်းလမ်းလွှဲရန်အတွက် ဥရုချောင်းကမ်းပါးပေါ်တွင် ရေအထိန်းများ တည်ဆောက်ထားသည်။ (သ ရုပ်ပြပုံ ၆-၁) မိုးရာသီမတိုင်မီ ရေလမ်းကြောင်းရှိ ယာယီ ချောင်းကူးတံတားနှင့်မြေဆီလွှာတိုက်စား ခံရခြင်း နှင့်နန်းအနည်ကျခြင်းမှ ထွက်ပေါ်လာသော ပစ္စည်းအပိုင်းအစများကို ရှင်းလင်းထားရသည်။ ယခင်က အချို့ဟောင်းလင်းဖွင့်တူးဖော်သောသတ္တုတွင်းများသည် ရေလျှံခဲ့ဘူးသော်လည်း ယခုအခါတွင်မူ အမြဲ ရေများ ဖြင့် ပြည့်နေသည်။ ဇုန် (၁) အတွင်း တည်ဆောက်ထားပြီးသော ရေကာတာများမရှိသေးပါ။ အချို့သတ္တု တွင်းဟောင်းများမှ ရေများကို စုပ်ထုတ်ပြီး အနီးပတ်ဝန်းကျင်တွင် စွန့်ပစ်ကြသည်။

ပုံပြဇယား ၆-၃ ရေဝေရေလဲနှင့် ရေအရည်အသွေး နမူနာကောက်ယူခဲ့သော နေရာများ




MXD Reference: 00015_EMP01_GIS003_v0_3

Source:
Zones and sampling sites from Valentis. Place names from MIMU.
Elevation and watercourses from EVG (50k).
Catchment boundary created by Coffey from EVG (50k) data.

MGJEA = Myanmar Gems and Jewellery Entrepreneurs Association

VALENTIS

coffey
A TETRA TECH COMPANY

| | | | |
|---|---|---|---|
| Date: 04.10.2018 | MGJEA | Catchments and water quality sites | Figure No: 6.3 |
| Project: 754-DRWEN00015AA | Hpakant/Lonkin Gems Tract EMP | | |
| File Name: 00015_EMP01_F006.3_GIS | | | |



Source: Valentis

**မှတ်တမ်းဓာတ်ပုံ ၆-၁။ ဥရုချောင်းဘေးရှိ တည်ဆောက်ထားသော မြေထိန်းနံရံ**

မြေဆီလွှာတိုက်စားခံရခြင်းနှင့်အနည်ကျခြင်းတို့ကို ထိန်းချုပ်ပေးနိုင်သည့် ဆောင်ရွက်ချက်များမတွေ့ရသေးပါ။ ရေဝေရေလဲမှ လျှံကျလာသောရေတို့သည် ပုံမှန်အားဖြင့် ဟင်းလင်းပွင့်သတ္တုတွင်းများထဲသို့ စီးဝင်ခြင်းသို့မဟုတ် ထိခိုက်ပျက်စီးနေသော မြေမျက်နှာပြင်ကို တိုက်စားပြီး ဖြန့်၍ ရေလမ်းကြောင်းများအတွင်းသို့ စီးဆင်းသည်။ သတ္တုတွင်းဆင်ခြေလျှောများ၏ အထက်ပိုင်းတွင် ရေနုတ်မြောင်းများဆောက်လုပ်ထားခြင်းကိုလည်း မတွေ့ရပါ။ ဥရုချောင်းနှင့် ၎င်း၏ချောင်းလက်တက်နှစ်ခုတွင် ပျော်ဝင်နန်းအနယ်ပါဝင်မှုအဆင့်မြင့်ပြီးနှင့်အခြားပြန့်ကျဲနေသောအစနပစ္စည်းများအမြောက်အများရှိနေသည်ကို တွေ့ရှိရပြီး ရေလမ်းကြောင်းများထဲသို့ တစ်စိမ့်စိမ့်ဝင်ရောက်နေသည်ကို တွေ့ရပါသည်။ ဖားကန့်/လုံးခင်းဒေသမှ စီးဆင်းလာသော အနည်ထုများသည် မြစ်ကြေပိုင်းရှိ ချင်းတွင်းမြစ်အတွင်းသို့ရောက်ရှိသွားပြီး ချင်းတွင်းမြစ်နှင့်ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါများနှင့်ရေအသုံးချသူများကို ထိခိုက်စေပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DWIR) သည် ဥရုချောင်းအတွက် Master Plan စီမံချက်တစ်ခုကို ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းစီမံချက်တွင် မြစ်ကြောင်းတစ်လျှောက် အသေးစိတ်အချက်အလက်များကို ထည့်သွင်းထားပြီး DWIR မှ မြစ်ကြောင်းတစ်လျှောက်ရေစီးဆင်းမှုကောင်းမွန်စေရန် လုပ်ဆောင်ရမည်များကို အဆိုပြုထားပါသည်။ ၎င်းတို့တွင် ရေလမ်းကြောင်းအတွင်းသွားလာနိုင်ရန် သောင်ခုတ်ခြင်း၊ မြစ်ရေစီးဆင်းမှုကို လေ့ကျင့်ခြင်းနှင့်မြစ်ကမ်းပါးများကာကွယ်ခြင်းတို့ ပါဝင်ပါသည်။ ၎င်းစီမံချက်သည် ဖုန် (၁၀) မှ မြေကြေပိုင်း (၄၀) ကီလိုမီတာခန့်၊ ဥရုချောင်း၏ မြစ်ကြေပိုင်းအတွက် ဖြစ်ပါသည်။

ဒေသခံများမှ စွန့်ထုတ်လိုက်သော ရေဆိုးနှင့် မိလ္လာအညစ်အကြေးတို့ကို မြောင်းမှတစ်ဆင့် စွန့်ပစ်ရာကန်တွင် စွန့်ထုတ်ပြီး ထိုမှတစ်ဆင့်ရေလမ်းကြောင်းများတွင်စွန့်ပစ်သည်။ အိမ်တွင်းအမှိုက်သရိုက်များကိုလည်း

ရေလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်လုပ်လက်စားနှင့်အကြီးစား သတ္တုတွင်းတူးဖော်ခြင်းတို့မှမြေစာများကို ရေလမ်းကြောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှုကြောင့် ရေလမ်းကြောင်းများ အလွန်အမင်း ယိုယွင်းပျက်စီးလာသည်။

လက်တွေ့ကွင်းဆင်းစဉ်အတွင်း ကောက်ယူရရှိလာသော (In-situ) ရေအရည်အသွေး သတ်မှတ်ချက်များကို ဇယား ၆-၂ တွင်ဖော်ပြထားပါသည်။ ဇုန် (၁) အတွင်းရှိ နမူနာစစ်တမ်းတို့သည် အမြုပ်နှင့်အမှိုက်သရိုက်တို့သည် အခြေအနေသုံးသပ်ရန် မျက်မြင်သက်သေပင်ဖြစ်သည်။ (ပုံ ၆-၃ ကို ကြည့်ရန်) ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ရေနမူနာတို့တွင် မြင့်တက်လာသော စုပ်နုန်းအနယ်များနှင့်သတ္တုတူးဖော်ရေးကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက် အထောက်အထားတို့ကို လေ့လာတွေ့ရှိနိုင်သည်။

ကူးသန်းသွားလာရေးပြုလုပ်နိုင်ရန် ရေလမ်းကြောင်းများတစ်လျှောက်တွင် ယာယီချောင်းကူးတံတားများကို တည်ဆောက်ထားပါသည်။ ဇုန် (၁) ရှိဆန်ခါချောင်းတွင် ခံ၀န်အားနည်းယာဉ်နှင့် ၀န်မဲ့ကုန်တင်ယာဉ်များဖြတ်ရန် ချောင်းကူးတံတားတည်ဆောက်ထားသည်။ (မှတ်တမ်းပုံ - ၆.၂) နှစ်စဉ်မေလ ၁၅ ရက်နေ့တွင် ယာယီချောင်းကူးတံတားများကိုဖျက်သိမ်းရန် အသိပေးထားပါသည်။ အချို့ရေလွှဲများနှင့် အသေးစားရေလမ်းကြောင်းများဖယ်ရှားခြင်းများ ပြုလုပ်ထားပြီးသည်ကို တွေ့ရပါသည်။

ဉရုချောင်းနှင့်၄င်း၏ချောင်းလက်တက်များသည် မိုးရာသီတွင် အရှိန်ပြင်းစွာစီးဆင်းမှုကြောင့် ဇုန်၏ မြစ်အောက်ပိုင်းမြေနိမ့်ဒေသတွင် ရေလွှမ်းမှုများ တွေ့ကြုံရသည်။ ဇုန် ၁ အတွင်း ဆိုးရွားသည့် ရေလွှမ်းမှုရှိသည်ဟု သတင်းရရှိထားခြင်းမရှိသော်လည်း လျှံကျရေများသည် ဉရုချောင်း၏မြစ်အောက်ပိုင်းဒေသများတွင် မိုးရာသီအတွင်း ရေစီးနှုန်းမြင့်ခြင်းကြောင့် အကျိုးဆက်များ ဖြစ်လာနိုင်သည်။

ဤဇုန်အတွင်းရှိ သတ္တုတွင်းများသည် မြေအောက်ရေကြမ်းပြင်ကို ပိုင်းကန့်ထားပြီး ဟင်းလင်းဖွင့်သတ္တုတွင်းမှ ရေတို့ကိုတွင်းမှ စုပ်ထုတ်ပြီး ရေလမ်းကြောင်း (သို့) ရေနုတ်မြောင်းများဖြင့် စွန့်ထုတ်ပါသည်။

## ဇယား ၆-၃ ။ ဖုန် (၁) ရှိ ရေ အရည်အသွေး စစ်ဆေးမှု ရလဒ်။

| တည်နေရာ | လတ္တီတွဒ် | လောင်ဂျီတွဒ်မျဉ်း | ရေလမ်းကြောင်းများ နှင့် တည်နေရာ | pH | Temp (°C) | EC (µS/cm) | DO (mg/L) | DO (% sat.) | တည်နေရာ အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| SHH01 | 25° 41' 11.67" N | 96° 20' 40.01" E | ဆန်ခါ (ခ) ဖုန် (၁) မှ စွန့်ထုတ်ရေများ မြစ်ကြေပိုင်းသို့စီးဆင်းသည်။ | 8.24 | 32.1 | 161 | 5.8 | 83 | အချို့ရေများသည် မြစ် ညာ ပိုင်းတွင် မြစ်ကမ်း ပါး တစ်လျှောက် အမှိုက် များ ပိတ်ဆို့နေပြီးချောင်း ငယ်များသည် လမ်းနှင့် အပြိုင်စီးဆင်း သည်။ |
| URU01 | 25° 42' 32.19" N | 96° 21' 18.14" E | ဥရုချောင်း၊ ဖုန် (၁ မှ ၈) နှင့် ၁၀ ပိုင်း၏ မြစ်ညာပိုင်း။ | 8.25 | 25.8 | 127 | 5.8 | 72 | လမ်းအနီးတွင် ဒေသခံ ပရဟိတ အဖွဲ့ (Green Land) သည် ချောင်းကို ရှင်းပြီး ကမ်း ထိန်းနံရံကို ကျောက်တုံးများဖြင့် တည်ဆောက်ထားပါသည်။ ရေမျက်နှာပြင်ပေါ်မှာ အမြှုပ်များတွေ့ရသည်။ |
| URU02 | 25° 39' 6.43" N | 96° 21' 22.02" E | ဥရုချောင်း၊ ဖုန်း (၁) နှင့် (၂) ၏ အောက် ပိုင်း၊ ဖုန် (၃) မှ (၉) နှင့် ၁၀ အထက်ပိုင်း။ | 8.23 | 29.9 | 152 | 5.32 | 80 | လူအများနေထိုင်ရာ နေရာ၊ မြစ်ကမ်းပါးတစ်လျှောက် အမှိုက်များနှင့်ရေချိုးသည့် နေရာ။ |
| URU03 | 25° 36' 39.21" N | 96° 18' 36.31" E | ဥရုချောင်း၊ ဖုန်း (၁) မှ (၅) အောက်ပိုင်း၊ ဖုန် (၆) မှ (၈) နှင့် ၁၀ အထက်ပိုင်း။ | 6.89 | 29 | 168 | 8.1 | 102 | ချောင်းအတွင်းမှ နန်းဆယ် ခြင်းတံတားအနီး အမှိုက် စွန့်ပစ်ထား၊ လူအများ နေထိုင်ရာနေရာ တွင် အမှိုက်များရှိ၊ ကမ်းပါးများ တွင် မြက်ပင်များပေါက် ရောက်။ |
| URU04 | 25° 35' 6.81" N | 96° 15' 58.21" E | ဥရုချောင်း၊ ဖုန် (၇) နှင့် (၈) အကြား ရှိ တာတမံ၏ အထက် ပိုင်း၊ ဖုန် (၁) မှ (၆) အောက်ပိုင်းနှင့် ဖုန် (၁၀) ၏ အထက်ပိုင်း။ | 7.15 | 28.7 | 192 | 6.5 | 85 | ခြောက်သွေ့ရာသီတွင်အသုံးပြုသည့် ယာယီတံတားများ၊ရေစီးဆင်းမှုကောင်းစေရန် ချောင်းအတွင်း သောင်တူးခြင်းရှိသည်။ အမှိုက်များတွေ့ရသည်။ |
| URU05 | 25° 35' 7.05" N | 96° 15' 57.66" E | ဥရုချောင်း၊ ဖုန် (၇) နှင့် (၈) အကြားရှိ တာတမံ၏အောက် ပိုင်း။ ဖုန် (၁) မှ (၆) အထိ အောက်ပိုင်း၊ ဖုန် (၁၀) ၏ အထက်ပိုင်း။ | 7.41 | 30.7 | 221 | 6.9 | 93 | ဖုန် (၇) အနီးတွင် ရေစွန့် ထုတ်သည့် နေရာရှိသည်။ (ရွှံ့ရေ)။ အမှိုက်များ တွေ့ရသည်။ |
| URU07 | 25° 29' 36.68" N | 96° 5' 59.36" E | ဥရုချောင်း၊ ဖုန် (၁၀) အနီး အောက်ပိုင်း၊ ဖုန် (၁) မှ (၈) အထိ အောက်ပိုင်း။ | 8.37 | 28.9 | 157 | 5.5 | 74 | ရေနောက်သည်။ စက်လှေများ ကမ်းပါးတွင် ရပ်ထားသည်။ |



Source: Soe Moe Kyaw Win

**မှတ်တမ်းဓာတ်ပုံ ၆-၂။ ဆန်ခါချောင်း ပေါ်တွင် တည်ဆောက်ထားသော ယာယီ မြေအောက်ရေဖြတ်လမ်း**

## ၆-၅ မြေအသုံးချမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ

ကချင်ပြည်နယ်သည် ကမ္ဘာ့ဇီဝမျိုးစိတ်အကြွယ်ဝဆုံးနှင့်ပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုအများဆုံး ‘Indo-Burma’ နှင့် ‘Mountains of South Central China’ တို့ကြားတွင် တည်ရှိပါသည်။

မြောက်ပိုင်း တြိဂံ နွေးသမဖုန် သစ်တောများသည် (The Northern Triangle Subtropical Forests [IM0140]) ကမ္ဘာပေါ်တွင် လေ့လာရှာဖွေသူများ အရောက်အပေါက်အနည်းဆုံးဖြစ်၍ သိပ္ပံနယ်ပယ်တွင် သိရှိသူအနည်းဆုံးနေရာများဖြစ်သည်။ ၎င်းဒေသသည် ဝေလံခေါင်ခိုက်သည့် နေရာတွင်တည်ရှိခြင်း၊ သွားရောက်ရန်ခက်ခဲခြင်းနှင့် ညီညာမှုမရှိသောမြေပြင်အခြေအနေများကြောင့် သိပ္ပံဆိုင်ရာလေ့လာရှာဖွေခြင်းများအနည်းအကျဉ်းသာပြုလုပ်နိုင်သည်။ သို့သော် ဤနေရာတွင် လေ့လာမှုများ မပြုနိုင်သော်လည်း ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ အများအပြားရှိသည်ကို အသိအမှတ်ပြုထားဆဲဖြစ်သည်။

သစ်ပင်ပန်းမန်များအရကြည့်မည်ဆိုလျှင် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်း၊ အာရှတိုက်တစ်တိုက်လုံးတွင် အမျိုးစုံလင်ဆုံးဒေသတစ်ခုဖြစ်ပါသည်။ ထို့အပြင် ဤဒေသသည် လေ့လာမှုအနည်းအကျဉ်း

သာပြုလုပ်ရသေးသော ဒေသလည်းဖြစ်ပါသည်။ သမပိုင်းသစ်တောများရှိ သစ်ပင်ပန်းမန်များသည် ဤဒေသတွင် အမျိုးအစားစုံလင်ပြီး ရုပ်ထွေးသောမြေမျက်နှာသွင်ပြင်နှင့် စိုစွတ်မှုအခြေအနေတို့သည် အပင်များကို အဆင့်မြင့်မားစွာ ထူးခြားမှုများဖြစ်ပေါ်စေပါသည်။ ၎င်းဒေသ၏ မြေနေရာအကျယ်အဝန်း အတော်များများသည် နွေးသမပိုင်း အရွက်ကြီးပင်သစ်တောများ ပေါက်ရောက်ပြီး အခြားအသေးစား သမပိုင်း အရွက်ကြီးမျိုး sub-regional-scale patches များနှင့် အေးသမပိုင်းsub-alpine အရွက်ချွန် ထင်းရှူးတောများပေါက်ရောက်ပါသည်။ နွေးသမပိုင်းသစ်တောများကို ယေဘုယျအားဖြင့် ပင်လယ်ရေမျက်နှာပြင် မီတာ ၅၀၀ နှင့် ၁၆၀၀ အထက်တွင် တွေ့ရှိရပါသည်။ *Magnoliaceae*, *Lauraceae*, နှင့် *Dipterocarpaceae* မျိုးစိတ်များသည် မီတာ ၉၁၅ အောက်တွင်ရှိသော မျိုးနွယ်အဖွဲ့များဖြစ်သည်။ (WWF, 2017).

မျိုးတုန်းမှုအန္တရာယ်ရှိသော သတ္တဝါမျိုးစိတ်များသည် ecoregion's mammal အဖွဲ့တွင်ပါဝင်ပြီး အရေးတကြီး ထိန်းသိမ်းစောက်ရှောက်ရန်လိုအပ်သည်။ ၎င်းမျိုးစိတ်များတွင် ကျား (*Panthera tigris*), red panda (*Ailurus fulgens*), Asian elephant (*Elephas maximus*), takin (*Budorcas taxicolor*), southern serow (*Naemorhedus sumatraensis*), pig-tailed macaque (*Macaca nemestrina*), Assamese macaque (*Macaca assamensis*), stump-tailed macaque (*Macaca arctoides*), capped leaf monkey (*Semnopithecus pileatus*), hoolock gibbon (*Hylobates hoolock*), Asiatic black bear (*Ursus thibetanus*), great Indian civet (*Viverra zibetha*), clouded leopard (*Pardofelis nebulosa*), red goral (*Naemorhedus baileyi*), Irrawaddy squirrel (*Callosciurus pygerythrus*), and particolored squirrel (*Hylopetes alboniger*) (WWF, 2017). ငှက်မျိုးနွယ်များတွင် မျိုးစိတ်ပေါင်း ၃၇၀ ကျော်ရှိပြီး ထိုဒေသတွင်သာ အဓိကတွေ့ရှိနိုင်သော မျိုးစိတ်များဖြစ်သည့် rusty-bellied shortwing (*Brachypteryx hyperythra*)။ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် သင့်လျော်သောနေထိုင်ကျက်စားနိုင်သည့်နေရာမဟုတ်ခြင်းနှင့် သစ်တောပြုန်းတီးမှုများကြောင့် ၎င်းမျိုးစိတ်များ လာရောက်နေထိုင်ဖွယ်ရာမရှိပါ။

ဥရုချောင်းကို ငှက်များနှင့်တွားသွားသတ္တဝါများအတွက် အရေးကြီးသောအဓိကဇီဝမျိုးစိတ်နေထိုင်ရာ နေရာအဖြစ်သတ်မှတ်ထားပါသည်။ ဥရုချောင်းကို အရေးကြီးသည့် ထိန်းသိမ်းရေးနေရာအဖြစ် green peafowl (*Pavo muticus*), the spot-billed pelican (*Pelecanus philippensis*) နှင့် the white-rumped vulture (*Gyps bengalensis*) တို့အတွက် သတ်မှတ်ထားပါသည်။

ဤဒေသ၏ အဓိကဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေရာမှာ အင်းတော်ကြီး သားရဲတိရိစ္ဆာန် ဘေးမဲ့တော Indawgyi Wildlife Sanctuary, Ramsar site (Beffasti and Galanti, 2011) တစ်ခုဖြစ်သည်။ ၎င်းနေရာသည် နမ့်တင်း (Nam Ting) နှင့် အင်းတော်မြစ်တို့၏ ရေဝေရေလဲဒေသတွင် တည်ရှိပါသည်။ ဤရေဝေရေလဲများသည် ဥရုချောင်းရေဝေရေလဲများနှင့် ရေဝေကုန်းတမ်းတစ်ခုတည်းသာဖြစ်သည်။ ဖုန် (၁) သည် ၎င်းရေဝေရေလဲများကြားမှ ရေဝေကုန်းတမ်းများ၏ မြောက်ဖက် ၄၃ ကီလိုမီတာတွင် တည်ရှိပါသည်။

မျိုးစိတ်အမျိုးမျိုး မျိုးတုန်းမှုအန္တရာယ်ကျရောက်နေပြီး ထိုဒေသတွင်သာ တွေ့ရှိရသော ငါးမျိုးစိတ်များကို ချင်းတွင်းမြစ်ဝှမ်းတွင် တွေ့ရှိရပါသည်။ Meynell နှင့် Gregory တို့ နောက်ဆုံးလေ့လာခဲ့သော ဥရုချောင်း အတွင်းရှိ ရေနေသတ္တဝါမျိုးစိတ်များအရေအတွက်သည် မှတ်တမ်းများအရ အမျိုး ၅၀ ရှိပြီး ၂၀ မျိုးမှာ နေ့ စဉ်စားသုံးမှု အတွက်အသုံးပြုကြသည်။ ၂၃ သုံးမျိုးမှာ ခရုမျိုးစိတ်များဖြစ်သည်။ (ဇယား ၆-၃ တွင် ဖော်ပြ ထားပါသည်။) သတ္တုတူးဖော်မှုများကြောင့် ပြင်ပဖိအားများရှိနေနိုင်သည်ဟု မှတ်တမ်းပြုထားခဲ့ပါသည်။

**ဇယား ၆-၄။ ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါများ**

| အမျိုးအနွယ်များ | အန္တရာယ်ကျရောက်မှုမရှိသော | အန္တရာယ်ကျရောက်နေသော/ ထိခိုက်လွယ်သည့် အခြေအနေ |
|---|---|---|
| ငါးများ | ၄၇ | ၆ |
| ခရုများ Molluscs | ၂၃ | ၀ |
| ပုဇဉ်းများနှင့် damselflies | ၁၁၇ | ၁ |
| ဂဏန်း၊ ပုဇွန်တုပ်၊ ပုဇွန်စိတ် | ၁ | ၀ |

မျိုးတုန်းမှုအန္တရာယ် ခြိမ်းခြောက်ခံနေရပြီး အလွယ်တကူထိခိုက်ခံရနိုင်သော ငါးမျိုးစိတ်များကို ဥရုချောင်းအ တွင်း တွေ့ရပါသည်။ ၎င်းတို့တွင် ငါးလင်ဗန်း (Anguilla bicolor), ငါးနုသန်း (Ompok Bimaculatus), ငါး ဖယ်အောင်း (Osteobrama belangeri), ငါးဘက် (Wallago attu), ငါးသလဲထိုး (Garra Compressa နှင့် tiger botia – *Syncrossus berdmorei)* တို့ဖြစ်ကြပါသည်။

Bhagwat et al (2017) သည် မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုကို Landsat satellite imagery ဖြင့် အခြေ အနေနှင့် အကျယ်အဝန်းကို ကြည့်ရန် တိုင်းတာခဲ့ပါသည်။ အဓိကအားဖြင့် ၂၀၀၂ နှင့် ၂၀၁၄ ခုနှစ်အတွင်း သစ်တောပြောင်းလဲမှုများကို လေ့လာကြည့်ရှုခဲ့ကြပါသည်။ ၎င်းတို့အနေဖြင့် ဖားကန့်/လုံးခင်းရတနာနယ် မြေမှ မြေဧရိယာ ၃၉ ၀၈၉ ဟက်တာ သစ်တောဖုံးလွှမ်းမှုဆုံးရှုံးသွားပြီး ၂၀၀၂ နှင့် ၂၀၁၄ ခုနှစ်များအတွင်း ၀.၈% ရာခိုင်နှုန်းခန့် နှစ်စဉ် သစ်တောဆုံးရှုံးနေသည်ကို တွေ့ရှိခဲ့ရပါသည်။

ဇုန် (၁) ၏ နေရာအတော်များများသည် တူးဖော်ရေးများကြောင့် ပျက်စီးမှုနည်းပါးပြီး မြောက်ပိုင်း၊ အနောက် ပိုင်းနှင့်ဥရုချောင်းအရှေ့ဖက်တို့တွင် အပျက်အစီးများအထူးသဖြင့်နည်းပါးပါသည်။ ဤနေရာတွင် သစ်တော များသည် လူတို့ကြောင့် အနည်းငယ်ပျက်စီးမှုရှိသော်လည်း သတ္တုတွင်းတူးဖော်ခြင်းကြောင့် မဟုတ်ပါ။ တောင်ယာစိုက်ပျိုးခြင်း ဥပမာ တောင်ပေါ်နေရာများတွင်တွေ့ရသည်။ မြွေ၊ သမင်နှင့်တောဝက် ကဲ့သို့သော အကောင်များသည် ဒေသခံများ၏ပြောကြားချက်များအရ တောများတွင် နေထိုင်နေသေးကြောင်းသိရပါ သည်။

သတ္တုတူးဖော်ခြင်းများသည် ဇုန် (၁) ၏ တောင်ဖက်ပိုင်းတွင်သာ ပိုမိုလုပ်ဆောင်ကြပြီး ယခုအခါတွင်လည်း တူးဖော်ခြင်းများ (ယခင်နှင့်နှိုင်းယှဉ်ပါက နည်းပါးသွားသည်) ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ တူးဖော်ပြီးသောနေရာများတွင် သစ်တော ဂေဟစနစ်တစ်ခုလုံး ပျက်စီးသွားသည်ကို တွေ့ရပြီး ရေလမ်းကြောင်းတစ်လျှောက်တွင် သဘာဝပေါက်ပင်များ နည်းပါးပါသည်။ အပင်ငယ်များနှင့် မြက်ပင်အချို့သာတွေ့ရှိရသည်။

## ၆-၆ ။ လူမှုရေး အခင်းအကျင်း

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဖြားစွန်းတွင်တည်ရှိပြီး အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နမိတ်ထိစပ်နေပါသည်။ မြစ်ကြီးနားသည် ကချင်ပြည်နယ်၏မြို့တော်ဖြစ်ပြီး အများအားဖြင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ပြောင်းရွှေ့နေထိုင်သောဗမာလူမျိုးများနှင့် ကချင်ပြည်နယ်တွင် နေထိုင်သော ရှမ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။

ဂျိန်းဖောစကားကို ရိုးရာစကားတစ်ခုအဖြစ် အသုံးပြုကြသည်။ လွတ်လပ်ရေးမတိုင်မီတွင် ဗမာလူမျိုးနေထိုင်မှု လူနည်းစုသာရှိခဲ့သော်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ပြောင်းရွှေ့နေထိုင်မှုများ ပိုမိုများပြားလာခဲ့သည်။ ထို့ကြောင့် ဘာသာစကားအသုံးပြုမှုပြောင်းလဲလာကာ ကချင်ဘာသာစကားအသုံးပြုမှု အားနည်းလာသည်။ သို့သော် အချို့ကချင်လူမျိုးများသည် မိမိတို့ဘာသာစကားဖြစ်သာ ပြောဆိုရေးသားကြသည်။

ကချင်ပြည်နယ်၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ အဓိကထုတ်ကုန်များမှာ ဆန်၊ ကျွန်းသစ်၊ သကြားနှင့်ဘိန်းတို့ဖြစ်ကြသည်။ သယံဇာတထွက်ကုန်များတွင် ရွှေနှင့် ကျောက်စိမ်းတို့ပါဝင်သည်။

ဖားကန့်မြို့နယ်သည် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဗဟိုအုပ်ချုပ်ရေးမြို့ဖြစ်သည်။ ၎င်းမြို့နယ်အတွင်းရှိ အကြီးဆုံးမြို့မှာ ကာမိုင်းမြို့ဖြစ်ပြီး ဖားကန့်မြို့၏အရှေ့တောင်ဘက် ၄၀ ကီလိုမီတာခန့်တွင် တည်ရှိပါသည်။ ၂၀၁၄ ခုနှစ် နောက်ဆုံးအကြိမ် ကောက်ယူခဲ့သောသန်းခေါင်စာရင်းအရ (Wang and Myint, 2016) ဖားကန့်မြို့နယ်တွင် လူဦးရေ ၃၂၀ ၂၇၈ ယောက် ရှိပါသည်။ (ကျား - ၂၀၁ ၀၃၃ နှင့် မ - ၁၁၁ ၂၄၅ ယောက်)။ ကျေးလက်နေလူဦးရေမှာ ၂၅၂ ၁၅၅ ယောက် ဖြစ်ပြီး မြို့နေလူဦးရေမှာ ၆၀ ၁၂၃ ယောက်ဖြစ်သည်။ အစီရင်ခံစာများအရ သမာရိုးကျ နေထိုင်သူအိမ်ထောင်စု ၃၃ ၁၃၄ စု (လူဦးရေ ၁၅၂ ၁၄၂ ယောက်) ရှိပြီး ကျန်လူဦးရေ (၁၆၀ ၁၃၆ ယောက်) မှာ သမာရိုးကျနေထိုင်သူများမဟုတ်ပဲ ပြောင်းရွှေ့နေထိုင်သူများဖြစ်ကြသည်။ အခြားသော အစီရင်ခံစာများအရ ဖားကန့်/လုံးခင်းရတနာနယ်မြေသို့ လာရောက်ပြောင်းရွှေ့ အလုပ်လုပ်ကိုင်နေကြသောသူများသည် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဖြစ်ကြသည်ကို တွေ့ရသည်။

ဤဇုန်တွင် ရွာ (၃) ရွာရှိပါသည်။ ၎င်းတို့မှာ -

- လုံးခင်း
- ဆန်ခါ
- ငိုးပင်

ဆန်ခါရွာသည် ဇုန် (၁) ၏ အရှေ့တောင်အရပ် (ဥရုချောင်း၏ အရှေ့ဘက်ကမ်းပါး)တွင် တည်ရှိပါသည်။ ဇုန် (၁)၏ လူမှုပထဝီအချက်အလက်များကို အောက်ပါ ဇယား ၆-၄ တွင် ဖော်ပြထားပါသည်။

**ဇယား ၆-၅။ ဤဇုန်၏ လူမှုပထဝီ အချက်အလက်**

| နေရာ | စုစုပေါင်း | အမြဲနေ | ရေရှည် | ဧည့်သည် | ယာယီ |
|---|---|---|---|---|---|
| အိမ်ခြေ/မိသားစု | မှတ်တမ်းမရှိ | ၈၂ | ၁၀၇ | မှတ်တမ်းမရှိ | မှတ်တမ်းမရှိ |
| ရွာများ | ၉၃၄ | ၄၁၈ | ၄၂၁ | မှတ်တမ်းမရှိ | ၉၅ |

အချို့အိုးအိမ်အဆောက်အအုံများသည် သတ္တုတွင်းနေရာများနှင့် မီတာအနည်းငယ်သာ ဝေးသည်။ ရွာသားများ၏ပြောဆိုချက်အရ မြေသားမတည်ငြိမ်မှုသည် ၎င်းနေရာ၏အဓိကပြဿနာဖြစ်ပြီး အချို့သောအိမ်များသည် မြေစာပုံများမှ တိုက်စားသွားသောမြေ အန္တရာယ်များနှင့်ရင်ဆိုင်နေကြရသည်။ မြေစာပုံကြီးများသည် ဥရုချောင်း၏အရှေ့ဘက်ပိုင်းတွင် တည်ရှိပါသည်။ ရွာသားများ၏အဓိကဝင်ငွေမှာ ကျောက်စိမ်းတူးဖော်ခြင်းမဖြစ်ပြီး ကျောက်စိမ်းကို မြေစာပုံများမှရှာဖွေ ကောက်ယူကြသည်။

ဤဇုန်အတွင်းရှိ အများပြည်သူအခြေခံအဆောက်အအုံများမှာ ဆန်ခါရွာနှင့်ကပ်လျက်ရှိသည့် စာသင်ကျောင်းနှင့်ကိုယ်ပိုင်ဆေးခန်းငယ် (၂) ခုတို့ ဖြစ်ကြသည်။ ကျန်းမာရေးဆိုင်ရာ အလုံးစုံ စောက်ရှောက်မှုကို လုံးခင်းရွာမှ ရရှိပါသည်။ လူထုအခြေပြုအဖွဲ့အစည်းများရှိပြီး Greenland အဖွဲ့သည် ဥရုချောင်းဘေးတစ်လျှောက် မြေထိန်းနံရံများ ကူညီဆောက်လုပ်ပေးပါသည်။ ၎င်းအဖွဲ့သည် အများပြည်သူကိုယ်စား တရားလိုအဖြစ်ဆောင်ရွက်ပြီး အခက်အခဲပြဿနာများကို သတ္တုတွင်းကုမ္ပဏီများနှင့် ဆွေးနွေးပေးပါသည်။ Asian Harm Reduction Network နှင့် Medecins Sans Frontieres တို့သည် မူးယစ်ဆေးဝါးဖြတ်သည့်နေရာတွင် အထောက်အကူပြုဆောင်ရွက်ပေးသော အဖွဲ့များဖြစ်သည်။ 'မြင့်မြတ်သူ' ဒေသခံမီးသတ်အဖွဲ့သည် အဖွဲ့ဝင် ၇ ယောက်ရှိပြီး လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ သဘာဝဘေးအန္တရာယ် လျော့ချရေး သင်တန်းများလည်းပေးထားပါသည်။

ဤဇုန်အတွင်းတွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ရှိပါသည်။ ၎င်းတို့မှာ -

- ဘုရားကျောင်း (၂) ခု၊ စေတီ (၂) ဆူ၊ ဘုန်းကြီးကျောင်း (၁) ကျောင်း

သုသာန်များ (၂ ကြိမ်ရွှေ့ပြောင်းပြီးဖြစ်သည်။) သည် ဤနေရာ၏ယာဉ်ကျေးမှုဆိုင်ရာ အမှတ်အသား တစ်ခု ဖြစ်သည်။

ဖုန် (၁) အတွင်း သို့မဟုတ် အနီးတွင် ယဉ်ကျေးမှုအမွေအနှစ် ရွှေ့ပြောင်းနယ်မြေ (၂) ခုရှိပါသည်။ ၎င်းတို့မှာ ကံချီးမြို့ဟောင်းနှင့်မိုင်းမော်/ဝိန်ကျယ်မြို့ဟောင်းတို့ဖြစ်ပါသည်။ ကံချီးမြို့ဟောင်းသည် ဖုန်၏အပြင်တွင် တည်ရှိပြီး ဖုန်၏မြောက်ပိုင်း နယ်နမိတ်မှ (၄) ကီလိုမီတာခန့် ကွာဝေးပါသည်။ ကံချီးမြို့ဟောင်းအနီးတဝိုက်တွင် အသေးစားနှင့်လက်လုပ်လက်စားတူးဖော်မှုများ လုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ မိုင်းမော်/ဝိန်ကျယ် မြို့ဟောင်းသည် ဖုန်၏အရှေ့မြောက်ထောင့်တွင် တည်ရှိပြီး သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် မြေပြင်ပျက်စီးသည့်နေရာတွင် တည်ရှိနေပါသည်။

ကံချီးမြို့ဟောင်းကို ကံစီး၊ ဂင်းစီးနှင့်ယခုအခါတွင် ဆန်ရာ ဟု သိကြပြီး ဆန်ရာ အနီးရှိ ဒူးဝါးစော်ဘွားများ၏ ဂင်းစီး ဟော် သို့မဟုတ် နန်းတော်ပျက်များကို လည်းတွေ့ရှိရပါသည်။ 'ဟော်' အဆောက်အအုံ ပေါင်း (၁၂) ခုရှိသည်။ ၎င်းအဆောက်အအုံများကို ၁၈၉၇ ခုနှစ်တွင် ကံစီး ဒူးဝါး 'လ' မှ ဆောက်လုပ်ခဲ့ပါသည်။ ထိုအချိန်အခါက ကျောက်စိမ်းတူးဖော်မှုအားလုံးကို ဂင်းစီး ကျောက်စိမ်းဘုရင်များကသာ အုပ်ချုပ်စီမံခဲ့ကြပြီး မည်မျှ ချမ်းသာကြွယ်ဝပြီး သြဇာအာဏာရှိခဲ့ကြသည်ကို ပြသနေပါသည်။

## ၇။ ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများနှင့်သက်သာလျော့ချမှုအစီအမံများ

အထက်တွင် ဖော်ပြထားသည့် သတ္တုတွင်းတူးဖော်ခြင်းနည်းလမ်းများသည် ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့်ယဉ်ကျေးမှုဆိုင်ရာပတ်ဝန်းကျင်များကို ထိခိုက်စေပါသည်။ လက်လုပ်လက်စားနှင့် အသေးစား ကျောက်စိမ်းတူးဖော်မှုကြောင့်ဖြစ်ပေါ်သော ထိခိုက်မှုများကို ဖော်ထုတ်ထားပြီး ၎င်းတို့နှင့်ဆက်စပ်နေသော ဖြစ်ပေါ်သည့်အကြောင်းအရာနှင့်ထိခိုက်ခံသူများကိုပါ ဖော်ပြထားပါသည်။ ထိုဘေးအန္တရာယ်ဆန်းစစ်မှုများကို ဤအပိုင်းတွင် အဓိကထိခိုက်မှုများနှင့်သက်သာလျော့ချမည့် နည်းလမ်းများနှင့်အတူ ဖော်ပြထားသည်။ လျော့ချမည့်နည်းလမ်းများကို ထိခိုက်မှုများစီမံခန့်ခွဲသည့် အစီအစဉ်များအဖြစ်ထည့်သွင်းဖော်ပြထားသည်။

### ၇-၁ ထိခိုက်မှုနှင့်ဘေးအန္တရာယ် ဖြစ်ပေါ်သည့် အကြောင်းအရင်း

လက်လုပ်လက်စားနှင့်အသေးစားတူးဖော်သည့် လုပ်ငန်းများကြောင့် ဂေဟစနစ်များ ပျက်စီးခြင်းနှင့်တိုက်စားခြင်း၊ ရေလမ်းကြောင်းလွှဲခြင်းနှင့်ရေလမ်းကြောင်းများအတွင်း အနည်ကျလာခြင်းကြောင့် ရေ အရည်အသွေးကို ထိခိုက်စေသည်။ မသင့်လျော်သည့် နည်းလမ်းဖြင့် အမှိုက်များ စွန့်ပစ်ခြင်းကြောင့် ရေနှင့်မြေ ဓာတ်ပြုပြီး ညစ်ညမ်းမှုများ ဖြစ်ပေါ်ပါသည်။ မနိုင်ခန့်သော တူးဖော်မှုများသည် ဘေးအန္တရာယ်ရှိစေပြီး တူးဖော်ပြီးနောက် အမြေအသုံးချမှုများကိုလည်း အကန့်အသတ်ဖြစ်စေပါသည်။ သတ္တုတူးဖော်လုပ်ငန်းစဉ်များ၏

သဘာဝနှင့်တည်နေရာသည် လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်များအပါအဝင် ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်နိုင်စေနိုင်သည့် အဓိကအကြောင်းအရာ ဖြစ်သည်။

အန္တရာယ်အရင်းအမြစ်များ၊ အန္တရာယ်ဖြစ်စေနိုင်သည့်လမ်းကြောင်းများနှင့်ထိခိုက်ခံများကို ဇယား (၇-၁) တွင် ဖော်ပြထားပါသည်။

**ဇယား (၇-၁) လက်လုပ်လက်စားနှင့်အသေးစားတူးဖော်မှုများကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်နှင့်ထိခိုက်မှုဖြစ်စေနိုင်သည့် လမ်းကြောင်းများ။**

| အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ) | အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ | ထိခိုက်မှု/ထိခိုက်ခံများ |
|---|---|---|
| သတ္တုတွင်း လည်ပတ်ခြင်း နှင့် လုပ်ဆောင်ချက်များ | စိတ်မချရသော အလုပ်အလေ့ အကျင့်များ | မတည်ငြိမ်သော တူးဖော်သည့်နည်းလမ်း များကြောင့် မိုင်းလုပ်သားများ၊ ဒေသခံ များနှင့်အိမ်မွေးတိရိစ္ဆာန်များ ဒဏ်ရာရရှိ ခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်းများ ဖြစ်စေပါသည်။ |
| မြေပြင်ထိခိုက်မှု | ကုန်းမြေပေါ်တွင် လေနှင့် ရေ တို့ကြောင့် ဖုန်ထုတ်လွှတ်မှု၊ မြေတိုက်စား ခံရခြင်းနှင့် ရေ လမ်းကြောင်း များတွင်အနည် ကျခြင်းတို့ကို ဖြစ်စေခြင်း | ဖုန်ကြောင့် လေအရည်အသွေးကျသွား သည်။<br><br>အနည်ကျခြင်း မြင့်တက်လာမှု (TSS) ကြောင့် မြစ်ကြေပိုင်း ရေအသုံးချခြင်း ကို ထိခိုက်စေသည်။ (ဥပမာ၊ ရေနေ ဂေဟစနစ်များနှင့် လူထုများ)၊<br><br>အနည်ကျခြင်းဖြင့် မြစ်ကြမ်း ပြင် မြင့် တက်လာခြင်းကြောင့် မြစ်ကမ်းပါး ပေါ်အထိ ရေကြီးခြင်း ဖြစ်ပေါ်သည်။ တိုက်စားမှုကြောင့် မြေသားအရည် အသွေးယုတ် လျော့လာပြီး သီးနှံဖြစ် ထွန်းမှု ကျဆင်းလာသည်။<br><br>ဒေသန္တရဂေဟစနစ် ပြန်လည်ကောင်း မွန်လာနိုင်စွမ်း ကျဆင်းသည်။ |
| သစ်တောပြုန်းတီးခြင်း | သစ်တောများ၊ စိုစွတ်မြေများ နှင့် သဘာဝပေါက်ပင်များ ပြုန်း တီးခြင်း | သက်ရှိတို့ နေထိုင်ရာနေရာများ၊ မြေနှင့် ပျောက်ဆုံးခြင်းပြီး နယ်ချဲ့ မျိုးစိတ်များကို ထိရှနိုင်မှု အန္တရာယ် တိုးမြင့်လာသည် |

| အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ) | အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ | ထိခိုက်မှု/ထိခိုက်ခံများ |
|---|---|---|
| | | (အပင်နှင့်တိရိစ္ဆာန်များ)။<br><br>ချောက်သွေ့တောနှင့်ရေလမ်းကြောင်းများ အကြား ဇီဝမျိုးစိတ်များ ထိန်းညှိပေးခြင်း ကို အထောက်အကူပြုသည့် ကမ်းပါးပေါ်ရှိ သစ်တောများ ဆုံးရှုံးခြင်း။<br><br>စိုစွတ်မြေများ ဆုံး ရှုံးမှု၊<br><br>ကုန်းနေနှင့် ရေနေဇီဝမျိုးစိတ်များ ပျောက်ဆုံးခြင်း သို့ မဟုတ် ယုတ်လျော့ ခြင်း။ |
| ရေလမ်းကြောင်းများ ပိတ်ဆို့ ခြင်း | မြစ်ရေကြီးခြင်း | အသက်အိုးအိမ်များ၊ သီးနှံများနှင့် ပစ္စည်း ဥစ္စာများ ဆုံးရှုံးမှုကို ဖြစ်စေသည့် ကျေးရွာ များနှင့်လူထုအခြေခံ အဆောက်အအုံများ တွင် ရေကြီးရေလျှံခြင်း။<br><br>ကုန်းနေနှင့်ရေနေဇီဝမျိုးစိတ်များ ပျောက်ဆုံးခြင်း သို့ မဟုတ် ယုတ်လျော့ ခြင်း။ |
| ရေဆေးချခြင်း သို့ မဟုတ် ရွှံ့နှင့် ကျောက်စိမ်းရှိသော မြေများကို မှောတိုက်ခြင်း | ရေလမ်းကြောင်းများသို့ လျှံကျ ရေများ စီးဆင်းမှုကြောင့် တိုက်စားခြင်းနှင့် အနည်ကျခြင်း၊ ရေသေကန်များ သို့ မဟုတ် အိုင်များဖြစ်စေသောသတ္တုတွင်း ဟာလပြင်ကြီးများ | ရေအရည်အသွေး ကျဆင်းခြင်း။<br><br>ရေနေဂေဟစနစ်များ ယုတ်လျော့ခြင်း။<br><br>ကျန်းမာရေး အန္တရာယ်များ(ငှက်ဖျား၊ သွေးလွန်တုတ်ကွေး) တို့ ကို ဖြစ်စေသည့် ခြင်တို့ ပေါက်ဖွားရာ ရေနေရာများ။ |
| သတ္တုတွင်းများ | စုဆောင်းရေများ စွန့် ပစ်ခြင်း (ဥပမာ၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်) လက်ခံရာ ပတ်ဝန်းကျင်သို့ ရောက်ရှိခြင်း<br><br>မြေပြန်ဖြည့်ခြင်း မရှိခြင်း | ရေအရည်အသွေး ကျဆင်းမှု၊ ရေနေ ဂေဟစနစ်များ ယုတ်လျော့ခြင်း။<br><br>ရေနေဂေဟစနစ်များ ပျက်စီးခြင်း။<br><br>ရေသေနေရာများကြောင် ငှက်ဖျားနှင့် သွေးလွန်တုတ်ကွေး သယ်ဆောင် ခြင် |

| အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ) | အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ | ထိခိုက်မှု/ထိခိုက်ခံများ |
|---|---|---|
| | | များနှင့် ရေကြောင့် ဖြစ်ပွားသော ရောဂါများ။<br><br>ထိခိုက်ဒဏ်ရာရမှု အန္တရာယ်နှင့် ရေနစ်ခြင်း။ |
| အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ | ဓာတ်ပြုပျက်စီးစေတတ်သော ညံ့သော စီမံခန့် ခွဲမှု နှင့်/သို့ မဟုတ် ရေလမ်းကြောင်းများ နှင့်/ သို့ မဟုတ် မြေပြင်သို့ စွန့် ပစ် ခြင်းများ | ရေအရည်အသွေး ညံ့ဖျင်းမှု၊ မြေ၏ထုတ်လုပ်နိုင်စွမ်း လျော့ကျလာခြင်းကြောင့် လူနှင့်တိရိစ္ဆာန်များ၏ ကျန်းမာရေး ထိခိုက်လာခြင်း။<br><br>ရေနေ ကုန်း နေ ဂေဟစနစ် ယုတ်လျော့လာခြင်း၊ |
| ဆူညံသံ | လူများ၊ ကျေးရွာများ၊ အခြေချ နေထိုင်မှုများနှင့် တိရိစ္ဆာန် ထိ စပ်မှု | ညပိုင်းလုပ်ငန်းများကြောင့် အိပ်စက်ရာတွင် အနှောက်အယှက်များ ဖြစ်ရခြင်း၊ နေထိုင်သူများ သာယာအဆင်ပြေမှု ဆုံးရှုံးရခြင်း၊ တိရိစ္ဆာန်တို့ နေထိုင်ရာ ပြောင်းလဲရခြင်း သို့ မဟုတ် ရွှေ့ ပြောင်းရခြင်း |
| စွန့် ပစ် ပစ္စည်းများ အား မလျော်ကန်သော နည်းဖြင့် စွန့် ပစ်ခြင်း | မုန်တိုင်းကြောင့် လျှံကျသော ရေ၊ ရေလမ်းကြောင်းနှင့် ပိုးမွှား တိရိစ္ဆာန်များ | ရေအရည်အသွေး ကျဆင်းလာမှု၊ မြေ ထုတ်လုပ်နိုင်စွမ်း ကျဆင်းလာမှု၊ ကြွက်၊ လင်းနို့ များ၊ ခြင်များစသည့် ပိုးမွှား တိရိစ္ဆာန်များ၊ လေ၊မြေနှင့် ရေ ညစ်ညမ်းမှုများ |
| ဓာတ်သင့် ပျက်စီးနေသော သောက်ရေ | လူတို့ အသုံးချမှု သို့ မဟုတ် သုံး စွဲမှု | ရောဂါများ၊ ကူးစက်ရောဂါများနှင့် ဓာတ်မတည့်မှုများကြောင့် နာမကျန်းမှု |
| မူးယစ်ဆေး၊ အရက်နှင့် အခြားသော မူးယစ်ပစ္စည်းများ | မူးယစ်ဆေးဝါးအသုံးပြုသည့် စွန့် ပစ်ပစ္စည်း များအား အသုံးပြုခြင်းနှင့် ထိတွေ့ ခြင်း။ | ထိခိုက်ဒဏ်ရာ၊ ရောဂါများနှင့် လူမှုရေးရာ မငြိမ်သက်မှုများ |

## ၇-၂။ ဖြစ်နိုင်ဖွယ်သက်ရောက်မှုများနှင့် လျော့ချမှုအစီအမံများ

လက်လုပ်လက်စားများနှင့် အသေးစားကျောက်စိမ်းတူးဖော်ခြင်း၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ရလာဒ်ကောင်းများ ရရှိလာစေရန် လုပ်ထုံးလုပ်နည်းကောင်းများကို အသုံးချရပါမည်။

ဖြစ်နိုင်ဖွယ်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို စီမံခန့်ခွဲမှုရန် အောက်ဖော်ပြပါ လျော့ချခြင်း အဆင့်ဆင့်ကို လိုက်နာရပါမည်။

- ဖြစ်နိုင်သမျှ ထိခိုက်မှုများ ရှောင်ရှားပါ။
- ရှောင်ရှားရန် မဖြစ်နိုင်ပါက၊ ထိခိုက်မှုများကို လျော့ချပါ။
- ပတ်ဝန်းကျင် ထိခိုက်မှုများကို ပြန်လည်တည်ထောင်ပြီး နဂိုအတိုင်းပြန်လည် ဖြစ်စေပါ။
- သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် အလုံးစုံ ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ပတ်ဝန်းကျင် ဆုံးရှုံးမှုများကို အစားထိုး ပြန်လည်ပြင်ဆင်ပေးရမည်။

ဖားကန့်/လုံးခင်းရတနာနယ်မြေအတွင်း လက်လုပ်လက်စားနှင့်အသေးစားကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်သော ထိခိုက်မှုများကို လျော့ချရန် စီမံခန့်ခွဲမှု အစီအမံများနှင့်လုပ်ထုံးလုပ်နည်းများကို အောက်ပါ ဖြစ်နိုင်ဖွယ် ထိခိုက်မှုများအခန်းတွင် စာရင်းပြုစုထားပါသည်။ အပိုင်း ၇-၄ တွင် စီမံခန့်ခွဲမှုအစီအမံများကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ရမည်ကို အသေးစိတ် ဖော်ပြထားပါသည်။ (သတ္တု မတူးဖော်မီ၊ သတ္တုတူးဖော်နေစဉ်နှင့်သတ္တုတူးဖော်ပြီး)။

အပိုင်း ၇-၄ တွင် စီမံခန့်ခွဲမှုအစီအမံများကို အသေးစိတ်ဖော်ပြထားပြီး လက်လုပ်လက်စားနှင့်အသေးစား လုပ်ငန်းများနှင့်သင့်လျော်သည့် အကြောင်းအရာများပါသည့် အမိန့်ကြော်ငြာစာများကို နောက်ဆက်တွဲ (၁) တွင် ထည့်သွင်းဖော်ပြထားပါသည်။

### ဘေးကင်းမှုမရှိသော လုပ်ငန်းခွင်အလေ့အထများ၊ တည်ငြိမ်မှုမရှိသော တူးဖော်မှု နှင့်/သို့မဟုတ် ရေနစ်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း။

တည်ငြိမ်မှုမရှိသော တူးဖော်မှုနှင့်ဘေးကင်းမှုမရှိသော လုပ်ငန်းခွင် အလေ့အထများမှ အလုပ်သမားများနှင့် ဒေသတွင်းနေလူများကို ကာကွယ်ရန် စီမံခန့်ခွဲမှု အစီအမံများမှ -

(က) လုပ်ဆောင်ရမည့်တာဝန်များ ပြီးဆုံးအောင်လုပ်ဆောင်ရန် တကိုယ်ရည်အကာအကွယ်ပစ္စည်းများ (ဥပမာ-ဝတ်စုံ၊ ဘွတ်ဖိနပ်၊ မျက်နှာဖုံး၊ နားစို့၊ လက်အိတ်နှင့်ဘေးကင်းရေးမျက်မှန်များ) ပေးထားရမည်ဖြစ် ပြီး အလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရမည်။

(ခ)	အလုပ်သမားများကို လက်နက်ကိရိယာများနှင့်စက်ပစ္စည်းများအသုံးချပုံကို သင်တန်းပို့ချရမည်။ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ (အသုံးပြုပါက) နှင့်လောင်စာများကို ဘေးကင်းစွာကိုင်တွယ်ရန် သင်ပြ ပေးရမည်။

(ဂ)	အလုပ်သမားများသည် အလုပ်လုပ်ရန် သင့်လျော်ကျန်းမာသည့် အခြေအနေတွင်ရှိစေရမည်။ မူး ယစ်ဆေးဝါး၊ အရက် သို့မဟုတ် အခြား စွဲလမ်းစေသောပစ္စည်းများသုံးစွဲထားခြင်း မရှိစေရ။

နီးစပ်ရာ လုပ်ကွက်၊ မြေပိုင်ရှင်များ၊ ဒေသတွင်းနေလူများနှင့် ဆက်ဆံရေးကောင်းမွန်အောင် ပြုလုပ်ထား ခြင်းဖြစ် သတ္တုတူးဖော်မှုကြောင့်ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို အသိပေးနိုင်ပြီး ၄င်းတို့၏ စိုးရိမ်မှု များကိုလည်း ကိုင်တွယ်သွားနိုင်မည်ဖြစ်သည်။

(ဃ)	နီးစပ်ရာ ဒေသတွင်းနေထိုင်သူများနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊ မည်သူနှင့်တွေ့ဆုံထားသည်ကို မှတ် တမ်းပြုစုထားရမည်ဖြစ်ပြီး မည်သည့်စိုးရိမ်ပူပင်မှုများ သို့မဟုတ် ကန့်ကွက်မှုများတင်ပြခဲ့သည်ကို မှတ်တမ်း တင်ထားရမည်။ ထိုနောက် တူးဖော်ချိန်တွင် ထိုစိုးရိမ်မှုများ သို့မဟုတ် ကန့်ကွက်မှုများ ကို မည်သို့ စီမံမည် ကို မှတ်တမ်းတင်ထားရမည်။

(င)	နီးစပ်ရာ ဒေသတွင်းနေထိုင်သများနှင့် စဉ်ဆက်မပျက် ပုံမှန်ဆက်ဆံရေးကို ထားရှိရမည်။ ၄င်းတို့ တင်ပြလာသော စိုးရိမ်မှုနှင့်ကန့်ကွက်မှုများကို မှတ်တမ်းတင်ထားပြီး မည်သို့ စီမံဖြေရှင်းခဲ့ပြီး ဖြစ်သည်ကို လည်း မှတ်တမ်းတင်ထားရမည်။

ဘေးကင်းပြီး ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိသောသတ္တုတွင်း ကျန်နေစေရန် စီမံခန့်ခွဲမှု အစီအမံများကို အကောင်အထည်ဖော်ရမည်။

(စ)	လက်နက်များ၊ ကိရိယာပစ္စည်းများ၊ စက်များနှင့်အဆောက်အအုံ/တဲများကို လုပ်ကွက် သို့မဟုတ် လုပ်ငန်းခွင်နေရာမှ ဖယ်ရှားရမည်။

(ဆ)	ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများကို ရှင်းလင်းဖယ်ရှား၍ ဘုံ သို့မဟုတ် အများပြည်သူ အမှိုက်ပုံများသို့ စွန့်ပစ်ရမည်။

(ဇ)	ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ (လောင်စာဆီ၊ ဆီ၊ အမဲဆီနှင့်ဓာတုပစ္စည်းများ) လုပ်ကွက်မှ ရှင်းလင်းဖယ်ရှား၍ သတ်မှတ်ထားသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့်နေရာတွင် စီမံစွန့် ပစ်ရမည်။

(ဈ)	ပြန်လည်လုပ်ကိုင်၍ ရသောနေရာများတွင် ဟင်းလင်းပွင့် သို့မဟုတ် တူးဖော်ထားသည့်နေရာ များကို ခေါင်းပေါင်းမြေများနှင့်စွန့်ပစ်ကျောက်မြေစာများဖြင့် မြေပြန်ဖြည့်ပါ။ တိုက်စားမှု မဖြစ်ပေါ် နိုင်သည့် တည်ငြိမ်သော မြေပြင်ကို ဖန်တီးလုပ်ဆောင်ပါ။

(ည) ပြန်လည်လုပ်ကိုင်၍ ရသောနေရာများတွင် ရေလမ်းကြောင်းလွဲများ သို့မဟုတ် ရေနုတ်မြောင်းများကို ယခင်မူလအခြေအနေအတိုင်း ပြန်ပြုပြင်ရမည်။ ထိုပြုပြင်ထားသော ရေနုတ်မြောင်းများ သို့မဟုတ် ရေလမ်းကြောင်းများသည် ကမ်းပါးနှင့်ရေးစီးဆင်းမှုကာကွယ်ရန် ကျောက်တုံးများချထားသည့်အခါ ခံနိုင်ရည်ရှိ ရ မည်။

(ဋ) ဖယ်ရှားထားသော မြေဆီလွှာကို ပြုပြင်ထားသော မြေပြင်ပေါ်တွင် ဖြန့်ချပါ။

(ဌ) ခုတ်ထွင်ထားသော သစ်ပင်ကျန်များ (အကိုင်းများနှင့်အရွက်များ) ကို ပြုပြင်ထားသော မြေပြင်ပေါ်တွင် ဖြန့်ချထားပြီး အပေါ်ယံမြေဆီလွှာဖြင့် သဘာဝအတိုင်းပြန်လည် ရှင်သန်မှုကို အားပေးပေါက်ရောက် စေပါ။

(ဍ) ပြန်ပြုပြင်ထားသောနေရာနှင့်အပင်များစိုက်ပျိုးထားသောနေရာကို (၃) လတစ်ကြိမ် (နှင့်မုန်တိုင်းပြီးနောက် မိုးသည်းထန်စွာရွာသွန်းပြီးတွင်) (၂) နှစ်တာ သို့မဟုတ် စိုက်ပျိုးထားသော ပေါက်ပင်များ ပြန်လည်ပေါက်ရောက်သည်အထိ ကြီးကြပ်စစ်ဆေးပါ။ တိုက်စားမှုနှင့်အနည်ကျမှု ထိန်းချုပ်သော ရေနုတ်မြောင်းများနှင့်ရေလမ်းကြောင်းများကို ပြုပြင်ပါ။

**ပေါက်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်မြေပြင်ထိခိုက်မှုတို့ကြောင့် ကုန်းနေနှင့် ရေနေဇီဝမျိုးစိတ်များ ပျောက်ဆုံးခြင်း သို့ မဟုတ် ယုတ်လျော့ ခြင်း။**

ပေါက်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်မြေပြင်ထိခိုက်မှုကို လျော့ချ၍ ကုန်းနေနှင့်ရေနေ ဇီဝမျိုးစိတ်များကာကွယ်ရန် စီမံခန့်ခွဲမှုအစီအမံများမှာ -

(က) (ပုံ ၇-၁) ပါ အောက်ပါအချက်များကိုတိကျစွာ ဖော်ပြထားသည့် သတ္တုတွင်းအစီအစဉ်ကို ပြင်ဆင်ပါ။

(၁) လုပ်ကွက် သို့မဟုတ် အကွက်၏ နယ်နမိတ်ကို သတ်မှတ်ပါ။

(၂) သတ္တုတူးဖော်မည့်နေရာနှင့် နားခိုသည့်နေရာ၊ ကိရိယာပစ္စည်းသိုလှောင်ရုံ၊ စွန့်ပစ်မြေစာပုံ၊ မျောစင်များနှင့်ဆက်စပ်ပစ္စည်းများ၊ ချဉ်းကပ်လမ်းများနှင့် အပင်ပြန်လည်စိုက်ပျိုးရန်လိုအပ် သည့်ခုတ်ထွင်ရှင်းလင်းပြီး ပေါက်ပင်နေရာများအပါအဝင် သတ္တုတွင်းအခြေခံအဆောက်အအုံများအတွက်လိုအပ်သည့် ဧရိယာကို သတ်မှတ်ပါ။

(၃) အကွက် သို့မဟုတ် လုပ်ကွက်ကို ဝန်းပတ်ထားသော ရေဝေရေလဲဧရိယာရှိ ရေနုတ်မြောင်းများနှင့်ရေလမ်းကြောင်းများကို ဖော်ထုတ်ပါ။

(၄)　သတ္တုတွင်းမှရေများကို ရေနုတ်မြောင်းများ သို့မဟုတ် ရေလမ်းကြောင်း စွန့်ထုတ်မည့်နေရာ ဖော်ထုတ်သတ်မှတ်ပါ။

(၅)　သတ္တုတွင်းကို မည်သို့ပိတ်သိမ်းပြီး ပြန်လည်ထူထောင်မည်ကိုသတ်မှတ်ထားရမည်။

(ခ)　သတ္တုတူးဖော်မည့်နေရာနှင့်သတ္တုတွင်းအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံ ဧရိယာကို ဖော်ထုတ် သတ်မှတ်ရာတွင် အောက်ပါအချက်များကို ရှေးရှူ၍ လုပ်ဆောင်ရမည်။

(၁)　ယဉ်ကျေးမှုနယ်မြေများနှင့်ဘာသာရေးနေရာများကို ရှောင်ရှားရမည်။

(၂)　ရေလမ်းကြောင်းများကို ရှောင်ရှားပါ။

(၃)　ထိခိုက်လွယ်သော သစ်တောများ၊ ရှုံ့နွံစိုစွတ်သောစိမ့်မြေများနှင့်သတ္တဝါများနေထိုင်ရာနေရာများ ခြိမ်းခြောက်ခံရမှု သို့မဟုတ် မျိုးတုံးတော့မည့် တိရိစ္ဆာန်များနှင့်အပင်များကို ရှောင်ရှားရမည်။

တိုက်စားခြင်း၊ မြေများယုတ်လျော့မှု၊ သတ္တဝါများနေထိုင်ရာနေရာများ ပျက်စီးခြင်း သို့မဟုတ် ယုတ်လျော့ခြင်းနှင့် ပေါက်ပင်များ ရှင်းလင်းခြင်းမှ ရှောင်ရှားရန် စီမံခန့်ခွဲမည့် အစီအမံများမှာ -

(ဂ)　သတ္တုတူးဖော်မည့်နေရာနှင့်သတ္တုတွင်း အဆောက်အအုံဧရိယာပြင်ပရှိ ပေါက်ပင်များရှင်းလင်းရပါ။

(ဃ)　ပေါက်ပင်များ ခုတ်ထွင်ရှင်းလင်းရာတွင် နီးစပ်ရာ ပေါက်ပင်များနှင့်ရေလမ်းကြောင်း ဖြစ်နိုင်သည့်နေရာများတွင် ဘေးကင်းသည့်နည်းလမ်းများဖြင့် ကာကွယ် လုပ်ဆောင်ပါ။

(င)　တောရိုင်းတိရိစ္ဆာန်များ ထွက်ပြေးလွတ်မြောက်နိုင်ရန် အချိန်နှင့်အခွင့်အရေးပေးရန် ပေါက်ပင်များကို ဖြေးဖြေးခြင်း ရှင်းလင်းပါ။ အသိုက်များပတ်ပတ်လည်တွင် ရှင်းလင်းပြီး ဥများပေါက်သည်အထိစောက်ဆိုင်းပြီး သစ်ပင်များနှင့်ခြုံများကို ရှင်းလင်းပါ။

(စ)　လိုအပ်သောပေါက်ပင်များကိုသာ ရှင်းလင်းရမည်ဖြစ်ပြီး သစ်ပင်ကြီးများကို (ဘေးကင်းလျင်) အလုပ်သမားများအရိပ်ရစေရန်နှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်း ပြီးဆုံးသွားသောအခါ သဘာဝအတိုင်းပြန် လည်ပေါက်ရောက်စေရန် ချန်ထားခဲ့ရမည်။

(ဆ)　ရှင်းလင်းပြီးသော သစ်တောများမှ သစ်မျိုး၊ ထင်းပင်၊ ဆေးဖက်ဝင်ပင်များနှင့်အစေ့များကို သတ္တုတွင်းပြန်လည်စိမ်းလန်းရေးအတွက် ရယူသိမ်းဆည်းထားရမည်။

(ဇ)　ရှင်းလင်းပြီး ကျန်ရှိသော ပေါက်ပင်အကြွင်းအကျန်များကို မီးမရှို့ရ။ သတ္တုတွင်းပြန်လည်စိမ်းလန်းရေးလုပ်ဆောင်ရန်အတွက် ရှင်းလင်းပြီးသော ပေါက်ပင်များကို ပုံထားရမည်။

(ဈ) ရေလမ်းကြောင်းကမ်းပါးများမှ မီတာ ၅၀ အတွင်း ပေါက်ပင်များကို ရှင်းလင်းခြင်း မပြုရ။

(ည) ခေါင်းပေါင်းမြေများ၊ စွန့်ပစ်ကျောက်မြေစာများ သို့မဟုတ် ပေါက်ပင်အကြွင်းအကျန်များကို ရေလမ်းကြောင်းများအတွင်း စွန့်ပစ်ခြင်း မပြုရ။

## အန္တရာယ်ရှိသော ပစ္စည်းများဓာတ်ပြုခြင်းကြောင့် ကုန်းနှင့်ရေနေဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများတွင် လောင်စာ၊ ဆီ၊ အမဲဆီ၊ ဟိုက်ဒရောလစ်ဆီ၊ ပျော်ဝင်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ အသုံးပြုပြီးသော လောင်စာ၊ ဆီနှင့်အမဲဆီပုံးများ၊ ဆေးထိုးအပ်များနှင့် ဓာတ်ပြုထားသော မြေနှင့်ရေတို့ပါဝင်သည်။

ကုန်းနှင့်ရေနေဇီဝမျိုးစုံမျိုးကွဲများကို ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများထိခိုက်ခြင်းမှ လျော့ချရန် ကောင်းမွန်စွာကိုင်တွယ်၊ အသုံးပြု၍စွန့်ပစ်ရမည့် စီမံခန့်ခွဲမှု အစီအမံများမှာ -

(က) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ အသုံးပြုရန် လုံလောက်သည့် ပမာဏကိုသာ သိမ်းထားရမည်။

(ခ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်ပိုးမှု သို့မဟုတ် ပုံးများတွင် အညွှန်းများမပါလျှင် ဝယ်ယူခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ရ။

(ဂ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို အညွှန်းပါ လမ်းညွှန်ချက်များအတိုင်း သိုလှောင်ပါ။ ရေလမ်းကြောင်းများနှင့် မီတာ ၅၀ အတွင်း ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သိုလှောင်ခြင်းမပြုရ။ ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို လူများ၊ ရပ်ကွက်များ၊ အိမ်မွေးတိရိစ္ဆာန်များ သို့မဟုတ် တောရိုင်းတိရိစ္ဆာန်များနေထိုင်ရာနေရာများမှ ဝေးသည့်နေ ရာများတွင်သာ သိုလှောင်ရမည်။

(ဃ) အညွှန်းတွင် သန့်စင်ပြီး (concentration) ဟူသည့်အချက်ပါမှသာလျှင် အသုံးပြုပါ။

(င) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို ကိုင်တွယ်ချိန်တွင် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများကို အသုံးပြုပါ။

(စ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ လုံခြုံစွာသိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်းနှင့်စွန့်ပစ်ခြင်းများအတွက် အလုပ်သမားများကို သင်တန်းပို့ချပါ။

(ဆ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည်နေရာများတွင် စီမံ စွန့်ပစ်ရမည်။

## ဆူညံသံကြောင့် တိရိစ္ဆာန်များ၏နေထိုင်ရာ စာကျက်များပြောင်းလဲခြင်း သို့မဟုတ် ပြောင်းရွှေ့သွားခြင်း။

လူနှင့်တောရိုင်းတိရိစ္ဆာန်များ အနှောက်အယှက်ဖြစ်မှု လျော့ချရန် ဆူညံသံကို စီမံခန့်ခွဲမည့် အစီအမံများမှာ -

(ဓ) ကိရိယာပစ္စည်းများနှင့်စက်များအားလုံးတွင် အသံတိုးစေသည့် ကိရိယာများတပ်ဆင်ထားရမည်။ ထိုအသံတိုးကိရိယာများကိုလည်း အလုပ်လုပ်နေအောင် စီမံထားရမည်။

(ဈ) အနီးအနားရှိ အိမ်များ၊ ရွာများနှင့်ရွှေ့ပြောင်းနေထိုင်သူများ အနှောက်အယှက်ဖြစ်ခြင်းမှ ရှောင်ရှားရန် နေ့အချိန်များတွင်သာ အလုပ်လုပ်စေပါ။

## ရေကြီးခြင်းကြောင့် အသက်၊ သီးနှံ၊ ပိုင်ဆိုင်သောပစ္စည်းများနှင့်ဒေသတွင်းနေလူများအသုံးပြုသည့် အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်း။

ရေကြီးခြင်းကြောင့် ရေလမ်းကြောင်းများတွင် တိုက်စားခြင်းနှင့်အနည်ကျမှု တားဆီးခြင်းနှင့်အသက်၊ သီးနှံများ၊ ပိုင်ဆိုင်မှုပစ္စည်းများနှင့်အခြေခံအဆောက်အအုံများကို ကာကွယ်ရန် စီမံခန့်ခွဲမည့် အစီအမံများမှာ -

(က) ရေလမ်းကြောင်းကမ်းပါးများမှ မီတာ ၅၀ အတွင်း ပေါက်ပင်များရှင်းလင်းခြင်း မပြုရ။

(ခ) ခေါင်းပေါင်းမြေများ၊ စွန့်ပစ်ကျောက်မြေစာများ သို့မဟုတ် ပေါက်ပင်အကြွင်းအကျန်များကို ရေလမ်းကြောင်းများအတွင်းသို့ မပစ်ရ။

(ဂ) ရေလမ်းကြောင်းများအတွင်း သို့မဟုတ် အနီးတွင် ယာဉ်များ သို့မဟုတ် စက်ယန္တရားများနှင့်ကိရိယာပစ္စည်းများကို ရေဆေးခြင်း၊ ပြုပြင်ခြင်း၊ သို့မဟုတ် ဆီဖြည့်ခြင်းများ မပြုလုပ်ရ။

(ဃ) ဆီနှင့်ဓာတုပစ္စည်းများကို ရေလမ်းကြောင်းနှင့်ဝေးပြီး လုံခြုံသည့်နေရာများတွင် သိုလှောင်ထားရမည်။

(င) စက်များနှင့်ကိရိယာပစ္စည်းများကို ကောင်းမွန်စွာ လည်ပတ်နေနိုင်ရန်နှင့် လောင်စာဆီ၊ အမဲဆီနှင့်ဆီများ ဖိတ်စင်ရာမှ ကာကွယ်ရန် ထိန်းသိမ်းပြုပြင်ထားရမည်။

(စ) ဖြစ်နိုင်လျှင် တူးဖော်မှုလုပ်ငန်းများကို ခြောက်သွေ့ရာသီများဖြစ်သည့် (နိဝင်ဘာလ မှ မေလ) တွင် လုပ်ဆောင်ပါ။

(ဆ) မုန်တိုင်း သို့မဟုတ် မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရှင်းလင်းခြင်းနှင့်တူးဖော်ခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်းမှ ရှောင်ရှားရပါ။ ဤသို့ဖြင့် ရေနုတ်မြောင်းနှင့်ရေလမ်းကြောင်းများအတွင်းသို့ တိုက်စားခြင်းနှင့် အနည်ကျခြင်း ကန့်သတ်နိုင်မည်ဖြစ်သည်။

(ဇ) ဟင်းလင်းပွင့်တွင်းပတ်ပတ်လည်တွင် တွင်းသို့ ရေများဝင်ရောက်ခြင်းမရှိစေရန် cut off ရေနုတ်မြောင်းများ တည်ဆောက်ထားရမည်။

(ဈ) Cut off ရေနုတ်မြောင်းများကို နန်းတားများနှင့်နန်းစစ်များသို့ တိုက်ရိုက်ဆက်သွယ်ပါ။(ပုံ - ၇-၂) ဤသို့ဖြင့် ရေလမ်းကြောင်း သို့မဟုတ် ရေနုတ်မြောင်းကြီးများထဲသို့ မစွန့်ထုတ်မီ အနည်ကျနိုင်မည်ဖြစ်သည်။

(ည) အနည်ကျစေရန် ကျင်းရေ၊ သတ္တုတွင်းလျှံကျရေနှင့်စွန့်ပစ်ရေများကို နန်းတားနှင့်နန်စစ်များသို့ စွန့်ထုတ်ပါ။ ရေထိုးချမှုကြောင့် ကျလာသော နန်းရေများကို နန်းတားနှင့်နန်းစစ်များသို့စွန့်ထုတ်ရန် နန်းတားရေ လွှဲဘောင်များ တည်ဆောက်ပါ။ (ပုံ-၇-၃)

(ဋ) ရေနုတ်မြောင်းကြီးများ သို့မဟုတ် ရေလမ်းကြောင်းများသို့ မစွန့်ထုတ်မီ မြေစာပုံနှင့်မြေပုံထားသော နေရာများမှ လျှံကျရေးများကို နန်းတားနှင့်နန်းစစ်များသို့ စွန့်ထုတ်ခြင်းဖြင့် အနည်ကျစေပါ။

(ဌ) အညစ်အကြေးများနှင့်တိုက်စားခြင်းများကာကွယ်ရန် နန်းတားများမှ စွန့်ထုတ်မည့် ပုံစံ ဒီဇိုင်းဆွဲပါ။ စွန့်ထုတ်ပေါက်များကို ကျောက်တုံးများဖြင့် ကာကွယ်ထားပါ။

(ဍ) နန်းတားများတွင် စုမိနေသော အနည်များကို ပုံမှန်ဖယ်ရှားပြီး မြေစာပုံများထဲသို့ပြန်လည် စွန့်ပစ်ပါ။

(ဎ) ရေနုတ်ပြောင်းများ သို့မဟုတ် ချောင်းများ တူးဖော်ခြင်းလုပ်ငန်းများအတွက် လိုအပ်မှုမှ လွှဲ၍ ရေလမ်းလွှဲခြင်းကို ရှောင်ရှားပါ။ လမ်းလွှဲများပြုလုပ်ပါက တိုက်စားမှုကန့်သတ်ရန် ကျောက်တုံးများဖြင့် ခိုင်မာ အောင်တည်ဆောက်ထားပါ။ အနည်ကျလာခြင်းကို ကန့်သတ်ထားရန် နန်းစစ်များ တပ်ဆင်ထားပါ။

**ဖုန်နှင့်စွန့်ပစ်ပစ္စည်းများမီးရှို့ခြင်းကြောင့် လေအရည်အသွေးကျဆင်းမှုကို လျော့ချပါ။**

အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ်ထုတ်ပိုးမှုနှင့်စက္ကူကဒ်ထူ၊ အသုံးပြုပြီးသော ရေသန့်ဗူးများ၊ အစားအစာသိုးများနှင့်မီးဖိုချောင်းသုံးပစ္စည်းများ၊ ဆေးထိုးအပ်များ၊ တာပေါလင်းများ၊ အသုံးပြု၍မရ

တော့သော ပစ္စည်းများ၊ စက်များနှင့်ကိရိယာပစ္စည်းများ၊ အိမ်မှထွက်လာသော စွန့်ပစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေဆိုးများနှင့်လူတို့မှစွန့်ပစ်သော အညစ်အကြေးများပါဝင်သည်။

အန္တရာယ်မရှိသော ပစ္စည်းများကို သင့်လျော်စွာ စီမံခန့်ခွဲရန် အစီအမံများမှာ -

(က) "R" လေးလုံးဖြစ်သည့် - Reduce, Resue, Recycle, Responsibly dispose of waste, လျော့သုံး၊ ပြန်လည်အသုံးပြု၊ ပြုပြင်အသုံးပြုခြင်းနှင့်စွန့်ပစ်ပစ္စည်းများကို တာဝန်ရှိစွာ စွန့်ပစ်ခြင်းတို့ဖြစ်သည်။

(ခ) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(ဂ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ဃ) ပြန်အသုံးချနိုင်သည့်နှင့်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို အခြားအမှိုက်များမှ ရွေးထုတ်ပါ။ ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ် ရေဗူးများနှင့်စတီးလ်များပါဝင်သည်။

(င) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

(စ) အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိသော ပစ္စည်းများနှင့်ရောချ၍ မစွန့်ပစ်ရ။

(ဆ) ဆီ၊ အမဲဆီ၊ ပလက်စတစ်များနှင့်ဖော့များဖြစ်သည့် အန္တရာယ်မရှိသောပစ္စည်းများကို မီးမရှို့ရ။

**အနည်ကျခြင်းကြောင့် ရေအရည်အသွေးကျဆင်းမှုနှင့်စွန့်ပစ်ပစ္စည်များကြောင့် ညစ်ညမ်းမှုများလျော့ချခြင်း။**

အန္တရာယ်ရှိသောပစ္စည်းများနှင့်အန္တရာယ်မရှိသောပစ္စည်းများကြောင့် ညစ်ညမ်းမှုနှင့်ရေလမ်းကြောင်းများ အတွင်း တိုက်စားခြင်းနှင့်အနည်ကျခြင်းကို စီမံခန့်ခွဲမည့် အစီအမံများမှာ -

(က) ရေလမ်းကြောင်းကမ်းပါးများမှ မီတာ ၅၀ အတွင်း ပေါက်ပင်များရှင်းလင်းခြင်း မပြုရ။

(ခ) ခေါင်းပေါင်းမြေများ၊ စွန့်ပစ်ကျောက်မြေစာများ သို့မဟုတ် ပေါက်ပင်အကြွင်းအကျန်များကို ရေလမ်းကြောင်းများအတွင်းသို့ မပစ်ရ။

(ဂ) ရေလမ်းကြောင်းများအတွင်း သို့မဟုတ် အနီးတွင် ယာဉ်များ သို့မဟုတ် စက်ယန္တရားများနှင့်ကိရိယာပစ္စည်းများကို ရေဆေးခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ဆီဖြည့်ခြင်းများကို တားမြစ်ပါ။

(ဃ) ဆီနှင့်ဓာတုပစ္စည်းများကို ရေလမ်းကြောင်းနှင့်ဝေးပြီး လုံခြုံသည့်နေရာများတွင် သိုလှောင်ထားရမည်။

(င) စက်များနှင့်ကိရိယာပစ္စည်းများကို ကောင်းမွန်စွာ လည်ပတ်နေနိုင်ရန်နှင့် လောင်စာဆီ၊ အမဲဆီနှင့်ဆီများ ဖိတ်စင်ရာမှ ကာကွယ်ရန် ထိန်းသိမ်းပြုပြင်ထားရမည်။

(စ) ဖြစ်နိုင်လျှင် တူးဖော်မှုလုပ်ငန်းများကို ခြောက်သွေ့ရာသီများဖြစ်သည့် (နိုဝင်ဘာလ မှ မေလ) တွင် လုပ်ဆောင်ပါ။

(ဆ) မုန်တိုင်း သို့မဟုတ် မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရှင်းလင်းခြင်းနှင့်တူးဖော်ခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်းမှ ရှောင်ရှားပါ။ ဤသို့ဖြင့် ရေနုတ်မြောင်းနှင့်ရေလမ်းကြောင်းများအတွင်းသို့ တိုက်စားခြင်းနှင့် အနည်ကျခြင်း ကန့်သတ်နိုင်မည်ဖြစ်သည်။

(ဇ) ဟင်းလင်းပွင့်တွင်းပတ်ပတ်လည်တွင် တွင်းသို့ ရေများဝင်ရောက်ခြင်းမရှိစေရန် cut off ရေနုတ်မြောင်းများ တည်ဆောက်ထားရမည်။

(ဈ) Cut off ရေနုတ်မြောင်းများကို နန်းတားများနှင့်နန်းစစ်များသို့ တိုက်ရိုက်ဆက်သွယ်ပါ။(ပုံ - ၇-၂) ဤသို့ဖြင့် ရေလမ်းကြောင်း သို့မဟုတ် ရေနုတ်မြောင်းကြီးများထဲသို့ မစွန့်ထုတ်မီ အနည်ကျနိုင်မည်ဖြစ်သည်။

(ည) အနည်ကျစေရန် ကျင်းရေ၊ သတ္တုတွင်းလျှံကျရေနှင့်စွန့်ပစ်ရေများကို နန်းတားနှင့်နန်စစ်များသို့ စွန့်ထုတ်ပါ။ ရေထိုးချမှုကြောင့် ကျလာသော နန်းရေများကို နန်းတားနှင့်နန်းစစ်များသို့စွန့်ထုတ်ရန် နန်းတားရေ လွှဲဘောင်များ တည်ဆောက်ပါ။ (ပုံ-၇-၃)

(ဋ) ရေနုတ်မြောင်းကြီးများ သို့မဟုတ် ရေလမ်းကြောင်းများသို့ မစွန့်ထုတ်မီ မြေစာပုံနှင့်မြေပုံထားသောနေရာများမှ လျှံကျရေများကို နန်းတားနှင့်နန်းစစ်များသို့ စွန့်ထုတ်ခြင်းဖြင့် အနည်ကျစေပါ။

(ဌ) အညစ်အကြေးများနှင့်တိုက်စားခြင်းများကာကွယ်ရန် နန်းတားများမှ စွန့်ထုတ်မည့် ပုံစံ ဒီဇိုင်းဆွဲပါ။ စွန့်ထုတ်ပေါက်များကို ကျောက်တုံးများဖြင့် ကာကွယ်ထားပါ။

(ဍ) နန်းတားများတွင် စုမိနေသော အနည်များကို ပုံမှန်ဖယ်ရှားပြီး မြေစာပုံများထဲသို့ပြန်လည် စွန့်ပစ်ပါ။

(ဎ) ရေနုတ်မြောင်းများ သို့မဟုတ် ချောင်းများ တူးဖော်ခြင်းလုပ်ငန်းများအတွက် လိုအပ်မှုမှ လွှဲ၍ ရေလမ်းလွှဲခြင်းကို ရှောင်ရှားပါ။ လမ်းလွှဲများပြုလုပ်ပါက တိုက်စားမှုကန့်သတ်ရန် ကျောက်တုံးများဖြင့် ခိုင်မာ အောင်တည်ဆောက်ထားပါ။ အနည်ကျလာခြင်းကို ကန့်သတ်ထားရန် နန်းစစ်များ တပ်ဆင်ထားပါ။

အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ်ထုတ်ပိုးမှုနှင့်စက္ကူကဒ်ထူ၊ အသုံးပြုပြီးသော ရေသန့်ဗူးများ၊ အစားအစာသိုးများနှင့်မီးဖိုချောင်းသုံးပစ္စည်းများ၊ ဆေးထိုးအပ်များ၊ တာပေါ်လင်းများ၊ အသုံးပြု၍မရတော့သော ပစ္စည်းများ၊ စက်များနှင့်ကိရိယာပစ္စည်းများ၊ အိမ်မှထွက်လာသော စွန့်ပစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေဆိုးများနှင့်လူတို့မှစွန့်ပစ်သော အညစ်အကြေးများပါဝင်သည်။

အန္တရာယ်မရှိသော ပစ္စည်းများကို သင့်လျော်စွာ စီမံခန့်ခွဲရန် အစီအမံများမှာ -

(ဏ) “R” လေးလုံးဖြစ်သည့် - Reduce, Resue, Recycle, Responsibly dispose of waste, လျှော့သုံး၊ ပြန်လည်အသုံးပြု၊ ပြုပြင်အသုံးပြုခြင်းနှင့်စွန့်ပစ်ပစ္စည်းများကို တာဝန်ရှိစွာ စွန့်ပစ်ခြင်းတို့ဖြစ်သည်။

(တ) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(ထ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ဒ) ပြန်အသုံးချနိုင်သည့်နှင့်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို အခြားအမှိုက်များမှ ရွေးထုတ်ပါ။ ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ် ရေဗူးများနှင့်စတီးလ်များပါဝင်သည်။

(ဓ) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

(န) အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိသော ပစ္စည်းများနှင့်ရော၍ မစွန့်ပစ်ရ။

(ပ) ဆီ၊ အမဲဆီ၊ ပလက်စတစ်များနှင့်ဖော့များဖြစ်သည့် အန္တရာယ်မရှိသောပစ္စည်းများကို မီးမရှို့ရ။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများတွင် လောင်စာ၊ ဆီ၊ အမဲဆီ၊ ဟိုက်ဒရောလစ်ဆီ၊ ပျော်ဝင်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ အသုံးပြုပြီးသော လောင်စာ၊ ဆီနှင့်အမဲဆီပုံးများ၊ ဆေးထိုးအပ်များနှင့် ဓာတ်ပြုထားသော မြေနှင့်ရေတို့ပါဝင်သည်။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများထိခိုက်ခြင်းမှလျော့ချရန် ကောင်းမွန်စွာကိုင်တွယ်၊ အသုံးပြု၍စွန့်ပစ်ရမည့် စီမံခန့်ခွဲမှု အစီအမံများမှာ -

(ဖ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ အသုံးပြုရန် လုံလောက်သည့် ပမာဏကိုသာ သိမ်းထားရမည်။

(ဗ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်ပိုးမှု သို့မဟုတ် ပုံးများတွင် အညွှန်းများမပါလျှင် ဝယ်ယူခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ရ။

(ဘ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို အညွှန်းပါ လမ်းညွှန်ချက်များအတိုင်း သိုလှောင်ပါ။ ရေလမ်းကြောင်းများနှင့် မီတာ ၅၀ အတွင်း ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့် ပစ္စည်းများကို သိုလှောင်ခြင်းမပြုရ။ ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို လူများ၊ ရပ်ကွက်များ၊ အိမ်မွေးတိရစ္ဆာန်များ သို့မဟုတ် တောရိုင်းတိရစ္ဆာန်များနေထိုင်ရာနေရာများမှ ဝေးသည့်နေ ရာများတွင်သာ သိုလှောင်ရမည်။

(မ) အညွှန်းတွင် သန့်စင်ပြီး (concentration) ဟူသည့်အချက်ပါမှသာလျှင် အသုံးပြုပါ။

(ယ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို ကိုင်တွယ်ချိန်တွင် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများကို အသုံးပြုပါ။

(ရ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ လုံခြုံစွာသိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်းနှင့်စွန့်ပစ်ခြင်းများအတွက် အလုပ်သမားများကို သင်တန်းပို့ချပါ။

(လ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့်နေရာများတွင် စီမံ စွန့်ပစ်ရမည်။

ရေလမ်းကြောင်းများအတွင်းတိုက်စားခြင်းနှင့်အနည်ကျခြင်းကို ကန့်သတ်ရန်နှင့်ပြန်လည်စိမ်းလန်းစိုပြေရေးအတွက် အသုံးပြုရန် မြေဆီလွှာများကို ကာကွယ်မည့် စီမံခန့်ခွဲမှုအစီအစဉ်များမှာ -

(ဝ) တူးဖော်ထားသော ခေါင်းပေါင်းမြေများနှင့်စွန့်ပစ်မြေစာများကို အပေါ်ယံမြေဆီလွှာများမှ ခွဲခြားပုံထားရမည်။

(သ) အပေါ်ယံမြေဆီလွှာများကို ခုတ်ထွင်ရှင်းလင်းထားသော ကိုင်းဖျားကိုင်းနား (ရှင်းလင်းပြီး အကြွင်းအကျန်များ) များကို တိုက်စားခြင်းမဖြစ်စေရန် ကာကွယ်ရမည်ဖြစ်ပြီး မျိုးစေ့ဘဏ်များ ဖန်တီးထားရမည်။

## အန္တရာယ်ရှိသောပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများကြောင့် မြေထုတ်လုပ်နိုင်စွမ်း လျော့ကျမှု။

အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ်ထုတ်ပိုးမှုနှင့်စက္ကူကဒ်ထူ၊ အသုံးပြုပြီးသော ရေသန့်ဗူးများ၊ အစားအစာသိုးများနှင့်မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးထိုးအပ်များ၊ တာပေါလင်းများ၊ အသုံးပြု၍မရတော့သော ပစ္စည်းများ၊ စက်များနှင့်ကိရိယာပစ္စည်းများ၊ အိမ်မှထွက်လာသော စွန့်ပစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေဆိုးများနှင့်လူတို့မှစွန့်ပစ်သော အညစ်အကြေးများပါဝင်သည်။

အန္တရာယ်မရှိသော ပစ္စည်းများကို သင့်လျော်စွာ စီမံခန့်ခွဲရန် အစီအမံများမှာ -

(က) "R" လေးလုံးဖြစ်သည့် - Reduce, Resue, Recycle, Responsibly dispose of waste, လျော့သုံး၊ ပြန်လည်အသုံးပြု၊ ပြုပြင်အသုံးပြုခြင်းနှင့်စွန့်ပစ်ပစ္စည်းများကို တာဝန်ရှိစွာ စွန့်ပစ်ခြင်းတို့ဖြစ်သည်။

(ခ) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(ဂ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ဃ) ပြန်အသုံးချနိုင်သည့်နှင့်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို အခြားအမှိုက်များမှ ရွေးထုတ်ပါ။ ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ် ရေဗူးများနှင့်စတီးလ်များပါဝင်သည်။

(င) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

(စ) အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိသော ပစ္စည်းများနှင့်ရော၍ မစွန့်ပစ်ရ။

(ဆ) ဆီ၊ အမဲဆီ၊ ပလက်စတစ်များနှင့်ဖော့များဖြစ်သည့် အန္တရာယ်မရှိသောပစ္စည်းများကို မီးမရှို့ရ။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများတွင် လောင်စာ၊ ဆီ၊ အမဲဆီ၊ ဟိုက်ဒရောလစ်ဆီ၊ ပျော်ဝင်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ အသုံးပြုပြီးသော လောင်စာ၊ ဆီနှင့်အမဲဆီပုံးများ၊ ဆေးထိုးအပ်များနှင့် ဓာတ်ပြုထားသော မြေနှင့်ရေတို့ပါဝင်သည်။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများထိခိုက်ခြင်းမှလျော့ချရန် ကောင်းမွန်စွာကိုင်တွယ်၊ အသုံးပြု၍စွန့်ပစ်ရမည့် စီမံခန့်ခွဲမှု အစီအမံများမှာ -

(ဇ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ အသုံးပြုရန် လုံလောက်သည့် ပမာဏကိုသာ သိမ်းထားရမည်။

(ဈ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်ပိုးမှု သို့မဟုတ် ပုံးများတွင် အညွှန်းများမပါလျှင် ဝယ်ယူခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ရ။

(ည) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို အညွှန်းပါ လမ်းညွှန်ချက်များအတိုင်း သိုလှောင်ပါ။ ရေလမ်းကြောင်းများနှင့် မီတာ ၅၀ အတွင်း ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သိုလှောင်ခြင်းမပြုရ။ ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို လူများ၊ ရပ်ကွက်များ၊ အိမ်မွေးတိရစ္ဆာန်များ သို့မဟုတ် တောရိုင်းတိရစ္ဆာန်များနေထိုင်ရာနေရာများမှ ဝေးသည့်နေ ရာများတွင်သာ သိုလှောင်ရမည်။

(ဋ) အညွှန်းတွင် သန့်စင်ပြီး (concentration) ဟူသည့်အချက်ပါမှသာလျှင် အသုံးပြုပါ။

(ဌ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို ကိုင်တွယ်ချိန်တွင် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများကို အသုံးပြုပါ။

(ဍ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ လုံခြုံစွာသိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်းနှင့်စွန့်ပစ်ခြင်းများအတွက် အလုပ်သမားများကို သင်တန်းပို့ချပါ။

(ပ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည်နေရာများတွင် စီမံ စွန့်ပစ်ရမည်။

## ဆူညံသံကြောင့် အဆင်မပြေချောမွေ့မှုများနှင့်အိပ်စက်အနားယူမှုဆုံးရှုံးခြင်း။

လူနှင့်တောရိုင်းတိရစ္ဆာန်များ အနှောက်အယှက်ဖြစ်မှု လျော့ချရန် ဆူညံသံကို စီမံခန့်ခွဲမည့် အစီအမံများမှာ -

(က) ကိရိယာပစ္စည်းများနှင့်စက်များအားလုံးတွင် အသံတိုးစေသည့် ကိရိယာများတပ်ဆင်ထားရမည်။ ထိုအသံတိုးကိရိယာများကိုလည်း အလုပ်လုပ်နေအောင် စီမံထားရမည်။

(ခ) အနီးအနားရှိ အိမ်များ၊ ရွာများနှင့်ရွှေ့ပြောင်းနေထိုင်သူများ အနှောက်အယှက်ဖြစ်ခြင်းမှ ရှောင်ရှားရန် နေအချိန်များတွင်သာ အလုပ်လုပ်စေပါ။

## ခြင်များနှင့်ရေကြောင့်ဖြစ်ပေါ်သော ရောဂါများကြောင့် ကျန်းမာရေးညှိုးဖျင်းမှု။

(က) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(ခ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ဂ) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

## ကြွက်၊ လင်းနို့နှင့်အခြားပိုးမွှားများမှ ရောဂါကူးစက်ခြင်းကြောင့် ကျန်းမာရေးညှိုးဖျင်းမှု။

အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ်ထုတ်ပိုးမှုနှင့်စက္ကူကဒ်ထူ၊ အသုံးပြုပြီးသော ရေသန့်ဗူးများ၊ အစားအစာသိုးများနှင့်မီးဖိုချောင်းသုံးပစ္စည်းများ၊ ဆေးထိုးအပ်များ၊ တာပေါလင်းများ၊ အသုံးပြု၍မရတော့သော ပစ္စည်းများ၊ စက်များနှင့်ကိရိယာပစ္စည်းများ၊ အိမ်မှထွက်လာသော စွန့်ပစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေဆိုးများနှင့်လူတို့မှစွန့်ပစ်သော အညစ်အကြေးများပါဝင်သည်။

အန္တရာယ်မရှိသော ပစ္စည်းများကို သင့်လျော်စွာ စီမံခန့်ခွဲရန် ကြွက်များ၊ လင်းနို့များနှင့်အခြားပိုးမွှားများမှ ရောဂါကူးစက်ခြင်းကို ကာကွယ်ရန် စီမံခန့်ခွဲရမည့် အစီအမံများမှာ -

(က) "R" လေးလုံးဖြစ်သည့် - Reduce, Resue, Recycle, Responsibly dispose of waste, လျှော့သုံး၊ ပြန်လည်အသုံးပြု၊ ပြုပြင်အသုံးပြုခြင်းနှင့်စွန့်ပစ်ပစ္စည်းများကို တာဝန်ရှိစွာ စွန့်ပစ်ခြင်းတို့ဖြစ်သည်။

(ခ) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(ဂ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ဃ) ပြန်အသုံးချနိုင်သည့်နှင့်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို အခြားအမျိုက်များမှ ရွေးထုတ်ပါ။ ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ် ရေဗူးများနှင့်စတီးလ်များပါဝင်သည်။

(င) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

(စ) အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိသော ပစ္စည်းများနှင့်ရော၍ မစွန့်ပစ်ရ။

(ဆ) ဆီ၊ အမဲဆီ၊ ပလက်စတစ်များနှင့်ဖော့များဖြစ်သည့် အန္တရာယ်မရှိသောပစ္စည်းများကို မီးမရှို့ရ။

## အန္တရာယ်ရှိသောပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများ ထိတွေ့ရသောကြောင့် ကျန်းမာရေး ညှိဖျင်းမှု။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများတွင် လောင်စာ၊ ဆီ၊ အမဲဆီ၊ ဟိုက်ဒရောလစ်ဆီ၊ ပျော်ဝင်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ အသုံးပြုပြီးသော လောင်စာ၊ ဆီနှင့်အမဲဆီပုံးများ၊ ဆေးထိုးအပ်များနှင့် ဓာတ်ပြုထားသော မြေနှင့်ရေတို့ပါဝင်သည်။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများထိခိုက်ခြင်းမှလျော့ချရန် ကောင်းမွန်စွာကိုင်တွယ်၊ အသုံးပြု၍စွန့်ပစ်ရမည့် စီမံခန့်ခွဲမှု အစီအမံများမှာ -

(က) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ အသုံးပြုရန် လုံလောက်သည့် ပမာဏကိုသာ သိမ်းထားရမည်။

(ခ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်ပိုးမှု သို့မဟုတ် ပုံးများတွင် အညွှန်းများမပါလျှင် ဝယ်ယူခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ရ။

(ဂ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို အညွှန်းပါ လမ်းညွှန်ချက်များအတိုင်း သိုလှောင်ပါ။ ရေလမ်းကြောင်းများနှင့် မီတာ ၅၀ အတွင်း ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့် ပစ္စည်းများကို သိုလှောင်ခြင်းမပြုရ။ ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို လူများ၊ ရပ်ကွက်များ၊ အိမ်မွေးတိရိစ္ဆာန်များ သို့မဟုတ် တောရိုင်းတိရိစ္ဆာန်များနေထိုင်ရာနေရာများမှ ဝေးသည့်နေ ရာများတွင်သာ သိုလှောင်ရမည်။

(ဃ) အညွှန်းတွင် သန့်စင်ပြီး (concentration) ဟူသည့်အချက်ပါမှသာလျှင် အသုံးပြုပါ။

(င) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို ကိုင်တွယ်ချိန်တွင် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများကို အသုံးပြုပါ။

(စ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ လုံခြုံစွာသိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်းနှင့်စွန့်ပစ်ခြင်းများအတွက် အလုပ်သမားများကို သင်တန်းပို့ချပါ။

(ဆ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့်နေရာများတွင် စီမံ စွန့်ပစ်ရမည်။

## မူးယစ်ဆေးဝါး၊ အရက်၊ အခြားစွဲလမ်းစေတတ်သော ပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်း စုဆောင်းမှုများကြောင့် လူထုအုံကြွမှုဖြစ်ပေါ်ခြင်း။

လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်သူများသည် ၄င်းတို့၏အလုပ်သမားများနှင့်ဒေသခံပြည်သူများအကြား ကောင်းသောဆက်ဆံရေးကို ထိန်းသိမ်းထားရမည်။ ၄င်းတို့၏ အလုပ်သမားများကို တာဝန်ယူမှုရှိစွာ ပြုမူစေပြီး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ၄င်းတို့၏စိုးရိမ်မှုများကို ဖြေရှင်းရမည်။ ကောင်းသည့်ဆက်ဆံရေးထိန်းသိမ်းထားရန်နှင့်ဆက်စပ်ထိခိုက်မှုများမှ အလုပ်သမားများ၊ ဒေသခံပြည်သူများကို ကာကွယ်ရန် အကောင်အထည်ဖော်ဆောင်ရမည့် စီမံခန့်ခွဲမှုအစီအမံများမှာ -

(က) အပိုင်း ၉-၂ တွင် ဖော်ပြ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရမည်။

(ခ) နီးစပ်ရာ ဒေသတွင်းနေထိုင်သူများနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊ မည်သူနှင့်တွေ့ဆုံထားသည်ကို မှတ်တမ်းပြုစုထားရမည်ဖြစ်ပြီး မည်သည့်စိုးရိမ်ပူပင်မှုများ သို့မဟုတ် ကန့်ကွက်မှုများတင်ပြခဲ့သည်ကို မှတ်တမ်း တင်ထားရမည်။ ထိုနောက် တူးဖော်ချိန်တွင် ထိုစိုးရိမ်မှုများ သို့မဟုတ် ကန့်ကွက်မှုများကို မည်သို့ စီမံမည် ကို မှတ်တမ်းတင်ထားရမည်။

(ဂ) နီးစပ်ရာ ဒေသတွင်းနေထိုင်သများနှင့် စဉ်ဆက်မပျက် ပုံမှန်ဆက်ဆံရေးကို ထားရှိရမည်။ ၄င်းတို့တင်ပြလာသော စိုးရိမ်မှုနှင့်ကန့်ကွက်မှုများကို မှတ်တမ်းတင်ထားပြီး မည်သို့ စီမံဖြေရှင်းခဲ့ပြီးဖြစ်သည်ကိုလည်း မှတ်တမ်းတင်ထားရမည်။

## ၇-၃ ။ စီမံခန့်ခွဲမှုအစီအစဉ်များ

အပိုင်း ၇-၃ တွင် စီမံခန့်ခွဲမှုအစီအစဉ်များကို မည်သည့်အချိန် (သတ္တုလုပ်ငန်းစဉ်အဆင့်များ) တွင် အကောင်အထည်ဖော်ရန် လိုအပ်သည်ကို အသေးစိတ် ဖော်ပြထားပါသည်။ ၄င်းတို့မှာ -

- သတ္တုမတူးဖော်မီ - သတ္တုတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ်များ ကောင်းမွန်စွာ ရေးဆွဲရမည်။
- သတ္တုတူးဖော်နေစဉ် - သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများကို ရှောင်ရှားခြင်း၊ အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း၊ လျော့ချခြင်း၊ အစားထိုးပေးလျော်ခြင်း စသည်တို့ ပြုလုပ်ရမည်။
- သတ္တုတူးဖော်ပြီးနောက် - သတ္တုတွင်းနေရာများကို ကောင်းမွန်စွာပြန်လည်ထူထောင်ခြင်း၊ ပြင်ဆင်ပြီးသော မြေပြင်သည် ဒေသခံအဖွဲ့အစည်းများ ပြန်လည်အသုံးပြုနိုင်သည့် အနေအထားရောက်အောင် ပြုပြင်ထားရှိပေးရမည်။

## ၇-၃-၁ သတ္တု မတူးဖော်မီ

သတ္တုတွင်း မတူးဖော်မီ အောက်ပါ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရမည်။

(က) သတ္တုတွင်း အစီအစဉ်ကို ပုံပြဇယား (၇-၁) တွင် ပြထားသည့်အတိုင်း တိကျစွာ ရေးဆွဲပါ။

(၁) ဘလောက် (Block) သို့မဟုတ် လုပ်ကွက် နယ်နမိတ်များကို သတ်မှတ်ပါ။

(၂) သတ္တုတူးဖော်မည့်နေရာနှင့် နေအိမ်၊ စက်ယန္တရားများသိုလှောင်ရုံ၊ စွန့်ပစ်ကျောက် ပုံများ/မြေစာပုံများ၊ မျောစင်များနှင့် ၎င်းတို့ ရရှိနိုင်မှုများနှင့် အပင်ပြန်လည်စိုက်ပျိုးခြင်းတွင် ပြန်လည် အသုံးပြုနိုင်ရန် အပင်များစသည့် သတ္တုတွင်းလုပ်ငန်း၏ အခြေခံ အဆောက်အအုံများဆောက်လုပ်ရန်နေရာများကို သတ်မှတ်ပါ။

(၃) ဘလောက် (Block) သို့မဟုတ် လုပ်ကွက်တို့အား ဂန်းပတ်ထားသည့် ရေဝေရေလဲ နေရာများတွင် ရေနုတ်မြောင်းများနှင့် ရေလမ်းကြောင်းများကို ဖော်ထုတ်သတ်မှတ်ပါ။

(၄) သတ္တုတွင်း လုပ်ငန်းနေရာမှ စီးဆင်းလာသည့် ရေများကို ရေနုတ်မြောင်းလိုင်း သို့မဟုတ် ရေလမ်းကြောင်းများ အတွင်းသို့ ဖယ်ထုတ်သည့် နေရာများကို သတ်မှတ်ပါ။

(၅) သတ္တုတွင်းကို မည်သို့ပြန်လည်ထူထောင်မည်နှင့်ပိတ်သိမ်းမည်ကို သတ်မှတ်ပါ။

(ခ) သတ္တုတူးဖော်မည့်နေရာနှင့် သတ္တုတွင်းအခြေခံအဆောက်အအုံနေရာများကို သတ်မှတ်ရာတွင် -

(၁) ယဉ်ကျေးမှု အမွေအနှစ်များနှင့် သာသနာနယ်မြေများကို ရှောင်ရှားပါ။

(၂) ရေလမ်းကြောင်းများကို ရှောင်ရှားပါ။

(၃) ထိရှလွယ်သော သစ်တော၊ စိုစွတ်မြေနှင့် အန္တရာယ်ရှိနိုင်သော တိရိစ္ဆာန်များနှင့် အပင်များ၏ နေရာဒေသများကို ရှောင်ရှားပါ။

(ဂ) အလုပ်အကိုင်များလုပ်ကိုင်ရာပြီးစေရန်နှင့် အလုပ်သမားများ၏ကျန်းမာရေးနှင့်လုံခြုံရေးကို အကာအကွယ်ပေးသည့် တကိုယ်ရည်ကာကွယ်မှု ပစ္စည်း ကိရိယာများ (ဥပမာ၊ အဂတ်အထည်များ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ မျက်နှာစည်းများ၊ နားအအုပ်များ၊ လက်အိတ်များနှင့် လုံခြုံရေးမှန်ကာများ) ပေးအပ်ပါ။

(ဃ) လက်နက်ကိရိယာများနှင့် စက်ယန္တရားများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုပုံ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ (အသုံးပြုပါက) နှင့် လောင်စာတို့ ကို ဘေးအန္တရာယ်ကင်းကင်း ကိုင်တွယ်အသုံးပြုနိုင် စေရန် အလုပ်သမားများအား သင်တန်းပို့ ချပါ။

(င) အလုပ်သမားများ ကျန်းမာ၊ ကြံ့ခိုင်သန်မာစေရန်နှင့် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးနှင့်အခြား ယစ်မူးစေတတ်သော အရာများ သုံးစွဲခြင်းတို့ မပြုလုပ်စေရန် သေချာစေရပါမည်။

(စ) ပတ်ဝန်းကျင်ရှိ လူထု အဖွဲ့ အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး မည်သူနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်၊ မည်သည့် အကြောင်းအချက်များ သို့ မဟုတ် မည်သည့် ကန့် ကွက်မှုများ ထုတ်ဖော်ပြောကြားခဲ့သည်၊ ထိုအ ကြောင်းအချက်များ သို့ မဟုတ် ကန့် ကွက်မှုများကို သတ္တုတူးဖော်နေစဉ်အတွင်း မည်သို့ စီမံခန့် ခွဲရလိမ့်မည် များကို မှတ်တမ်းဖြင့် မှတ်သားထားရပါမည်။

## ၇-၃-၂ သတ္တုတွင်း တူးဖော်နေစဉ်အတွင်း

အောက်ပါ အပိုင်းများတွင် သတ္တုတူးဖော်လုပ်ငန်းများတွင် အသုံးချမည့် စီမံခန့် ခွဲမှု လုပ်ဆောင်ချက်များကို ချမှတ်ထားပါသည်။

### သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း စီမံခန့် ခွဲမှု

သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သက်ရှိတို့ နေထိုင်ပေါက်ရောက်ရာ နေရာများ ပျောက်ဆုံးခြင်း သို့ မဟုတ် ဆုံးရှုံးခြင်း၊ မြေလွှာ အရည်အသွေး လျော့ကျခြင်းနှင့် တိုက်စားခြင်းတို့ ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေမည့် စီမံခန့် ခွဲမှု လုပ်ဆောင်ချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်။

(က) သတ္တုတူးဖော်မည့် နေရာနှင့် သတ္တုတွင်းလုပ်ငန်း၏ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ရန်လိုအပ်သည့် နေရာများအပြင်ဘက်တွင် အပင်များ ခုတ်ထွင်ရှင်းလင်းခြင်း မပြုလုပ်ရပါ။

(ခ) ပေါက်ပင်များနှင့် ရေလမ်းကြောင်းများ ပတ်ဝန်းကျင်တွင် ခုတ်ထွင် ရှင်းလင်းရန် လိုအပ်ပါက၊ ထိန်းထိန်း သိမ်းသိမ်း ခုတ်ထွင်ရှင်းလင်းရပါမည်။




ပုံ (၁) လက်လုပ်လက်စား သို့မဟုတ် အသေးစားသတ္တုတူးဖော်ခြင်း ပုံစံ နမူနာ

(ဂ) တောရိုင်းတိရိစ္ဆာန်များ ထွက်ပြေးလွတ်မြောက်နိုင်ရန် အချိန်နှင့်အခွင့်အရေးပေးရန် ပေါက်ပင်များကို ဖြေးဖြေးခြင်း ရှင်းလင်းပါ။ အသိုက်များပတ်ပတ်လည်တွင် ရှင်းလင်းပြီး ဥများပေါက်သည်အထိစောက်ဆိုင်းပြီး သစ်ပင်များနှင့်ခြုံများကို ရှင်းလင်းပါ။

(ဃ) အပင်ကြီးများကို အလုပ်သမားများအတွက်အရိပ်ရရှိရန်နှင့် သတ္တုတွင်းပြီးစီးသွားသည့်အခါသဘာဝအတိုင်း အပင်များပြန်လည်ပေါက်ရောက်ခြင်းအတွက် အထောက်အကူဖြစ်စေရန် လိုအပ်သည့်အတိုင်းအပင်ကြီးများကို (ဘေးကင်းမှုရှိပါက) ချန်လှပ်ကာ အပင်များကို ခုတ်ထွင်ရှင်းလင်းပါ။

(င) ပျဉ်၊ သစ်သား၊ ထင်း၊ ဆေးဘက်ဝင်အပင်များနှင့် သတ္တုတွင်း ပြန်လည်စိမ်းလန်းစိုပြေရေးအတွက် အသုံးပြုနိုင်ရန် အစေ့များ အပါအဝင် ခုတ်ထွင်ရှင်းလင်းထားသည့် အပင်၊ အကိုင်းအခက်များမှ မည်သည့် သစ်တောထွက် ထုတ်ကုန်များကို ပြန်လည်ရှာဖွေပါ။

(စ) ခုတ်ထွင်ရှင်းလင်းထားသည့် အပင် အကိုင်းအခက် အကြွင်းအကျန်များကို မီးရှို့မပစ်ပါနှင့်။ ခုတ်ထွင်ရှင်း လင်းထားသည့် အပင် အကိုင်းအခက်များကို သတ္တုတွင်း ပြန်လည်စိမ်းလန်းစိုပြေရေးအတွက် အသုံးပြု နိုင်ရန် စုပုံထားပါ။

## အပေါ်ယံမြေဆီလွှာအား ကာကွယ်ခြင်းနှင့် ဖယ်ဆယ်ခြင်း

ပြန်လည်စိမ်းလန်းစိုပြေရေးအတွက် ပြန်လည်အသုံးပြုနိုင်ရန် အပေါ်ယံမြေလွှာအား ကာကွယ်ပေးသည့် စီမံ ခန့်ခွဲမှု လုပ်ဆောင်ချက်များမှာ -

(ဆ) တူးဖော်စုပုံထားသည့် မြေလွှာပုံများကို အပေါ်ယံမြေလွှာနှင့် စွန့်ပစ်မြေစာပုံဟူ၍ ခွဲခြားထားပါ။

(ဇ) အပေါ်ယံမြေဆီလွှာပုံများကို တိုက်စားခံရခြင်း ကန့်သတ်ရန်နှင့် အစေ့ဘဏ်များ ပြုလုပ်နိုင်ရန် ချုံပင်များ (ရှင်းလင်းထားသည့် အကြွင်းအကျန်များဖြင့်) ကာကွယ်ထားပါ။

## ရေလမ်းကြောင်းများ ကာကွယ်ထားခြင်း

ရေလမ်းကြောင်းများ ကာကွယ်ပေးရန်နှင့် တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့ကို ကာကွယ်ပေးနိုင်သည့် စီမံ ခန့်ခွဲမှု လုပ်ဆောင်ချက်များမှာ -

(ဈ) ရေလမ်းကြောင်းကမ်းနဖူးနှင့် မီတာ ၅၀ အတွင်း သစ်ပင်များ ခုတ်ထွင် ရှင်းလင်းခြင်းမပြုလုပ်ရပါ။

(ည) ရေလမ်းကြောင်းများတွင် အပေါ်ယံမြေလွှာ သို့မဟုတ် စွန့်ပစ်မြေစာပုံများကို မထားရှိပါနှင့်။

(ဋ) စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ယန္တရားများကို ရေလမ်းကြောင်းများ အနီးတွင် သို့မဟုတ် အတွင်းတွင် ရေဆေးချခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် လောင်စာဆီဖြည့်ခြင်းတို့ကို တားမြစ်ပါ။

(ဌ) လောင်စာဆီများနှင့် ဓာတုပစ္စည်းများကို ရေလမ်းကြောင်းများ အဝေး လုံခြုံသည့် နေရာတွင် သိုလှောင်ပါ။

(ဍ) စက်ပစ္စည်းကိရိယာများနှင့် စက်ယန္တရားများ မပျက်စီးဘဲ နဂိုအတိုင်းရှိနေစေရန်နှင့် လောင်စာဆီ၊ စက်ဆီနှင့် ဆီများ ယိုဖိတ်ခြင်းမှ ကာကွယ်ရန် ပြုပြင်ထိန်းသိမ်းပါ။

(ဎ) ဖြစ်နိုင်ပါက၊ ခြောက်သွေ့ရာသီ (နိုဝင်ဘာလမှ မေလအတွင်း) သတ္တုတူးဖော်ခြင်းလုပ်ငန်းများဆောင ရွက်ပါ။

(ဏ) ရေနုတ်မြောင်းလိုင်းများနှင့် ရေလမ်းကြောင်းများတွင် တိုက်စားမှုနှင့် အနည်ကျမှုကို ကန့်သတ်ထားနိုင်ရန် မုန်တိုင်းအချိန်နှင့် မိုးသည်းထန်သည့်အခါများတွင် မြေတူးဖော်ခြင်းကို ရှောင်ရှားပါ။

(တ) ရေများ သတ္တုတွင်းထဲသို့ စီးကျခြင်း ရပ်ထားနိုင်ရန်) ဟင်းလင်းပွင့်တူး သတ္တုတွင်းများ ပတ်လည်တွင် Cut-off ရေနုတ်မြောင်းများ ဆောက်လုပ်ပါ။

(ထ) Cut-off ရေနုတ်မြောင်းများကို နုန်းတား (ပုံပြဇယား ၇-၂) နှင့် နုန်းစစ် သို့မဟုတ် ရေနုတ်မြောင်းများ သို့မဟုတ် ရေလမ်းကြောင်းများထဲသို့ မဖယ်ထုတ်ခင် နုန်းနှစ်များကို အနည်ထိုင်စေရန် ဦးတည်ဆောက်လုပ်ထားပါ။

(ဒ) သတ္တုတွင်း ရေများ၊ သတ္တုတွင်းလုပ်ငန်းမှ လျှံကျသောရေနှင့် စွန့်ပစ်ရေများကို ရေနုတ်မြောင်းများ သို့မဟုတ် ရေလမ်းကြောင်းများထဲသို့ မဖယ်ထုတ်ခင် နုန်းနှစ်များကို အနည်ထိုင်စေရန် နုန်းတားနှင့်နုန်းစစ်သို့ စွန့်ထုတ်ပါ။ ရေလွှဲတာဘောင်များကို ကျောက်စိမ်းရှိသော မြေသားများကို ရေပိုက်ဖြင့် ထိုးချနိုင်ရန်အတွက် နုန်းစစ်ထောင်ချောက်နှင့် နုန်းတားခြံစည်းရိုးအကွဲ (ပုံပြ ဇယား ၇-၃) သို့ ဦးတည်ဆောက်လုပ်ပါ။

(ဓ) စွန့်ပစ်ကျောက်ပုံများနှင့် မြေစာပုံများမှ စီးကျရေများကို ရေနုတ်မြောင်းများ သို့မဟုတ် ရေလမ်းကြောင်းများထဲသို့ မဖယ်ထုတ်ခင် နုန်းတားနှင့် နုန်းစစ်များသို့ ရောက်ရှိစေပါ။

(န) နုန်းတားမှ စွန့်ပစ်ပစ္စည်းများကို ပြင်းထန်စွာ တိုက်စားခြင်းနှင့်သာမန်တိုက်စားခြင်းများမှ ကာကွယ်နိုင်ရန်မှ ဒီဇိုင်းဖော်ပါ။ စွန့်ထုတ်ရာလမ်းကြောင်းများကို ကျောက်များဖြင့် တားဆီးကာကွယ် ထားပါ။

(ပ) စုပုံလာသော အနည်များကို နုန်းစစ်ထောင်ချောက်များမှ ပုံမှန်ဖယ်ရှားပြီး စွန့်ပစ်ကျောက်ပုံများ သို့မဟုတ် မြေစာပုံများတွင် စွန့်ပစ်ပါ။

(ဖ) သတ္တုတူးဖော်ခြင်းအတွက် မလိုအပ်ပါက၊ ရေနုတ်မြောင်းလိုင်းများ သို့မဟုတ် စမ်းချောင်းများ၏ ရေလွှဲတာဘောင်များကို ရှောင်ရှားပါ။ အကယ်၍ ရေလမ်းလွှဲပါက၊ တိုက်စားခြင်းများမှ ကန့်သတ်ထားရန် ဆောက်လုပ်ပြီးသားလမ်းကြောင်းများကို ကျောက်တုံးများဖြင့် ထပ်ပံအားဖြည့်ပါ။ အနည်များသယ်ဆောင်သွားခြင်းမှ ကန့်သတ်ထားနိုင်ရန် ရေလမ်းလွှဲများတွင် နုန်းတားချိစည်း ရိုးအကွဲများကို ဆောက်လုပ်ပါ။




**ပုံ (၂) နန်းတား ပုံစံဒီဇိုင်း နမူနာ**




**ပုံ (၃) ရေဖြင့်ထိုးချခြင်းကြောင့် ဖြစ်ပေါ်သော တိုက်စားခြင်းနှင့်အနည်ထိန်းချုပ်ခြင်းအတွက် နန်းတားပုံစံဒီဇိုင်း နမူနာ**

## အန္တရာယ် မဖြစ်စေနိုင်သည့် စွန့် ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု

အန္တရာယ်မဖြစ်စေနိုင်သည့် စွန် ့ပစ်ပစ္စည်းများတွင် ပလတ်စတစ်ထုပ်ပိုးမှုများနှင့် ကဒ်ထူများအပါအဝင် ထုပ်ပိုးပစ္စည်းများ၊ ရေဗူးများ၊ စားကြွင်းစားကျန်များနှင့် အသုံးဆောင်များ၊ဆေးထိုးအပ်များ၊ အသုံးပြုပြီးသား တာပေါ်လင်များ၊ အသုံးမပြုနိုင်တော့သော လက်နက်ကိရိယာများ၊ စက်များနှင့်စက်ယန္တရားများ၊ အိမ်တွင်း စွန့်ထုတ်မှုပစ္စည်းများ၊ အခြား မည်သည့်ပစ္စည်းများနှင့် လူအညစ်အကြေးများ ပါဝင်သည်။

အန္တရာယ်မဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ လျော်ကန်စွာ စီမံခန့်ခွဲနိုင်ရန် စီမံခန့်ခွဲမှု လုပ်ဆောင်ချက် များမှာ -

(ဗ) “R” လေးလုံးဖြစ်သည့် - Reduce, Resue, Recycle, Responsibly dispose of waste, လျော့သုံး၊ ပြန်လည်အသုံးပြု၊ ပြုပြင်အသုံးပြုခြင်းနှင့်စွန့်ပစ်ပစ္စည်းများကို တာဝန်ရှိစွာ စွန့်ပစ်ခြင်းတို့ဖြစ်သည်။

(ဘ) ကျင်းအိမ်သာများကို ရေလမ်းကြောင်းနှင့်ရေနုတ်မြောင်းလမ်းကြောင်းများ၏ အဝေးတွင် တည်ဆောက် ထိန်းသိမ်းထားရမည်။

(မ) စွန့်ပစ်ပစ္စည်းအားလုံးကို စုဆောင်းပြီး ငှက်များ၊ တိရိစ္ဆာန်များကောက်ယူ သယ်ဆောင်ပစ်ချခြင်းမှ ရှောင်ရှားရန် လုံခြုံသည့် ပုံးများထဲတွင် ထည့်ထားရမည်။

(ယ) ပြန်အသုံးချနိုင်သည့်နှင့်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို အခြားအမျိုက်များမှ ခွဲထုတ်ပါ။ ပြုပြင်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများတွင် ပလက်စတစ် ရေဗူးများနှင့်စတီးလ်များပါဝင်သည်။

(ရ) သတ္တုတွင်းနေရာများမှ အမှိုက်များကို ပုံမှန်ဖယ်ရှားပါ။ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် ဘုံ သို့မဟုတ် အများပြည်သူသုံးအမှိုက်ကန်များတွင် စွန့်ပစ်ရမည်။ ပြုပြင်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ပြန်လည်ပြုပြင်သည့်နေရာများရှိပါက ပို့ဆောင်ခြင်းကို စီမံရမည်။ ထို သို့မရှိပါက သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ရမည်။

(လ) အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိသော ပစ္စည်းများနှင့်ရောချ၍ မစွန့်ပစ်ရ။

(ဝ) ဆီ၊ အမဲဆီ၊ ပလက်စတစ်များနှင့်ဖော့များဖြစ်သည့် အန္တရာယ်မရှိသောပစ္စည်းများကို မီးမရှို့ရ။

## အန္တရာယ် ဖြစ်စေနိုင်သည့် စွန့် ပစ်ပစ္စည်းများ နှင့်ဓာတုပစ္စည်းများ စီမံခန့် ခွဲမှု

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများတွင် လောင်စာ၊ ဆီ၊ အမဲဆီ၊ ဟိုက်ဒရောလစ်ဆီ၊ ပေါ်ဝင်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ အသုံးပြုပြီးသော လောင်စာ၊ ဆီနှင့်အမဲဆီပုံးများ၊ ဆေးထိုးအပ်များနှင့် ဓာတ်ပြုထားသော မြေနှင့်ရေတို့ပါဝင်သည်။

ဓာတုနှင့်အန္တရာယ်ရှိသောပစ္စည်းများထိခိုက်ခြင်းမှလျော့ချရန် ကောင်းမွန်စွာကိုင်တွယ်၊ အသုံးပြု၍စွန့်ပစ်ရမည့် စီမံခန့်ခွဲမှု အစီအမံများမှာ -

(သ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ အသုံးပြုရန် လုံလောက်သည့် ပမာဏကိုသာ သိမ်းထားရမည်။

(ဟ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်ပိုးမှု သို့မဟုတ် ပုံးများတွင် အညွှန်းများမ ပါလျှင် ဝယ်ယူခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ရ။

(ဠ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို အညွှန်းပါ လမ်းညွှန်ချက်များအတိုင်း သိုလှောင်ပါ။ ရေလမ်းကြောင်းများနှင့် မီတာ ၅၀ အတွင်း ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့် ပစ္စည်းများကို သိုလှောင်ခြင်းမပြုရ။ ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို လူများ၊ ရပ်ကွက်များ၊ အိမ်မွေးတိရိစ္ဆာန်များ သို့မဟုတ် တောရိုင်းတိရိစ္ဆာန်များနေထိုင်ရာနေရာများမှ ဝေးသည့်နေ ရာများတွင်သာ သိုလှောင်ရမည်။

(အ) အညွှန်းတွင် သန့်စင်ပြီး (concentration) ဟူသည့်အချက်ပါမှသာလျှင် အသုံးပြုပါ။

(ကက) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို ကိုင်တွယ်ချိန်တွင် တစ်ကိုယ်ရည်အကာ အကွယ်ပစ္စည်းများကို အသုံးပြုပါ။

(ခခ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများ လုံခြုံစွာသိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံး ပြုခြင်းနှင့်စွန့်ပစ်ခြင်းများအတွက် အလုပ်သမားများကို သင်တန်းပို့ချပါ။

(ဂဂ) ဓာတုဗေဒပစ္စည်းများနှင့်အန္တရာယ်ရှိသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ သည်နေရာများတွင် စီမံ စွန့်ပစ်ရမည်။

**ဆူညံသံများ စီမံခန့် ခွဲမှု**

လူများနှင့် တောရိုင်းတိရိစ္ဆာန်များ အနှောက်အယှက်များ လျော့ကျစေရန် ဆူညံသံများ စီမံခန့် ခွဲရန်အတွက် စီမံခန့် ခွဲမှု လုပ်ဆောင်ချက်များမှာ-

(ဃဃ) စက်ပစ္စည်းများနှင့် စက်ယန္တရားများအားလုံးတွင် ပါဝင်သည့် အစုအခံများသည် ကွက်တိဖြစ်နေရ မည် ဖြစ်ပြီး မပျက်မစီးဘဲ အကောင်းအတိုင်းအလုပ်လုပ်နိုင်စေရန် ပြုပြင်ထိန်းသိမ်းထားရပါမည်။

(ငင) နီးစပ်ရာ အိမ်များ၊ ကျေးရွာများနှင့် လူတို့ အခြေချရာနေရာများအား အနှောက်အယှက်ဖြစ်စေခြင်းမှ ရှောင်ရှားနိုင်ရန် နေ့ ဘက်အလုပ်ချိန်များမှ အလုပ်များ ကန့် သတ်ပါ။

**အိမ်နီးချင်းများ၊ လူထုများနှင့် အလုပ်လုပ်ကိုင်ခြင်း**

နီးစပ်ရာ လုပ်ကွက်များ၊ မြေပိုင်ရှင်များနှင့် လူထုများအကြား ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက် ထားနိုင်ရန်မှာ အရေးကြီးလှပါသည်။

(စစ) ပတ်ဝန်းကျင် လူထုများနှင့် အဆက်မပြတ်သော ဆက်ဆံမှုများ၊ ထုတ်ဖော်ပြောဆိုလာသော စိုးရိမ်မှုများ သို့မဟုတ် ကန့်ကွက်မှုများနှင့် ထိုစိုးရိမ်မှုများ သို့မဟုတ် ကန့်ကွက်မှုများကို မည်သို့ စီမံခန့်ခွဲရမည် တို့ကို မှတ်တမ်းဖြင့် မှတ်သားထားရပါမည်။

## ၇-၃-၃ သတ္တုတွင်း တူးဖော်ပြီးနောက်

သတ္တုတွင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး တာဝန်သိသိဖြင့် ချန်ထားနိုင် ရန် စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရပါမည်။

(ဆဆ) လုပ်ကွက် (Block) သို့မဟုတ် လုပ်ကွက်များမှ လက်နက်ကိရိယာများ၊ ပစ္စည်းကိရိယာများ၊စက်ယန္တရားများနှင့် အဆောက်အအုံများ/နေအိမ်များအားလုံး ဖယ်ရှားပါ။

(ဇဇ) အန္တရာယ်မဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများအားလုံးကို ဘုံအမှိုက်ပုံ သို့မဟုတ် အများပိုင်အမှိုက်ပုံ သို့ ရှင်းလင်းဖယ်ရှားပါ။

(ဈဈ) လုပ်ငန်းများမှ ဓာတုပစ္စည်းများနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (လောင်စာ၊ဆီ၊ အမဲဆီနှင့် ဓာတုပစ္စည်းများ) အားလုံးကို ရှင်းလင်းဖယ်ရှားပြီး ဆောက်လုပ်ပုံဖော်ထားသည့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးနေရာများတွင် စွန့်ပစ် ပါ သို့မဟုတ် အစီအစဉ်ချပါ။

(ညည) လက်တွေ့ဖြစ်နိုင်ပါက၊ ဟင်းလင်းပွင့် သတ္တုတွင်းကြီးများ သို့မဟုတ် မြေတူးဖော်ခြင်းကို အပေါ်ယံမြေလွှာများ၊ စွန့်ပစ်မြေစာပုံ များဖြင့် ပြန်လည်ဖြည့်သွင်းခြင်း ပြုလုပ်ပါ။ တိုက်စားမခံရမည့် တည်ငြိမ်ကြံ့ခိုင် သည့် မြေပြင်သဏ္ဍာန်ကို ဖန်တီးပါ။

(ဋဋ) လက်တွေ့ဖြစ်နိုင်ပါက၊ သတ္တုတွင်း တူးဖော်နေစဉ်အတွင်း လမ်းကြောင်းလွှဲပေးထားသည့် မည်သည့် ရေနုတ်မြောင်းလိုင်းများ သို့မဟုတ် ရေလမ်းကြောင်းများ မူလနေရာပြန်လည်ဖြစ်စေပါ။ မူလအတိုင်းပြန်လည်ဖြစ်စေသည့် ရေနုတ်မြောင်းလိုင်းများ သို့မဟုတ် ရေလမ်းကြောင်းများ ကျောက်တုံးများဖြင့် ကမ်း ပါးများနှင့် စီးကြောင်းများတွင် ထားရှိခြင်းဖြင့် တည်ငြိမ်ကြံ့ခိုင်စေရပါမည်။

(ဌဌ) နဂိုအတိုင်းပြန်လည်ဖြစ်စေထားသော မြေပြင်သဏ္ဍာန်အပေါ်တွင် ဆယ်ဖယ်ထားသော မြေဆီလွှာ ပြန့်ကြဲစေပါ။

(ဍဍ) သဘာဝအတိုင်း အပင်များ ပြန်လည်ပေါက်ရောက်ခြင်းအတွက် တိုးမြင့်စေရန် ခုတ်ထွင်ရှင်းလင်းထား သည့် နဂိုအတိုင်း ပြန်လည်ဖြစ်စေထားသည့် မြေပြင်သဏ္ဍာန်နှင့် အပေါ်ယံမြေလွှာများအပေါ်တွင် သဘာဝ ပေါက်ပင် အကြွင်းအကျန်များ (ချုံပုတ်နှင့် သစ်ရွက်များ) အား ဖြန့်ကြဲပါ။

(ပပ) နဂိုအတိုင်းပြန်လည်ဖြစ်စေခြင်းနှင့် အပင်များ ပြန်လည်စိုက်ပျိုးခြင်းကို သုံးလတကြိမ်တိုင်း (နှင့် မုန်တိုင်းအချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက်) ကို နှစ်နှစ်ထိ သို့မဟုတ် အပင်များ ပြန်လည်စိုက်ပျိုး ခြင်းကို မတွေ့ရခင်အထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါ။

## ၇-၄ လုပ်ဆောင်ချက် စံနှုန်းများ

လက်လုပ်လက်စားများနှင့် အသေးစား သတ္တုတူးဖော်ခြင်းအတွက် လုပ်ဆောင်ချက် စံနှုန်းများမှာ

- မသင့်လျော်သည့် သို့မဟုတ် မလိုအပ်သည့် ပေါက်ပင်များရှင်းလင်းထားသည့် အထောက်အထား များမရှိရ။
- သတ္တုတူးဖော်ခြင်းဆက်စပ်လုပ်ငန်းများမှ ရေလမ်းကြောင်းများတွင် အနည်ကျခြင်း အကျိုးအကြောင်းမဲ့ မြင့်တက်ခြင်း အထောက်အထားမရှိရ။
- အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့်ဓာတုပစ္စည်းများမှ မြေ သို့ မဟုတ် ရေ ဓာတ်ပြုပျက်စီးခြင်း အထောက်အထား မရှိရ။
- သတ္တုတွင်းလုပ်ငန်းတွင် အောင်မြင်သော ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်စိမ်းလန်းစိုပြေခြင်း အထောက်အထား။
- လူထု နစ်နာချက်မှ တိုင်ကြားချက် ဖြေရှင်းပြီးခြင်း။

# ၈။ အများပြည်သူပါဝင်စေခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း

ယခု EMP နှင့်ပတ်သက်၍ သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခဲ့သော အဖွဲ့အစည်းများမှာ အစိုးရများ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ကျောက်စိမ်းတူးဖော်မှုတွင် ပါဝင်ပတ်သတ်နေပြီး ဤလုပ်ငန်းကို စည်းကမ်းကြီးကြပ်ခြင်း၊ စည်းမျဉ်းစည်းကမ်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆောင်ရွက်ချက်များတိုးတက်စေရန် ဆောင်ရွက်မှုတွင် ပါဝင်နေသော လူများပါဝင်ပါသည်။

## ၈-၁။ ပါဝင်သည့်သူများနှင့်အဖွဲ့အစည်းများ

တရားဝင်ရှင်းလင်းတင်ပြခြင်းနှင့် အစည်းအဝေးများကို အောက်ပါ အဖွဲ့ဝင်များနှင့် ပြုလုပ်ခဲ့ပါသည်။

### *မြန်မာနိုင်ငံ အစိုးရ၊ ဝန်ကြီးဌာ နှင့် ဦးစီးဌာန*

- ပြည်ထောင်စုအစိုးရ အမျိုးသားလွှတ်တော် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ကော်မတီ
- ဖားကန့်ပြည်ထောင်စုအစိုးရ ပါလီမန် အဖွဲ့ဝင်
- ကချင်ပြည်နယ် ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အစိုးရ အဖွဲ့
- ကချင်ပြည်နယ် သဘာဝ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်နယ်အစိုးရဝန်ကြီး

- သတ္တုတွင်းဦးစီးဌာန (နေပြည်တော်)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (နေပြည်တော်)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (မြစ်ကြီးနား)
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မြစ်ကြီးနား)

***ကျောက်စိမ်းတူးဖော်ရေးအဖွဲ့အစည်းနှင့် သတ္တုတွင်းတူးဖော်ရေး ကုမ္ပဏီများ***

- မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း
- မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း ဝင်များ

***အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပြည်သူ့ အခြေပြု လူထု အဖွဲ့အစည်း နှင့် တစ်သီးပုဂ္ဂလ***

- မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန
- သဘာဝသယံဇာတစီမံအုပ်ချုပ်ရေးအဖွဲ့အစည်း (NRGI)
- ကမ္ဘာ့ဘဏ် ၊ တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဖော်ဆောင်မှု။ EITI
- ကမ္ဘာ့ဘဏ် ၊ တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဖော်ဆောင်မှု။ EITI (သတ္တုတွင်း လုပ်ကွက် သက်တမ်း ပြုပြင်ပြောင်းလဲရေး)
- ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုရှိခြင်းအတွက် မြန်မာ့မဟာမိတ်အဖွဲ့။ MATA
- ကချင်ပြည်နယ် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ကွန်ယက်။ Transparency and Accountability Network Kachin State.
- ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့
- ဂရုဏာ လူမှုရေးအဖွဲ့
- တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်း
- Emma Irwin,  အတိုင်ပင်ခံ
- Matthew Baird, ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ အကြံပေး (ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန)

***နိုင်ငံခြားအစိုးရအဖွဲ့အစည်းများ***

- BGR မြန်မာ့သတ္တုတွင်းတူးဖော်ရေးကဏ္ဍ၏ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (သတ္တုတွင်းစစ်ဆေးမှုလေ့ကျင့်ရေး)
- အမေရိကန် သံရုံး

- ဩစတြေးလျ သံရုံး

***အခြားအဖွဲ့အစည်းများ***

- ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း KIO (နည်းပညာဆိုင်ရာ ရုံး မြစ်ကြီးနား)
- တပ်မတော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အောင်မြင်စွာတွေ့ဆုံတင်ပြနိုင်ခဲ့ပါသည်။ တွေ့ဆုံခဲ့သောအဖွဲ့များအားလုံးစာရင်းကို တိုင်းမှူးထံပေးပို့ခဲ့ပြီး အပြည့်အဝသတင်းပို့အကြောင်းကြားထားပါသည်။

## ***ဖားကန့်/လုံးခင်း ဒေသခံအုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းများ***

ဖားကန့်/လုံးခင်းသို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုခရီးစဉ်အတွင်းတွင် ဒေသခံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်ရွာသားများသည် ဆွေးနွေးခဲ့ကြပါသည်။ ယခုဖုန်အတွင်း ဆွေးနွေးခဲ့ကြသော လူစာရင်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။ ဇယား (၉-၁) ။

**ဇယား (၈-၁) ။ ဤဖုန်အတွင်း တွေ့ဆုံဆွေးနွေးခဲ့သော အဖွဲ့များစာရင်း။**

| အမည် | ဌာနေ | လူမျိုး | ရွာ | ရာထူး | စတင် နေထိုင်သည့် နှစ် |
|---|---|---|---|---|---|
| လုံးခင်းမှ ရွာသားများ | မှတ်တမ်းမရှိ | ကချင် | လုံးခင်း | အုပ်ချုပ်ရေးမှူး | ဒေသခံ |
| ဆန်ခါမှ ရွာသားများ | မှတ်တမ်းမရှိ | ဗမာ | ဆန်ခါ | ရာအိမ်မှူးများ | ၁၉၉၂ |
| ဝိုင်းပင်မှ ရွာသားများ | မှတ်တမ်းမရှိ | ဗမာ | ဝိုင်းပင် | ရာအိမ်မှူးများ | ၁၉၉၁ |

## ၈-၂။ ပါဝင်သည့် အဖွဲ့များ၏ အခက်အခဲများ

ပါဝင်သည့်အဖွဲ့များသည် EMP ၏နယ်ပယ်အပြင်ဘက်ရှိ များပြားစွာသော ပြဿနာများနှင့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သော ပြဿနာများမှာ -

- ထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု။ MGE မှ ကျောက်စိမ်းတူးဖော်ရာတွင် လိုအပ်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲဆိုင်ရာ စာများနှင့် သတိပေးချက်များ များစွာထုတ်ပြန်ထားသော်လည်း၊ ဖားကန့်/လုံးခင်း ဒေသ၏ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုမှာ ထိရောက်မှု မရှိသေးပါ။

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း။ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစည်းများနှင့် လိုအပ်သောရာများ အတွက် လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းများ မကွဲပြားခြင်းသည် တာဝန်များ နှင့် ဝတ္တရားများကို မကွဲမပြားဖြစ်စေပါသည်။

- MGE ၏စွမ်းရည်၊သတ္တုတွင်းဦးစီးဌာန နှင့် ECD တို့သည် သဘာဝပတ်ဝန်းကျင်နှင့်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းစဉ် လူမှုရေးရာ စီမံခန့်ခွဲမှု များကို စည်းကမ်းဖြင့် ထိန်းသိမ်းပါသည်။

- သတ္တုတွင်းကုမ္ပဏီများ၏ အသိပညာ၊ အတွေ့အကြုံ၊ လုပ်နိုင်စွမ်းတို့ဖြင့် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ ပတ်ဝန်းကျင်နှင့်လူမှုရေးရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရမည်။

- အကြီးစားနှင့်အလတ်စား သတ္တုတူးဖော်ရေးလုပ်ရှားမှုများကြောင့် ဖြစ်ပေါ်သော သိသာထင်ရှားသည့် သက်ရောက်မှုများ။ အသေးစားနှင့် လက်လုပ်လက်စားသတ္တုတူးဖော်ရေးလုပ်ငန်းများ၏ ကျန်ရစ်ခဲ့သော အမွေဆိုးကိစ္စများ။

- သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စနစ်တကျ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်မရှိ ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ၊ ရေအရင်းအမြစ်များ၊ သတ္တုတွင်းတူးဖော်ရန် မြေရှင်းလင်းခြင်းကြောင့်ဖြစ်ပေါ်သော ရေအရည်အသွေး၊ မြေစာပုံများပေါ်တွင် မြေပိုင်ဆိုင်နေထိုင်ခြင်းနှင့် မြစ်၊ ချောင်းတက်၊ စမ်းချောင်းများ တိုက်စားခြင်းနှင့် အနည်အနှစ် နုန်းများကျခြင်း စသည့် သိသာထင်ရှားသည့် သက်ရောက်မှုများရှိပါသည်။

- ရေလမ်းကြောင်း ရေလက်ကြား များတွင် နုန်းများ အနည်ထိုင်ခြင်းကြောင့် ရေကြီးမှုများဖြစ်ပေါ်စေပြီး၊ ပိုင်ဆိုင်မှုများ နှင့် ကောက်ပဲသီးနှံများ ပျက်စီး ဆုံးရှုံးရပါသည်။

- ခြောက်သွေ့သောရာသီဥတု တွင် ဖုန်ထခြင်းကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် အခြားကျန်းမာရေး ထိခိုက်မှုများလည်း ဖြစ်စေပါသည်။

- ယမ်းဖောက်ခွဲမှုများကြောင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးရကာ၊ အိပ်ဆက်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါသည်။

- သတ္တုတူးဖော်ရေးဆိုင်ရာ စက်ယန္တရားများ၏ ကျေးရွာနှင့် အခြေကျနေရာများမှ လမ်းများကို အသုံးပြုသောကြောင့် သာယာမှုနှင့် လုံခြုံရေး စိုးရိမ်ပူပန်ရခြင်း၊

- မသင့်လျော်သော စွန့်ပစ် ပစ္စည်းများ စွန့်ပစ်ခြင်းသည် မြေဆီလွှာနှင့် ရေများကို အဆိပ် အတောက်ဖြစ်စေရုံသာမက၊ အစာအိမ်အူလမ်းကြောင်းနှင့်ဆိုင်သောရောဂါများ၊ ခြင် သို့မဟုတ် ကြွက်မှ တဆင့် ကူးဆက်တတ်သောရောဂါများနှင့် အခြားနာမကျန်းအပါပအဝင် ကျန်မာရေး ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်၊

- ရာဇဝတ်မှုနှင့် ကျန်းမာရေးဆိုးကျိုးများ အပါအဝင် မူးယစ်ဆေးဝါး သုံးစွဲမှု၏လူမှုရေးအပေါ် သက် ရောက်မှု။

- ကျေးရွာများ ပြန်လည်နေရာချထားပေးရေးနှင့် အလွတ်သဘော အခြေချနေထိုင်မှုများနေရာ ချထားပေး ရေး စသော လူမှုရေးဆိုင်ရာ သက်ရောက်မှုများ။

- သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် နောက်ဆုံးမြေနေရာ အသုံးချခြင်း။

ဤဖုန်အတွင်းရှိ ရွာသားများနှင့်အများပြည်သူတို့ တင်ပြထားသော သီးခြားပြဿနာများကို အောက်ပါ **ဇယား ၈-၂** တွင်စာရင်းပြုထားရှိပါသည်။

**ဇယား ၈-၂ ။ ဤဖုန်အတွင်းရှိ အဖွဲ့အစည်းများ၏ ရှုထောင့်အကျဉ်းချုပ်**

| ကဏ္ဍ | အဖွဲ့အစည်းများ၏ ရှုထောင့်အကျဉ်းချုပ် |
|---|---|
| စီးပွားရေး | • ကျောက်စိမ်းတူးဖော်ခြင်းသည် ဒေသခံများ၏ အဓိကဝင်ငွေဖြစ်ပါသည်။ |
| လူမှုရေး | • မူးယစ်ဆေးဝါးသုံးစွဲခြင်းမှာ အဓိက ပြဿနာတစ်ခုဖြစ်သည်။<br>• ကျူးလွန်သောပြစ်မှုအများစုမှာ မူးယစ်ဆေးကြောင့်ဖြစ်သည်။ ဥပမာ - ခိုးခြင်း။<br>• ပြင်းထန်သော ဖောက်ခွဲမှုများကြောင့် အကြားအာရုံထိခိုက်ခြင်း။ |
| လုံခြုံမှု | • ယာဉ်အသွားအလာ နှင့် လမ်းများ မတော်တဆမှုများသည် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ |
| သဘာဝပတ်ဝန်းကျင် | • သတ္တုတွင်းနှင့် နီးစပ်သောဧရိယာအတွင်း နေထိုင်သူများ၏ မြေယာတည်ငြိမ်ရေး။<br>• အချို့ချောင်းလက်တက်များတွက် စွန့်ပစ်ကျောက်များနှင့် ပိတ်ဆို့နေသောကြောင့် မိုးရာသီတွင် ရေးကြီးခြင်းမှာ အဓိက ပြဿနာဖြစ်လာသည်။<br>• သတ္တုတွင်း တူးဖော်နေစဉ်အတွင်း ဖုန်သည်အဓိက ပြဿနာဖြစ်သည်။<br>• အဖွဲ့ဝင်များသည် ရရှိနိုင်သော ရေပမာဏ အတွက် စိုးရိမ်ပူပန်ခြင်းများ ရှိနေကြသည်။<br>• ပို့မွှားများ၊ တော်ရိုင်း တိရိစ္ဆာန် များနှင့် ပတ်သတ်ကာ အတိတ်မှ အကြောင်းအရာများ ရှိခဲ့ပါသည်။ |

## ၉။ အကောင်အထည်ဖော်ဆောင်ခြင်း

ဤအပိုင်းတွင် EMP ကို အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးထားပြီး လက်လုပ်လက်စားနှင့်အသေးစားလုပ်ငန်းရှင်များလုပ်ဆောင်ရန် မျှော်လင့်ထားသည့် သင်လျော်သောပြုမှုလုပ်ဆောင်မှုများကို ထည့်သွင်းထားသည်။

### ၉-၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အကောင်အထည်ဖော်ဆောင်ခြင်း တာဝန်ဝတ္တရားများ

ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီတိုင်းသည် ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး တူးဖော်သည့် လုပ်ငန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အရင်းအမြစ်များ အလုံအလောက် ပံ့ပိုးပေးရမည်။ အလုပ်သမားအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် သက်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းချက် စည်းမျဉ်းများ၊ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ၊ EMP တွင် ပါဝင်သည့် အကြမ်းဖျဉ်း ရေးဆွဲထားသော လုပ်ထုံးများနှင့် ECD မှ ထုတ်ပြန်ထားသော ဆက်စပ်လမ်းညွှန်ချက်၊ အသိပေးချက်၊ အမိန့် သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာလိုက်နာဆောင်ရွက်မှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်များနှင့် ကိုက်ညီရန် တာဝန်ရှိသည်။

### ၉-၂။ တာဝန်ဝတ္တရားများနှင့်သင့်လျော်သည့် ပြုမူလုပ်ဆောင်ချက်

လက်လုပ်လက်စားနှင့်အသေးစားလုပ်ကိုင်သူများသည် တာဝန်ယူမှုရှိစွာပြုမူရန်နှင့် အောက်ပါအချက်များကိုလိုက်နာရန် လိုအပ်သည်။

(ကက) ချမှတ်ထားသော မြန်မာ့ ဥပဒေများနှင့် နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို လိုက်နာရပါမည်။

(တတ) သတ္တုတွင်းဝန်ကြီး၊ သူ၏ကိုယ်စားလှယ် သို့မဟုတ် ကျောက်စိမ်းတူးဖော်ခြင်းဆိုင်ရာ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ လမ်းညွှန်ချက်များနှင့် အမိန့်ကြော်ငြာများအားလုံးကို လိုက်နာရပါမည်။

(ထထ) ပတ်ဝန်းကျင် စီမံခန့် ခွဲမှု အစီအစဉ် (EMP) ကို လိုက်နာရပါမည်။

(ဒဒ) အချိန်တိုင်း ဂရုတစိုက်ဖြင့် ပြီးပြည့်စုံအောင် ဆောင်ရွက်ပါ။

(ဓဓ) ဖြစ်နိုင်ခြေရှိသည့် အကျိုးစီးပွား ဂိုရောမိဖြစ်ခြင်းကို သတိပြုပြီး ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်ပါ။

(နန) လူထုအဖွဲ့အစည်းများ အဖွဲ့ဝင်များအားလုံး တဦးနှင့်တဦး လေးလေးစားစား၊ ဂုဏ်သိက္ခာရှိရှိ ပြုမူဆက်ဆံပါ။

(ပပ) ကျား/မဆိုင်ရာ ခွဲခြားမှု၊ လူမျိုးရေး သို့ မဟုတ် ဘာသာရေး တို့ အပေါ် ထိခိုက်မိခြင်း၊ ခြိမ်းခြောက်ခြင်းသို့ မဟုတ် ခွဲခြားဆက်ဆံခြင်း အပြုအမူများ မပြုမူရပါ။

(ဖဖ) မည်သည့် အခြေအနေတွင်မဆို လာဘ်ပေးလာဘ်ယူခြင်း၊ အကျင့်ပျက် ခြစားခြင်း၊ တိတ်တဆိတ်ကော်မရှင်ခများပေးခြင်း သို့ မဟုတ် မလျော်ကန်သော အုပ်စိုးလွှမ်းမိုးပြုကျင့်မှုများ အပါအဝင် မည်သည့် လုပ်ဆောင်မှုတွင်မဆို မပါဝင်ရပါ။

(ဗဗ) ယဉ်ကျေးမှု အမွေအနှစ်များနှင့် သာသနာနေရာများ၌ လေးစားစွာပြုမူပြီး လိုအပ်ပါက ထိခိုက်မှုမှ ကာကွယ်ပါ။

(ဘဘ) မြေပိုင်ရှင်များ၏ အခွင့်အရေးကို လေးစားပါ။

(မမ) မူးယစ်ဆေးဝါးများ၊ အရက်သေစာ သို့ မဟုတ် အခြားစွဲလန်းစေတတ်သော အရာများ ပြုလုပ်ခြင်း၊ သုံးစွဲ ခြင်း သို့ မဟုတ် ဖြန့် ဝေခြင်း မပြုလုပ်ရပါ။

(ယယ) ခြောက်လုံးပြူးလက်နက်နှင့် ပေါက်ကွဲကိရိယာများ အပါအဝင် လက်နက်များ သယ်ဆောင်ခြင်း၊ အသုံးပြုခြင်း သို့ မဟုတ် ရောင်းဝယ်ခြင်း မပြုလုပ်ရပါ။

(ရရ) မြန်မာ့ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့် စာများ၊ လမ်းညွှန်ချက်များ သို့ မဟုတ် အမိန့် ကြော်ငြာစာများမှ တားမြစ်ပိတ်ပင်ထားသည့် မည်သည့် ပစ္စည်းကိုမဆို သယ်ဆောင်ခြင်း၊ အသုံး ပြုခြင်း သို့ မဟုတ် ရောင်းဝယ်ခြင်း မပြုလုပ်ရပါ။

(လလ) စစ်စိမ်းရောင် သို့ မဟုတ် ပြောက်ကျားစိမ်းရောင် ယူနီဖောင်းများ မဝတ်ဆင်ရပါ။

(ဝဝ) ဆေးထိုးအပ်များ သို့ မဟုတ် အခြား အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများနှင့် အရာများကို ပြန့် ကြဲစေ ခြင်း သို့ မဟုတ် စွန့် ပစ်ခြင်းမပြုရပါ။

(သသ) စွန့် ပစ်ပစ္စည်းများအားလုံးကို သင့်တော်သည့် စွန့် ပစ်အမှိုက်ပုံးများ သို့ မဟုတ် စွန့် ပစ်ရာနေရာများတွင် စွန့် ပစ်ပါ။

(ဟဟ) အကာအကွယ်ပေးထားသော (ဘေးမဲ့) တောရိုင်းတိရိစ္ဆာန်များကို အနှောက်အယှက်ပေးခြင်း၊ ဖမ်းယူခြင်း၊ အိမ်မွေးတိရိစ္ဆာန်အဖြစ်မွေးခြင်း၊ ရောင်းချခြင်း သို့ မဟုတ် ကုန်သွယ်ခြင်း မပြုလုပ်ရပါ။

## ၉-၃ ။ အကောင်အထည်ဖော်ဆောင်ရန်အတွက် ရည်ညွှန်းကုန်ကျစရိတ်

EMP ကို အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သည့် PPE များ၊ သင်တန်းများနှင့် ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိသောပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်များအတွက် ကုန်ကျစရိတ်များ သတ်မှတ်ပံ့ပိုးပေးရန်လိုအပ်ပါသည်။ အကောင်ဖော်ဆောင်ရန် လိုအပ်သည့် ခန့်မှန်းခြေဘားဂျတ်ကို EMP ၏ ဇယား ၉-၁ တွင် ဖော်ပြထားပါသည်။ အောက်ပါ ကုန်ကျစရိတ်တွင် ဆောက်လုပ်ရေးပစ္စည်းများနှင့် နှုန်းစစ်ကန်များကဲ့သို့ တည်ဆောက်မည့်ကိစ္စများအတွက် ကုန်ကျစရိတ်များ မပါ ဝင်ပါ။

ဇယား ၉-၁ ။ EMP အကောင်အထည်ဖော်ဆောင်ရန် ခန့်မှန်းကုန်ကျစရိတ်

ဇယား ၉-၁ ။ EMP အကောင်အထည်ဖော်ဆောင်ရန် ခန့်မှန်းကုန်ကျစရိတ်

| ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ | လုပ်ငန်းစဉ်များ | တာဝန်ဝတ္တရားများ/အရင်းအမြစ် | ခန့်မှန်းကုန်ကျစရိတ် (USD) | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) |
| --- | --- | --- | --- | --- |
| ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် | EMP ကို အကောင်အထည်ဖော်ခြင်း။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၂၀၀ | ၂၇၃ ၂၀၀ |
| ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်းများ စီမံခန့်ခွဲခြင်း | သီးသန့်သိုလှောင်သည့် နေရာကို သတ်မှတ်ပေးရန်။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၁၀၀ | ၁၃၆ ၆၀၀ |
| ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်းများ စီမံခန့်ခွဲခြင်း | ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်းများ စွန့်ပစ်ခြင်း။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၁၀၀ | ၁၃၆ ၆၀၀ |
| နစ်နာမှုတိုင်ကြားချက်များ စီမံခန့်ခွဲခြင်း | အငြင်းပွားမှုနှင့်နစ်နာမှုတိုင်ကြားချက်ဖြေရှင်းရန် ဒေသခံပြည်သူများနှင့် အရေးပေါ် အစည်းအဝေးပြုလုပ်ခြင်း။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၁၀၀ | ၁၃၆ ၆၀၀ |
| ဒေသခံပြည်သူများအတွက် စီမံကိန်းများကို ပံ့ပိုးပေးခြင်း | ဒေသခံပြည်သူများ၏စီမံကိန်းများတွင် ထည့်ဝင်ခြင်း | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၂၀၀ | ၂၇၃ ၂၀၀ |
| မြေအသုံးချနိုင်မှု | အသုံးပြုမည့်မြေအပေါ်မူတည်၍ မျှတပြီး တရားဥပဒေနှင့်ညီသည့် လျော်ကြေးပေးဆောင်ခြင်း | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | - | - |
| အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံ | အမှိုက်ကန်များတွင် အမှိုက်များ စွန့်ပစ်ခြင်း၊ လစဉ် ဒေသခံ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၃၀၀ | ၄၀၉ ၈၀၀ |

| ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ | လုပ်ငန်းစဉ်များ | တာဝန်ဝတ္တရားများ/အရင်းအမြစ် | ခန့်မှန်းကုန်ကျစရိတ် (USD) | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|---|
| ခန့်ခွဲခြင်း | စီမံခန့်ခွဲမှု ကုန်ကျစရိတ်။ | | | |
| အလုပ်သမားများ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။ | လက်ရှိအလုပ်သမားများအားလုံးကို လုပ်ငန်းခွင်အတွက် သင့်လျော်သည့် ကျန်းမာရေးအခြေအနေရှိမရှိအခြေအနေကို ဆေးစစ်ရမည်။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၅၀၀ | ၆၈၃ ၀၀၀ |
| အလုပ်သမားများ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။ | PPE များပံ့ပိုးပေးခြင်းနှင့်၄င်းတို့ကို မည်သို့အသုံးပြုသည်ကို သင်တန်းပို့ချခြင်း။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၁၂၅ | ၁၇၀ ၇၅၀ |
| အလုပ်သမားများ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။ | ရှေးဦးသူနာပြုပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် မည်သို့အသုံးပြုသည်ကို သင်တန်းပို့ချခြင်း။ | သတ္တုတွင်းပိုင်ရှင်/မန်နေဂျာ | ၁၀၀ | ၁၃၆ ၆၀၀ |
| | | **တစ်ကြိမ် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်** | **၇၂၅** | **၉၉၀ ၃၅၀** |
| | | **စုစုပေါင်းခန့်မှန်း ကုန်ကျစရိတ်** | **၁၀၀၀** | **၁ ၃၆၆ ၀၀၀** |

*ဇွန်လ ၂၀၁၇ ခုနှစ် မှ ဇွန်လ ၂၀၁၈ ခုနှစ်အတွင်း ပျမ်းမျှ ငွေလဲဈေးနှုန်း - USD 1 = MMK 1,366

# ၁၀။ စစ်ဆေးခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် လုပ်ဆောင်ရမည့် အချက်များ

သတ္တုတွင်းပိုင်ရှင်သော်လည်းကောင်း တာဝန်ပေးထားသောအလုပ်သမားသည် လက်လုပ်လက်စားနှင့် အသေးစားလုပ်ငန်းစဉ်များကို ပုံမှန်စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းများပြုလုပ်ရမည်။ သတ္တုတွင်းပိုင်ရှင်သည် စစ်ဆေး ခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်း (လိုက်နာဆောင်ရွက်မှု စာရင်း) ကို မှတ်တမ်းတင် ထိန်းသိမ်းထားရမည်။ ထိုနောက် ၎င်း အစီရင်ခံစာများကို သင့်လျော်သည့် အာဏာပိုင်များ တောင်းဆိုလာပါက အသင့်ပြင်ဆင်ထားရမည်။

တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်ရန်တည်ဆောက်ထားသော အဆောက်အအုံများကို ပုံမှန် စစ်ဆေးရမည်ဖြစ်ပြီး စွန့်ထုတ်သောရေအရည်အသွေးကို ပုံမှန်စောင့်ကြည့်ရမည်။ ထိုအဆောက်အအုံများသည် သေချာစွာတပ်ဆင်ထားမှု၊ ကောင်းမွန်စွာတည်ဆောက်ထားခြင်းနှင့်ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းထားမှုတို့ကို စစ်ဆေးရမည်။ စွန့်ထုတ်လာသည့် ရေအရည်အသွေးကို အမြင်ဖြင့် စစ်ဆေးဆုံးဖြတ်ပါမည်။ အကယ်၍ စွန့်ထုတ်ရေများသည် အတော်အသင့် ကြည်လင်နေပြီး ကြမ်းခင်းရှိ ပစ္စည်းများကို မြင်နေရပါက ရေအရည်အသွေးသည် လက်ခံနိုင်သည့် အနေအထားတွင် ရှိပါသည်။

မြေနှင့်ရေ ဓာတ်ပြုပျက်စီးခြင်းကို သတ္တုတွင်းလုပ်ငန်းနေရာနှင့်ဂန်းကျင်ရှိ မြေများကို အမြင်ဖြင့် စစ်ဆေးဆုံးဖြတ်ပါမည်။

- လောင်စာဆီ၊ ချောဆီနှင့် စက်ဆီများ စွန်းထင်းခြင်း။
- ရေအိုင်များနှင့် ရေလမ်းကြောင်းများတွင် အဆီများ ပေါ့နေခြင်း။
- လောင်စာဆီနှင့် ဓာတုဓာတ်ငွေ့ များ၏ အနံ့ များ။
- ရေအရောင်ပြောင်းခြင်း (နီ ့နစ်ရောင်၊ တောက်ပသော အရောင်၊ ကြည်လင်နေသော အရောင်) သည် ဓာတုပစ္စည်း သို့ မဟုတ် အခြားသော အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ ပါဂင်ဓာတ်ပြုနေခြင်းကို ဖော်ပြပါသည်။
- ရေလမ်းကြောင်းများတွင် စွန့် ပစ်ခြင်း။

အောင်မြင်သော သတ္တုတွင်းလုပ်ငန်းအတွက် ပြန်လည်ထူထောင်ထားခြင်းနှင့်ပြန်လည်စိမ်းလန်းစိုပြေခြင်းတို့ ကို အဆုံးအ ဖြတ်ပေးပါမည်။

- ပစ္စည်းကိရိယာများ သို့ မဟုတ် စက်ယန္တရား မစွန့် ပစ်ခြင်း။
- အဆောက်အအုံများနှင့် တည်ဆောက်မှုများအားလုံးကို ဖယ်ရှားပစ်ခြင်း။
- တည်ငြိမ်သော မြေပြင်သဏ္ဍာန်။

- အပင်များ ကြီးထွားရှင်သန်ပြီး မထိရောက်သော သို့မဟုတ် မပြည့်စုံသော အပင်များပြန်လည်စိုက်ပျိုးခြင်း။

ယခု အစီအစဉ်နှင့်တွဲထားသော စစ်ဆေးမှုစာရင်းကို သုံး၍ လိုက်နာမှု ရှိမရှိ ဆုံးဖြတ်ရမည်။

## ၁၈-၁ စောင့်ကြပ်ကြည့်ရှုခြင်း အချိန်ကာလနှင့်အကြိမ်နှုန်း

| လုပ်ငန်းစဉ်များ | အကြိမ်ရေ |
|---|---|
| သတ္တုတွင်း ပုံစံ | သတ္တုတူးဖော်ခြင်း မစတင်မီ |
| မြေပေါ်ရေ စီမံခန့်ခွဲမှု | သတ္တုတူးဖော်ခြင်း မစတင်မီ |
| တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်သည့် အဆောက်အအုံများ | ခြောက်သွေ့ရာသီ၌ လစဉ်<br>စိုစွတ်ရာသီ၌ အပတ်စဉ်<br><br>မုန်တိုင်းပြီးနောက် သို့မဟုတ် မိုးသည်းထန်ပြီးနောက်။ |
| စွန့်ပစ် ရေအရည်အသွေး | လစဉ် |
| အန္တရာယ်ဖြစ်စေသော ပစ္စည်းများ စီမံခန့်ခွဲမှု | လစဉ် |
| မြေနှင့်ရေ ဓာတ်ပြုပျက်စီးခြင်း | လစဉ် |
| ပြန်လည်တည်ထောင်ထားခြင်းနှင့် ပြန်လည်စိမ်းလန်းစိုပြေခြင်း | သုံးလတကြိမ်နှင့် မုန်တိုင်းပြီးနောက် သို့မဟုတ် မိုးသည်းထန်ပြီးနောက်။ |

## ၁၈-၂ ခန့်မှန်းကုန်ကျစရိတ်

စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုရေး ကုန်ကျစရိတ်သည် သတ္တုတွင်းပိုင်ရှင် သို့မဟုတ် တာဝန်ပေးထားသော အလုပ်သမား၏ စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုသည့်အချိန်၏ ကုန်ကျစရိတ်ဖြစ်သည်။

# ၁၁။ အစီရင်ခံရန် လုပ်ဆောင်ရမည့်အချက်များ

သတ္တုတွင်းပိုင်ရှင်သည် လက်လုပ်လက်စားနှင့်အသေးစား လုပ်ငန်းများအတွက် EMP များ လိုက်နာမှု ရှိမရှိကို ပေးထားသော လိုက်နာမှု စာရင်းကို တောင်းဆိုသည့်အခါ ပံ့ပိုးပေးခြင်းဖြင့် အစီရင်ခံရပါမည်။

## ၁၃-၁ ။ ဖြစ်ရပ်များအစီရင်ခံခြင်း

အလွန်ဆိုးရွားသော ဖြစ်ရပ်များကို သတ္တုတွင်းပိုင်ရှင်သည် MGE မြန်မာကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်း သို့ အစီရင်ခံရမည်ဖြစ်ပြီး ထိုဖြစ်ရပ်ကို စီမံခြင်းနှင့်စုံစမ်းစစ်ဆေးခြင်းကို လမ်းညွှန်ချက်များ အတိုင်း ဆောင်ရွက်ရပါမည်။

လုပ်ငန်းပိုင်ရှင်သည် ဖြစ်ရပ်နှင့်စပ်လျဉ်း၍ အဓိက အချက်အလက်များကို မှတ်တမ်းတင်၍ အစီရင်ခံရမည်။ ဉပမာ - ဖြစ်ရပ် ၏သဘာဝ၊ မည်သို့ဖြစ်ပျက်ခဲ့သည်၊ အန္တရာယ်ကို မည်သို့တုံ့ပြန်ခဲ့သနည်း (လူနှင့်ပတ် ဝန်းကျင်)၊ နောက် ထပ်မံဖြစ်ပေါ်ခြင်း မှ ရှောင်ရှားရန် လုပ်ငန်းစဉ်များကို မည်သို့ တိုးတက်အောင်ဆောင် ရွက်မည်နည်း။

| လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း | |
|---|---|
| **မော် နှင့် လုပ်ကွက် နံပါတ်:**<br>**ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်:** | |
| **လုပ်ငန်း တည်နေရာနှင့် မြေပုံပြ:**<br>**GPS အမှတ်အသားများ** | |
| **စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ:** | |
| လိုက်နာဆောင်ရွက်မှု အထောက်အထား | လိုက်နာရှိသည် (သို့ ) မရှိပါ။ |
| သတ္တုတွင်း အစီအစဉ်နှင့် မြေပေါ်ရေ စီမံခန့် ခွဲမှု | |
| သတ္တုတွင်း အစီအစဉ်နှင့်အညီ သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ် | |
| ယခု စီမံခန့် ခွဲမှု အစီအစဉ် နည်းလမ်းများနှင့် အညီ အလုပ်သမားများ မည်သည့်အရာများ လိုအပ်သည်နှင့် မည်သည့်အရာများ လုပ်ဆောင်ရမည်ကို သိရှိခြင်း | |
| လုံခြုံရေး ပစ္စည်းကိရိယာများ ပေးအပ်ထားခြင်းနှင့် အသုံးပြုခြင်း အထောက်အထား | |
| နှုန်းတားနှင့် နှုန်းစစ်များ တပ်ဆင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း | |
| အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများနှင့်ဓာတုပစ္စည်းများ သင့်လျော်စွာ သိုလှောင်ထားခြင်း (လောင်စာဆီ၊ ချောဆီ၊ စက်ဆီ၊ ဓာတုပစ္စည်းများ စသည်) | |
| လက်ခံနိုင်သော စွန့် ပစ်ရေ အရည်အသွေး | |
| မြေ သို့ မဟုတ် ရေ ဓာတ်ပြုပျက်စီးခြင်း အထောက်အထားမရှိပါ။ | |
| စွန့် ပစ်ပစ္စည်းများ လေတွင် လွင့်ပါသွားခြင်း၊ မျှောပါသွားခြင်း သို့ မဟုတ် ပတ်ဝန်းကျင်ထဲသို့ ရောက်ရှိသွားခြင်း အထောက်အထားမရှိပါ။ | |
| နေ့ အချိန်တွင် သတ်မှတ်နစ်နာရီအပြင် ဖောက်ခွဲမှု မရှိခြင်း | |
| ပြန်လည်ထူထောင်ထားခြင်းနှင့် ပြန်လည်စိမ်းလန်းစိုပြေခြင်း အထောက်အထား။ | |

# ၁၂။ EMP ကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း

လက်လုပ်လက်စားနှင့်အသေးစား ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲသည့် အစီအစဉ်များ ထိရောက်မှုရှိမရှိ အကဲဖြတ်ရန် ငါးနှစ်တစ်ကြိမ် သုံးသပ်ပါမည်။ ငါးနှစ်တစ်ကြိမ် ပြုလုပ်မည့် သုံးသပ်ချက်တွင် အောက်ပါတို့ ပါဝင်သည်။

- ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံညွှန်းများသည် လက်ရှိချိန်ခါနှင့်ဆီလျော်မှု၊ အသုံးချနိုင်မှုရှိဆဲ ဟုတ်-မဟုတ် သေချာအောင် သုံးသပ်ခြင်း။ ရုတ်သိမ်း သို့မဟုတ် ဆိုင်းငံ့ထားသော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံညွှန်းများကို ဖျက်ပစ်မည်ဖြစ်ကာ အသစ်များ ထပ်ပေါင်းထည့် မည် ဖြစ်သည်။
- လုပ်ဆောင်နေသော တူးဖော်နည်းအမျိုးအစားကို ၎င်းတို့က မှန်ကန်စွာဖော်ပြမှုရှိကြောင်း သေချာစေရန် တူးဖော်သည့် နည်းလမ်းများကို သုံးသပ်ခြင်း။
- ဘေးအန္တရာယ်အားလုံးနှင့် သက်ရောက်မှုအားလုံး ခွဲခြားသတ်မှတ်၊ အကဲဖြတ်ထားကြောင်း သေချာမှုရှိ ရေးအတွက် ထိုဘေးအန္တရာယ်များကို သုံးသပ်ခြင်း။
- စီမံခန့်ခွဲမှု အစီအမံများနှင့် လုပ်ထုံးများသည် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ သက်ရောက်မှုများ အား စီမံခန့်ခွဲရာတွင် ထိရောက်မှုရှိနေသေးကြောင်း သေချာစေရန် ယင်းတို့ကို သုံးသပ်ခြင်း။

EMP ကို ပြင်ဆင်ရာတွင် စာရွက်စာတမ်းပိုင်း ထိန်းချုပ်မှုနည်းကို အသုံးပြုရန် အရေးကြီးပါသည်။ ဤမူ သည် EMP ၏ မူ (၁) သို့မဟုတ် ပြင်ဆင်ချက် (၁) (Rev 1) ဖြစ်သည်။ နောက်လာမည့် မူကွဲများကို နံပါတ် စဉ်များ အလိုက် အသိအမှတ်ပြုသွားမည်ဖြစ်သည်။ ဥပမာ- နောက်မူ သို့မဟုတ် ပြင်ဆင်ချက်သည် Rev 2 ဟု သတ်မှတ်ရမည်။ နောက်ဆက်လာမည့်ပြင်ဆင်ချက်များတွင် ယင်းပြင်ချက်အတည်ပြုသောရက်စွဲကို ထည့်သွင်းရမည်ဖြစ်ကာ ယခင်မူဟောင်းများအားလုံးနေရာတွင် အစားထိုးရပါမည်။ ယင်းမူဟောင်းများကို အလုပ်ခွင်အားလုံးမှ ဖယ်ရှားကာ လက်ရှိမူနှင့် အစားထိုးလဲလှယ်ရပါမည်။

coffey
A TETRA TECH COMPANY

VALENTIS

# ၁၃။ ကိုးကားရည်ညွှန်းချက်များ


Beffasti, L., နှင့် Galanti, V. ၂၀၁၁ ခုနှစ်၊ မြန်မာ့ကာကွယ်ထားသော ဧရိယာများ၊ နောက်ခံအကြောင်းအရာ၊ လက်ရှိအခြေအနေနှင့်စိန်ခေါ်မှုများ၊ Istituto Oikos နှင့် BANCA. မီလန်နီ၊ အီတလီ။

ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးဥရောပ ဘဏ်။ ၂၀၁၄ ခုနှစ်။ EBRD လုပ်ဆောင်လိုက်နာရန် သတ်မှတ်ချက် ၂၊ အလုပ်သမားနှင့်လုပ်ငန်းခွင်အခြေအနေ၊ လန်ဒန်၊ United Kingdom.

IECA. ၂၀၀၈ ခုနှစ်၊ တိုက်စားမှုနှင့်အနည်ထိန်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ နိုဝင်ဘာလ ၂၀၀၈ (နောက်ထွက်ရှိလာသော ပြန်လည်ဖြည့်စွက်မှုများ) နိုင်ငံတကာ တိုက်စားမှု ထိန်းချုပ်ခြင်း အသင်း (Australasia) .

IECA. ၂၀၀၈ ခုနှစ်၊ တိုက်စားမှုနှင့်အနည်ထိန်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ နိုဝင်ဘာလ ၂၀၀၈ နောက်ဆက်တွဲ (ခ) - နန်းစုကန်ဒီဇိုင်းနှင့် လုပ်ငန်းလည်ပတ်မှု၊ မူကြမ်းစာတမ်း၊ ဒီဇင်ဘာလ နိုင်ငံတကာ တိုက်စားမှုထိန်းချုပ်ခြင်းအသင်း (Australasia).

IFC. ၂၀၀၇ ခုနှစ်၊ သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးကင်းရေးလမ်းညွှန်ချက်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ Washington, DC USA.

IFC. ၂၀၀၇ ခုနှစ်၊ သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးကင်းရေးလမ်းညွှန်ချက်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ Washington, DC USA.

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၁။ ပတ်ဝန်းကျင်နှင့်လူမှုရေးအန္တရာယ်များနှင့်ထိခိုက်မှုများအပေါ် ဆန်းစစ်ခြင်းနှင့်စီမံခန့်ခွဲခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်း။ Washington, DC USA.

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၂။ အလုပ်သမားများနှင့်လုပ်ငန်းခွင်အခြေအနေ။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၃။ သယံဇာတ အကျိုးဖြစ်မြောက်စွာအသုံးပြုခြင်းနှင့်ညစ်ညမ်းမှုကာကွယ်ခြင်း။ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း-၅။ မြေသိမ်းဆည်းရေးနှင့်အတင်းအားဓမ္မရွှေးပြောင်းခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း - ၆။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့်သက်ရှိသဘာဝ အရင်းအမြစ်များကို စီဆက်မပျက်ရေရှည် စီမံခန့်ခွဲခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အ စည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း - ၈။ ယဉ်ကျေးမှုအမွေအနှစ် (၂၀၁၂) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အ စည်း။ Washington, DC USA

Irwin, E. ၂၀၁၆. ကျောက်မျက်ရတနာကဏ္ဍဆန်းစစ်ခြင်း၊ မြန်မာတွင်းထွက်လုပ်ငန်းဖော်ဆောင်ရေး။ ကမ္ဘာ့ဘဏ် အစီရင်ခံစာ။

Meynell နှင့် Gregory ၊ ဖြည့်စွက်ချက်၊ တင်ပြထားသောခေါင်းစဉ် - ရေနေဂေဟနှင့်ငါးအမျိုးများအတွက် နည်းလမ်းနှင့်အခြေခံအချက်အလက်များ။ A WWW resource accessed from [https://www.ifc.org/wps/wcm/connect/6708eb8b-aaa4-4edd-bc1d-1cff27f73b22/4b+Aquatic+ecosystems+and+fisheries.pdf?MOD=AJPERES](https://www.ifc.org/wps/wcm/connect/6708eb8b-aaa4-4edd-bc1d-1cff27f73b22/4b+Aquatic+ecosystems+and+fisheries.pdf?MOD=AJPERES)

TANKS. ၂၀၁၆. ကျောက်စိမ်းတူးဖော်မှု အကြီးအစီရင်ခံစာ၊ တာဝန်ခံမှုကို ကျော်လွန်၍။ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ကွန်ယက် ကချင်ပြည်နယ်၏ အစီရင်ခံစာ။

Wang, C., & Myint, S. W. ၂၀၁၆. ၂၀၀၁ ခုနှစ်မှ ၂၀၁၀ အတွင်း သစ်တောပြုန်းတီးမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ။ Remote Sensing, 8: 728.

WHO. ၂၀၀၅ ခုနှစ်၊ လေအရည်အသွေး လမ်းညွှန်ချက်များ၊ Global Update ၂၀၀၅ ခုနှစ်၊ အထူးသဖြင့် အိုဇုန်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့်ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ Copenhagen၊ ဒိန်မတ်။

ကမ္ဘာ့ဘဏ် ၂၀၀၁၊ လုပ်ငန်းလည်ပတ်မှု လက်ဆွဲစာအုပ်၊ OP 4.12 – အတင်းအားဓမ နေရာချထားပေးခြင်း၊ ကမ္ဘာ့ဘဏ် Washington, DC, USA.

WWF. ၂၀၁၇ ခုနှစ်၊ . Terrestrial Ecoregions: အရှေ့တောင်အာရှ၊ မြန်မာနိုင်ငံမြောက်ပိုင်း၊ A WWW resource accessed from https://www.worldwildlife.org/ecoregions/im0140

# နောက်ဆက်တွဲ (၂)

# အမိန့်ကြော်ငြာစာများ

This page has been left intentionally blank.

နောက်ဆက်တွဲ (၂) တွင် ဤ EMP နှင့်သင့်လျော်သည့် အမိန့်ကြော်ငြာစာများ ရွေးချယ်၍ ထည့်သွင်းထားပါသည်။ ၎င်း အမိန့်ကြော်ငြာစာများသည် အစဉ်အဆက် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများ အားလုံးမဟုတ်ပါ။

နောက်ဆက်တွဲ (၂) တွင် ထည့်သွင်းထားသော အမိန့်ကြော်ငြာစာများကို ယခု EMP တွင် ထည့်သွင်းရန် Valentis မှ တာဝန်ယူ၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကျောက်စိမ်းတူးဖော်ရေးဌာန

လုံးခင်း

ကျောက်စိမ်းတူးဖော်ရေးဌာန
စာအမှတ် - - -
ရက်စွဲ - - -
လုံးခင်း၊ကချင်ပြည်နယ်

စာအမှတ်၊ က-၃၇/ ၀၇၈ /၂၀၁၄

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

သို့

နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများ(အားလုံး)

ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီ/သမအသင်းများ(အားလုံး)

လုံးခင်း/ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင်ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးဆောင်ရွက်ရန်ကိစ္စ**

၁။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး ၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကြေညာချက်အမှတ်(၄/၂၀၁၄)အရ လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် (၁.၉.၂၀၁၄)ရက်နေ့မှစ၍ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ပြန်လည်တူးဖော်ခွင့်ပြုသဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့်ရရှိသော နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ တူးဖော်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များသည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် တူးဖော်မှုလုပ်ငန်းများ ၊ မြေစာစွန့်ပစ်မှုများကို စနစ်တကျလိုက်နာလုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာဆောင်ရွက်ရန် (၄.၁၀.၁၉၉၅)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၂၁/၉၉)ကို ထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်ရာ ယင်းအမိန့်အခန်း(၅)တွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ထုတ် ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ထို့အပြင် (၁၆.၆.၂၀၀၃)ရက်နေ့တွင် ထုတ်ပြန်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် (၈/၂၀၀၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်း (သို့မဟုတ်) ပုဂ္ဂလိကကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်းသတ်မှတ်ရန်နှင့် လုပ်ကွက်ပြင်ပတွင် မြေစာပစ်ရန်အတွက် နေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရန် သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရန် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်မှုကြောင့် မြေစာ၊ ကျောက်တုံး၊ ကျောက်ခဲများသည် ဥရုချောင်းအတွင်းစီးဝင်သည့် ချောင်းလက်တက်များနှင့် ဥရုချောင်းအတွင်းသို့ ကျရောက်ပြီး ချောင်းအတွင်းပို့ချမှုကြောင့် ချောင်းကြမ်းပြင်မြင့်တက်ပြီး ချောင်းတိမ်ကောမှု ၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၅။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၏ (၄.၁၀.၁၉၉၉)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၂၁/၉၉) အခန်း(၅)ပါအတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် အောက်ပါတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(က) ရတနာနယ်မြေအတွင်း ကုန်းတွင်းပိုင်းလုပ်ကွက်များမှ စက်ယန္တရားများဖြင့် ကျောက်စိမ်း တူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသည့် မြေစာနှင့်ကျောက်များကို ရတနာနယ်မြေအတွင်း မြစ်ချောင်းများအတွင်းသို့လည်းကောင်း ၊ မြစ်ချောင်းများသို့စီးဝင်ရာ တောင်ကျရေဆင်းလမ်း နှင့် လျှိုမြောင်များအတွင်းသို့လည်းကောင်း လုံးဝစွန့်မပစ်ဘဲ လွှတ်ကင်းရာနေရာများသို့ စွန့်ပစ်ရမည်။

(ခ) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများနံဘေးနှင့် မြစ်ချောင်းများအတွင်းသို့ မြေစာများ အနယ်အဖြစ် ကျရောက်နိုင်သည့်နေရာများတွင် မြေစာစုပုံခြင်းလုံးဝမပြုလုပ်ရန်နှင့် အကယ်၍ မြစ်ချောင်းများသို့စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ မလွှဲမရှောင် စွန့်ပစ်ရမည်ဆိုပါက မြစ်ချောင်းများသို့မဝင်မီ လမ်းခုလတ်တွင် နုန်းစုကန်(Detention Pond)များတူးဖော်ပြီး စွန့်ပစ်မြေစာနှင့် ကျောက်များကို အဆိုပါနုန်းစုကန်များတွင် စုဆောင်း ဆယ်တင်ပြီးမှ ရေများကို မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရေးဆောင်ရွက်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းပို့ချပြီးသော ကျောက်တုံးကြီးများအား နယ်မြေကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများအား ဆယ်တင်စေပြီး မြစ်ကမ်းနဖူး ၊ ချောင်းနံဘေး တွင် လုံလောက်သည့် အမြင့်ရောက်သည်အထိစီ၍ မြေသားဖို့ပြီး မြစ်ကမ်းပါးများ ၊ ချောင်း နံဘေးများ ပြန်လည်ပြုပြင်ရန်နှင့် မြေသားခိုင်မာအောင် သစ်ပင်များ စိုက်ပျိုးဆောင်ရွက် ရမည်။

(ဃ) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများအတွင်း ရေစီးလွှဲပြောင်းတူးဖော်ခြင်း ၊ ပိတ်တန်းများ ပြုလုပ်တူးဖော်ခြင်း ၊ ဆင်းတွင်းများ/ဂလိုဏ်များပြုလုပ်တူးဖော်ခြင်းများ လုံးဝမပြုလုပ်ရ။

(င) မြစ်ချောင်းများအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးငယ်များနှင့် မြေစာများအား မိုးတွင်း ကာလတွင် မိုးရေနှင့်တိုက်စားစီးဆင်းစေပြီး မိုးကုန်ပိုင်းတွင် ချောင်းရေစီးရေလာကောင်းမွန် ရေးအတွက် ချောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(စ) အများသုံးမြေစာစွန့်ပစ်ရန်နေရာမဟုတ်သည့်နေရာများတွင် ပါမစ်မရရှိဘဲမြေစာပစ်ခြင်း လုံးဝ မပြုလုပ်ရ။

(ဆ) သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း ၊ မြေစာနှင့်ကျောက်တုံး ကျောက်ခဲများ စွန့်ပစ်ခြင်းလုံးဝမပြုလုပ်ရ။

(ဇ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာဆောင် ရွက်ရန် (၄.၁၀.၁၉၉၉)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၂၁/၉၉)နှင့်အညီ ကျောက်မျက် ရတနာတူးဖော်ပြီးသည့် ကလိုင်များ ၊ ချိုင့်များ ၊ ကျင်းများနှင့် တူးဖော်မှုလုပ်ငန်းကြောင့် ပျက်စီးသွားသည့် မြေမျက်နှာပြင်အား မြေပြန်ဖို့ခြင်း သို့မဟုတ် အန္တရာယ်မဖြစ်စေရန် အခြား နည်းဖြင့် ပြုပြင်ဆောင်ရွက်ပေးခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရမည်။

၆။ လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြု မိန့်ရရှိသူများသည် အထက်ပါညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ (၃၈)နှင့် ပုဒ်မ(၄၃)တို့အရ အရေးယူခြင်းခံရနိုင်ပါသည်။

၇။ သို့ဖြစ်ပါ၍ လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့်ရရှိသော နိုင်ငံတော် နှင့်အကျိုးတူ ကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ တူးဖော်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်း လုပ်ကွက်များသည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက် ပျက်စီးမှုမရှိစေရေးအတွက် ဤညွှန်ကြားချက်အား လုပ်ငန်းလမ်းညွှန်အဖြစ် အလေးထားလိုက်နာပြီး အောက်ခြေအဆင့်အထိ အသိပေးကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားသည်။

ရွှေလင်းမောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဝန်ကြီး ၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ၊ မြစ်ကြီးနားမြို့
ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်
မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ဖားကန့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ဖားကန့်မြို့
လုပ်ငန်းကြီးကြပ်ဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
စခန်းတာဝန်ခံ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန (မိုးညှင်း ၊ ခန္တီး )
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ကျောက်စိမ်းတူးဖော်ရေးဌာန
စာအမှတ်------
ရက်စွဲ------
လုံးခင်း၊ကချင်ပြည်နယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**ကျောက်စိမ်းတူးဖော်ရေးဌာန**
**လုံးခင်း**

Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၂၀၉ / ၂၀၁၇
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ

------------------------------------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်များတွင် မြေပြိုကျမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီများ သိရှိလိုက်နာဆောင်ရွက်သွားနိုင်ရေးကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ( ၈ . ၂ . ၂၀၁၆ )ရက်စွဲပါ စာအမှတ် ၊ ည-၁/၁-၁၀၇/၂၀၁၆

၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကျောက်စိမ်း ၊ ကျောက်မျက်လုပ်ကွက်များကို မြေပေါ် ၊ မြေအောက် တူးဖော်နည်းစနစ်ဖြင့် သဘာဝသယံဇာတများကို တူးဖော်လုပ်ကိုင်လျက်ရှိရာ ရတနာနယ်မြေဖြစ်သည့်အလျောက် ကျောက်စိမ်း ၊ ကျောက်မျက်တူးဖော်ထားသောလုပ်ကွက်များ၊ မြေစာပုံများဆက်စပ်လျက်ရှိပြီး တစ်ခါတစ်ရံတွင် လုပ်ငန်းခွင်အတွင်း မြေပြိုကျမှု ၊ မြေစာပုံပြိုကျမှု ၊ လုပ်ငန်းသုံးယာဉ်မတော်တဆမှုတို့ဖြင့်လည်းကောင်း ၊ မိုးရာသီကာလ မိုးသည်းထန်စွာရွာသွန်း၍ မြေအစိုဓာတ်များကြောင့် မြေသားမတည်ငြိမ်၍ မြေလွှာအက်ကြောင်းများဖြစ်ပေါ်ပြီး မြေပြိုကျသည့်အန္တရာယ်များဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ တွေ့ကြုံရသကဲ့သို့ အခြားသောလုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိပါသည်။

၂။ အဆိုပါ ကျောက်စိမ်းလုပ်ကွက်များတွင် လုပ်ငန်းခွင်အတွင်း မြေပြိုကျမှု ၊ မြေစာပုံ ပြိုကျမှု ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ၊ လုပ်ငန်းသုံးယာဉ် မတော်တဆ မှုများနှင့် အခြားသော လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများက အောက်ပါအချက်များကို သိရှိလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါ သည်-

(က) ရတနာနယ်မြေအသီးသီးရှိ မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်(Open Cut Mine)များတွင် အပေါ်ယံမြေလွှာများအား ဖယ်ရှားရာ၌ မြေသားကမ်းပါးယံများကို ထိန်းနိုင်ရန်အတွက် လှေကားထစ်(Bench)စနစ်ဖြင့် တူးဖော်ရန် ၊ ( Bench Height)တစ်ခုနှင့် တစ်ခု( ၂၅ )ပေ

အထက်မကျော်စေရန် ၊ လုံလောက်သောဘေးကင်းမှု လျှောစောက်(Angle of Repose)အား (၄၅)ဒီဂရီထက်မကျော်အောင် ဆောင်ရွက်တူးဖော်ရန် ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးတို့ကို အလေးအနက်ထားဆောင်ရွက်၍ မိုင်းများ လုပ်ထုံးလုပ်နည်း သတ္တုတွင်းဒီဇိုင်း(Mine Design)အရ ပုံဖော်ပြီး သတ်မှတ်ထားသည်နှင့်အညီ တူးဖော်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် စွန့်ပစ်မြေစာများကိုလည်း သတ်မှတ်ထားသည့်နေရာတွင် ညွှန်ကြားထားသော လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း စနစ်တကျထားရှိစွန့်ပစ်စေရန်။

(ခ) မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်များ၏ လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော လမ်း(Haul Road)များအား ရေတိုက်စားမှု ၊ မြေပြိုကျမှုများမရှိစေရေး အတွက် ထိန်းသိမ်းရေးအစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် မိုးရာသီကာလအတွင်း လမ်း(Haul Road)များကို နေ့စဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း ၊ မိုးရေကြောင့် ကမ်းပါးယံပြိုကျလာနိုင်သည့် လမ်းကြောင်းများ ၊ မြေကျွံနိုင်သည့် ဧရိယာများတွင် လုပ်သားများ သတိကြီးစွာထား၍ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားစေခြင်းများ လုပ်ဆောင်ရန်။

(ဂ) လူနေအိမ်အဆောက်အဦများကို အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော မြေစာပုံများအနီး နှင့် ကမ်းပါးယံများ၌ တည်ဆောက်ခြင်း လုံးဝမပြုလုပ်ရန် ၊ စုပေါင်းမြေစာပုံများအနီး ကမ်းပါးယံအခြေနှင့် ကမ်းပါးစောင်းအနီး မြေသားခိုင်မာမှုမရှိသော မြေနေရာများ၌ တည်ဆောက်ထားသော အဆောက်အဦများတွင် လူများနေထိုင်မှု လုံးဝမပြုလုပ်ရန် ၊ မြေပြိုဖုံးလွှမ်းနိုင်သော အန္တရာယ်ဧရိယာများအတွင်း လူနှင့်အိမ်တို့ကို နေထိုင်ဆောက်လုပ်ခြင်း မပြုလုပ်ရန်။

(ဃ) မိုးရာသီကာလ မိုးများသည့်ရက်များတွင် အက်ကြောင်းများ ပေါ်ပေါက်လာပါက အက်ကြောင်းပေါ်သည့် ဧရိယာပေါ်ရှိ လူနေအိမ်အဆောက်အဦများ ချက်ချင်းရွှေ့ပြောင်းရန် ၊ ဖြစ်ပေါ်လာသည့် အက်ကြောင်းများအခြေအနေနှင့် မြေပြင်ထူးခြားမှုတို့ကို တာဝန်ရှိသူအဆင့်ဆင့်သို့ အကြောင်းကြားသတင်းပို့စေ၍ တာဝန်ရှိသူများမှ ချက်ချင်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။

(င) မိုးရွာသွန်းမှုကြောင့် မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်များအတွင်းသို့ ဝင်ရောက်လာသည့် ရေများကို ကောင်းမွန်စွာ စွန့်ထုတ်နိုင်ရေးအတွက် ရေနုတ်မြောင်း(Drainage)များ ၊ ရေစုကန်(Sump)များအား ရှင်းလင်းထားရှိရန် ၊ ရေစုပ်စက်(Pump)များကို ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိပြီး အရံ(Pump)များကိုလည်း အသင့်တပ်ဆင်ထားရှိရန် ၊ ခါးရေများပေါက်ကျခြင်းများ တွေ့ရှိပါက ကြိုတင်ကာကွယ်မှုများ အမြန်ဆောင်ရွက်ရန် ၊ လုပ်ကွက်အထက်တွင် လုပ်ငန်းသုံးရေလှောင်ကန်များရှိပါက တာဘောင်မကျိုးစေရန် စိစစ်ကြပ်မတ်ရန်နှင့် ရေနူး၍ပျော့နိုင်သောမြေများကို အမြန်ဖယ်ရှားမှုလုပ်ဆောင်ရန်။

(စ) မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် ရေစိမ့်နှုန်းများ၍ အက်ကြောင်းများဖြစ်ပေါ်ပြီး မြေသားတည်ငြိမ်မှုမရှိသော မြေပေါ်မြေအောက်လုပ်ကွက်များကို မြေသားတည်ငြိမ်မှုရှိသည်အထိ လုပ်ငန်းခွင်ရပ်နားထားရန် ၊ ယာယီထုတ်လုပ်မှုပိတ်ပင်ထားသည့် လုပ်ကွက်များအား ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်မှုရှိ/မရှိ စစ်ဆေးကြပ်မတ်ရန်နှင့် ခါးရေပေါက်ပြီး မြေပြိုလေ့ရှိသဖြင့် လုပ်ငန်းခွင်ပြန်လည်စတင်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးပြီးမှသာ တူးဖော်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေရန်။

(ဆ) မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မိုးရွာပြီးနေပြန်ပူသည့်အချိန်များတွင် မြေပြိုလေ့ရှိသဖြင့် တူးဖော်မှုလုပ်ငန်းများ ခေတ္တဆိုင်းငံ့(ရပ်ဆိုင်း)ထားစေရန် ၊ ထုတ်လုပ်မှုထက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုကို အထူးဂရုပြုဆောင်ရွက်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသည့်အခြေအနေရှိမှသာ စစ်ဆေးပြီး သတ္တုတွင်းလုပ်ကွက်များသို့ ဝင်ရောက်တူးဖော်လုပ်ကိုင်ဆောင်ရွက်ရန်။

(ဇ) မိမိလုပ်ကွက်ဧရိယာအတွင်းသာမက ဆက်စပ်နှင့်အနီးပတ်ဝန်းကျင်ရှိ လုပ်ကွက်များတွင် မြေပြိုကျနိုင်သည့် အခြေအနေရှိသည်ကို ကြားမြင်သိရှိရပါက သတိပေးပြောကြားခြင်း ၊ သက်ဆိုင်ရာတူးဖော်ရေးဌာနများသို့ သတင်းပို့တင်ပြခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြ ရန်။

(ဈ) မြေစာပုံအား ကမ်းပါးမြင့်မားမတ်စောက်မှု မရှိစေရေးအတွက် စွန့်ပစ်မြေစာများအား လှေကားထစ်ပုံဖော်ပြီး ကျစ်လစ်မှုမရှိစေရေးအတွက် ရေဖြန်းခြင်း ၊ လမ်းကြိတ်စက်ဖြင့် ဖိသိပ်ခြင်းများ ပုံမှန်လုပ်ဆောင်ရန်။

(ည) မြေစာပုံတွင် အက်ကြောင်းများဖြစ်ပေါ်မှုရှိ/မရှိစစ်ဆေးရန် ကုမ္ပဏီကြီးများအားတာဝန်ပေးအပ်ရန်၊ မြေစာပုံတွင် ညအချိန်၌ အလင်းရောင်လုံလောက်စွာရရှိစေရေး လျှပ်စစ်မီးများ ထွန်းညှိထားပေးရန်၊ မြေစာပုံတွင် အက်ကြောင်းများဖြစ်ပေါ်ခဲ့ပြီး ပြိုကျမည့်အခြေအနေ တွေ့ရှိပါက ပြိုကျမည့်နေရာအား ရေမဆေးများဝင်ရောက်မှုမရှိစေရေးအတွက် ခရာမှုတ်ခြင်း၊ အချက်ပြခြင်း၊ အန္တရာယ်ရှိနိုင်ကြောင်းသင်္ကေတများ၊ ဆိုင်းဘုတ်များစိုက်ထူခြင်းစသည် တို့ကို လူအများမြင်သာသိရှိအောင်ဆောင်ရွက်ရန်။

(ဋ) မြေပြိုမှုအန္တရာယ်ရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါက ချက်ချင်းလုပ်ငန်းရပ်နားပြီး လူနှင့် စက်ယန္တရားများကို အန္တရာယ်မှ လွတ်ကင်းနိုင်မည့်နေရာသို့ အမြန်ပြောင်းရွှေ့ဖယ်ရှားပြီး အန္တရာယ် ရှိနိုင်သောမြေများကို ဖယ်ရှားမှုဆောင်ရွက်ရန်။

(ဌ) မြေစာပစ်လမ်းတစ်လျှောက် အန္တရာယ်ဖြစ်နိုင်သည့်နေရာများ (လမ်းဆုံ၊ လမ်းခွ၊ လမ်းကွေ့) တွင် အများပြည်သူများသိရှိစေရန် **"အန္တရာယ်ရှိသည်၊ သတိထားသွားလာရန်"** ဗီနိုင်းပိုစတာများအား အလျား(၈)ပေ၊ အနံ(၂)ပေ အရွယ်အစားဖြင့် လူအများမြင်သာသည့်နေရာများတွင် စိုက်ထူထားခြင်း၊ အလုပ်ကြီးကြပ်နှင့် ယာဉ်လမ်းကြောင်းပြများ လုံလောက်စွာ တာဝန်ပေးအပ်ပြီး နေ့စဉ်စောင့်ကြပ်ကြည့်ရှုစေရန်။

(ဍ) သဘာဝဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်သော နေရာများသို့ သွားရောက်ပြီး ဒဏ်ရာရရှိမှု၊ သေဆုံးမှု၊ ပျောက်ဆုံးမှုများအား ရှာဖွေကယ်ထုတ်ခြင်း၊ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသနိုင်ရေးဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက စက်ယန္တရားများအကူအညီ အမြန်ဆုံးရယူ၍ ရှင်းလင်းဖယ်ရှားခြင်း၊ နောက်ထပ် ထပ်မံမဖြစ်ပွားစေရေးအတွက် ကြိုတင်စီမံ၍ ကာကွယ်မှုများပြုလုပ်ဆောင်ရွက်ရန်။

(ဎ) ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီထိရောက်အောင်မြင်စွာဖြင့် နေ့/ည ဆောင်ရွက်နိုင်ရန် တာဝန်ခွဲဝေသတ်မှတ်ပေးပြီး မတော်တဆထိခိုက်မှုဖြစ်စဉ်အကြောင်းအရာ ပြည့်စုံစွာဖြင့် အချိန်နှင့်တစ်ပြေးညီ အထက်ဌာနသို့ တင်ပြနိုင်ရန် ကြိုးစားလုပ်ဆောင်ကြရန်။

(ဏ) သတ္တုတွင်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများအပါအဝင် အလုပ်သမားရပိုင်ခွင့်ဥပဒေများကို သိရှိပြီး လေးစားလိုက်နာဆောင်ရွက်ကြရန်။

၃။ ရတနာနယ်မြေရှိ တူးဖော်ရေးလုပ်ငန်းများနှင့် ဒေသအတွင်း နေထိုင်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနေထိုင်တတ်စေရန်နှင့် မိုင်းများတွင် တွေ့ကြုံရသောအန္တရာယ်များကို သိရှိရှောင်ရှားစေနိုင်ရန်အတွက် ဌာနအကြီးအကဲများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ မော်လုပ်ကွက်များအလိုက် လှည့်လည်၍ အလုပ်သမားများနှင့် ရပ်မိရပ်ဖများကို အသိပညာပေးဟောပြော ဆွေးနွေးပွဲများ သင်တန်းပို့ချမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ အချက်အလက်များကို အလေးထား လိုက်နာဆောင်ရွက်ကြရန် ထပ်မံအသိပေး အကြောင်းကြားသည်။

၁၆/၂/၂၀၁၇

ဒေါက်တာရဲဋ္ဌေး

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၈၅ / ၂၀၀၄

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်)

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏အစည်းအဝေး (၁၃-၁၄/၂၀၀၄) ဆုံးဖြတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာရန် အမိန့်**

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာဆောင်ရွက်ရန် အမိန့်ကို ၄. ၁၀. ၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉ ဖြင့် ထုတ်ပြန် ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်၏ အခန်း (၅)တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ဖော်ပြထားပြီးဖြစ်ပါသည်။

၂။ ထို့ပြင် ၁၆. ၆. ၂၀၀၃နေ့တွင် ပြဋ္ဌာန်းသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၈/၂၀၀၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံး မြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်ကြောင်းနှင့် ခွင့်ပြုမိန့်ရရှိသူများက မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပတွင် မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန် လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန သို့ လျှောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိုက်တန်းများပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့် ကလိုင်များပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်း မပြုရ။

(င) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို သတ်မှတ်ပေးထားသည့် အများသုံးမြေစာပစ်ရန် နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာ လုပ်ကွက်အတွင်းရှိ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း၊ မြေစာနှင့် ကျောက်တုံး ကျောက်ခဲများ စွန့်ပစ်ခြင်းလုံးဝ မပြုရ။

၆။ ဤအမိန့်၏ အပိုဒ် ၅ ပါအချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲ ရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာ တစ်ဦးဦးအားလည်းကောင်း နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

ကျောက်စိမ်းတူးဖော်ရေးဌာန
စာအမှတ် ------
ရက်စွဲ ------
လုံးခင်း၊ ကချင်ပြည်နယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၁၄၆ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဇန်နဝါရီလ ၂၆ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ

-------------------------------ကုမ္ပဏီ

အကြောင်းအရာ။ **လုံးခင်း၊ ဖားကန့်ရတနယ်မြေရှိ စုပေါင်းမြေစာပုံနေရာများတွင် မြေစာများစနစ်တကျ စွန့်ပစ်ရန်ကိစ္စ**

၁။ လုံးခင်း၊ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ရာမှထွက်ရှိလာသော စွန့်ပစ်မြေစာများမှတဆင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ယခင်သတ်မှတ်ခဲ့သည့်မြေစာပုံ(၁၂)နေရာတွင် မြေစာများထပ်မံစွန့်ပစ်နိုင်သည့် ဧရိယာကို ပွင့်လင်းရာသီတွင် မြေစာများစွန့်ပစ်သွားရန် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး ၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီက (၆.၁၀.၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀/၂၀၁၅)ကြိမ်မြောက် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ထို့ကြောင့် လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေ၌ ၂၀၁၆-၂၀၁၇ ခုနှစ် ပွင့်လင်းရာသီတွင် ကျောက်စိမ်းရိုင်း တူးဖော်ရာမှ ထွက်ရှိလာသောမြေစာများကို သတ်မှတ်ခွင့်ပြုထားသည့် အောက်ဖော်ပြပါ စုပေါင်းမြေနေရာ(၁၂)နေရာရှိ ထပ်မံစွန့်ပစ်နိုင်သည့် ဧရိယာများတွင် စနစ်တကျစွန့်ပစ်ကြရမည်ဖြစ်ပါသည်-

| စဉ် | စုပေါင်းမြေစာပုံနေရာ | သတ်မှတ်ဧရိယာဧက | စွန့်ပစ်ခဲ့သည့်ဧက | ထပ်မံစွန့်ပစ်နိုင်သည့်ဧက |
|---|---|---|---|---|
| (က) | နမ့်မော် | (၃၀) | (၂၀) | (၁၀) |
| (ခ) | နန့်ဂျန် | (၃၀) | (၁၀) | (၂၀) |
| (ဂ) | မားဆား | (၉၀) | (၄၀) | (၅၀) |
| (ဃ) | နမ့်မဖြစ် | (၈၀) | (၅၀) | (၃၀) |
| (င) | မော်မောင်းဘွမ် | (၁၅၀) | (၉၀) | (၆၀) |
| (စ) | ကူလားမှော် | (၈၀) | (၆၀) | (၂၀) |
| (ဆ) | ဆီပ်မူရွာဟောင်း | (၁၂၀) | (၅၀) | (၇၀) |
| (ဇ) | ဆိုင်းအောင် | (၁၅၀) | (၅၀) | (၁၀၀) |
| (ဈ) | ကန်ခန်ဘွမ် | (၃၀၀) | (၁၅၀) | (၁၅၀) |
| (ည) | အထက်မက်လင်ချောင် | (၁၅၀) | (၆၀) | (၉၀) |
| (ဋ) | ဇေခါ | (၁၅၀) | (၈၀) | (၇၀) |
| (ဌ) | ရေအေးချောင် | (၁၅၀) | (၅၀) | (၁၀၀) |

၃။ သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် မြေစာစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် အောက်ပါတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(က) ရတနာနယ်မြေအတွင်းရှိ ကုန်းတွင်းပိုင်းလုပ်ကွက်များမှ တူးဖော်ရာမှထွက်ရှိလာသည့် မြေစာနှင့် သဲကျောက်များကို ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းနှင့်ချောင်းလက်တက်များအတွင်းသို့ စွန့်ပစ်ခြင်းမပြုဘဲ လွတ်ကင်းရာနေရာများတွင်သာ စွန့်ပစ်ရန်။

(ခ) မြေစာများကို ဥရုချောင်းအတွင်းနှင့် ဥရုချောင်းဘေးဝဲ/ယာပေ(၃၀၀)အတွင်းဥရုချောင်းရေစီးရေလာကောင်းမွန်စေရေး ကမ်းနားတာဘောင်အဖြစ်မြှင့်တင်ခြင်း ညွှန်ကြားချက်အရဆောင်ရွက်သည်မှအပ လုံးဝ(လုံးဝ)မစွန့်ပစ်ရန်။

(ဂ) စွန့်ပစ်မြေစာများတွင် ပါရှိလာသော ကျောက်တုံးကျောက်ခဲကြီးများကြောင့် ရေကြောင်းသွားလာမှုဘေးအန္တရာယ်မရှိစေရေး ရေစီးရေလာပိတ်ဆို့ခြင်း မရှိစေရေးအတွက် သီးခြားစွန့်ပစ်ရမည့် သတ်မှတ်နေရာများတွင် စွန့်ပစ်ရန်။

(ဃ) လူနေရပ်ကွက်လူနေအိမ်နှင့်နီးစပ်နေသာမြေနေရာများ ၊ မြစ်ချောင်းများအနီးရှိ မြေနေရာများတွင် မြေစာများစွန့်ပစ်ခြင်းကြောင့် စွန့်ပစ်မြေစာပုံများပြိုဆင်းပြီး အန္တရာယ်ဖြစ်နိုင်သကဲ့သို့ ရေစီးရေလာပိတ်ဆို့ပြီး လမ်းတံတားနှင့်လူနေအိမ်ကျေးရွာများလုပ်ကွက်လုပ်ငန်းခွင်များ ရေလွှမ်းမိုးကာ ဘေးအန္တရာယ်ကျရောက်ခြင်း ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် မော်ကွက်ရပ်အချင်းချင်းပေါင်းစပ်ညှိနှိုင်းကာ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး အလေးထားဆောင်ရွက်ကြရန်။

(င) စုပေါင်းမြေစာများစွန့်ပစ်ရာတွင် လှေကားထစ်ပုံဖော်၍ ၄၅ဒီဂရီလျှောစောက်ပြုလုပ်ပြီး လုံလောက်သောအကျယ်ထားရှိကာ မြေစာများစွန့်ပစ်သွားရန်။

(စ) စုပေါင်းမြေစာပုံဧရိယာအစပ်များတွင် **"စုပေါင်းမြေစာပုံအန္တရာယ်ရှိသည်"** **"ဖြတ်သန်းသွားလာခြင်းမပြုရ"** စသည်ဖြင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရန်။

(ဆ) သက်ဆိုင်ရာကုမ္ပဏီများ၏ စုပေါင်းမြေစာပုံများတွင် အစောင့်တဲများဆောက်လုပ်ပြီး လုံခြုံရေးဝန်ထမ်းများထားရှိကာ စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေး၍ အန္တရာယ်မရှိမှသာ ဆက်လက်စွန့်ပစ်ရန်။

(ဇ) အကယ်၍ မြစ်ချောင်းများသို့စီးဝင်ရန် တောင်ကျရေစီးလမ်းနှင့်လျှိုမြောင်များအတွင်းသို့ မလွှဲမရှောင်သာစွန့်ပစ်ရမည်ဆိုပါက မြစ်ချောင်းများအတွင်းမစီးဝင်မီ လမ်းခုလတ်တွင် နုန်းစုကန်(Detention Pond)များတူးဖော်ပြီး စွန့်ပစ်မြေစာများနှင့်ကျောက်ရိုင်းတုံးများကိုပါ အဆိုပါနုန်းစုကန်များအတွင်းမှ စုဆောင်းဆယ်တင်၍ ရေများကိုသာ မြစ်ချောင်းများအတွင်း စီးဝင်စေရေးဆောင်ရွက်ရန်။

(ဈ) မြစ်ချောင်းများ၏ ကမ်းနဖူးနိမ့်သည့်အပိုင်းများတွင် ကမ်းနဖူးမြှင့်တင်ရေးကိုဆောင်ရွက်ရာ၌ မြစ်ချောင်းများအတွင်းပို့ချပြီးသော ကျောက်တုံးကြီးများအား နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံတို့က ဆယ်တင်စေပြီး မြစ်ကမ်းနဖူး

ချောင်းနံဘေးတွင် လုံလောက်သည့်အမြင့်ရောက်သည်အထိ စနစ်တကျစီထားကာမြေသားဖို့ပြီး မြစ်ကမ်း ၊ ချောင်းနံဘေးများပြန်လည်ပြုပြင်ခြင်း ၊ အကယ်၍ မြစ်ချောင်းအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများမရှိလျှင် စွန့်ပစ်မည့်ကျောက်တုံးကြီးများကို စီပုံ၍အပေါ်မှ မြေပြန်ဖို့ပြီးမြေသားခိုင်မာအောင် သစ်ပင်များစိုက်ပျိုးခြင်းဆောင်ရွက်ရန်။

(ည) မိမိတို့တူးဖော်ရေးလုပ်ငန်းများတွင် မြောစင်များတည်ဆောက်၍ ကျောက်စိမ်းရိုင်းများရှာဖွေပါ က နုန်းစစ်ကန် ၊ ရေစစ်ကန်များတည်ဆောက်၍ ရွှံ့နွံများအနည်ထိုင်စေပြီး ရေကြည်ရေသန့်များကိုသာ စီးဆင်းစေရန်။

(ဋ) တူးဖော်ထုတ်လုပ်မှုကြောင့် ဥရုချောင်းနှင့်ချောင်းလက်တက်များအတွင်း ဂဲနှင့်သဲများပိတ်ဆို့ပါကမိမိတို့မော်ကွက်ရပ်အလိုက် သတ်မှတ်ပေးထားသောဧရိယာအပိုင်းကို စက်ယန္တရားအင်အားဖြင့် စုပေါင်းဆယ်တင်ကြရန်။

(ဌ) ကျောက်မျက်ရတနာတူးဖော်ပြီးသည့်အခါ ဂလိုဏ်များ ၊ ချိုင့်များ ၊ ကျင်းများနှင့်လုပ်ငန်းကြောင့် ပျက်စီးသွားသည့်မြေမျက်နှာပြင်အား မြေပြန်ဖို့ခြင်း(သို့မဟုတ်)အန္တရာယ်မဖြစ်စေရန် အခြားနည်းဖြင့် ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် သစ်ပင်များအစားထိုးစိုက်ပျိုးခြင်းများဆောင်ရွက်ရန်။

(ဍ) သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်းခွင့်ပြုမည်မဟုတ်ပါ။ သဘာဝရေဝေရေလဲနေရာများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်။

၄။ သို့ဖြစ်ပါ၍ မလိုလားအပ်သောအရေးယူခြင်း မခံရစေရေးအတွက် ကျောက်စိမ်းကျောက်မျက်တူးဖော်ထုတ်လုပ်နေကြသော လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေမှ လုပ်ငန်းရှင်နှင့်လုပ်ငန်းတာဝန်ခံများအားလုံးက ထုတ်ပြန်ထားသည့် ဥပဒေ ၊ နည်းဥပဒေ ၊ အထက်ဌာနက ချမှတ်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို အောက်ခြေအဆင့်ထိအသိပေးကာ လိုက်နာစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန် အသိပေးအကြောင်းကြားသည်။

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ဖားကန့်မြို့
ဥက္ကဋ္ဌ ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)
တိုင်းတာရေးနှင့်စစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

စာအမှတ်-----
ရက်စွဲ-----

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# ကျောက်စိမ်းတူးဖော်ရေးဌာန
# လုံးခင်း

Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၆၈ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၁၉ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျာ/လုပ်ငန်းတာဝန်ခံ
----------------------------------------နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီ/သမအသင်း
လုံးခင်း-ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **ကျောက်မျက်ရတနာများရောင်းချမှုနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသောနိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများက အကျိုးတူလုပ်ကွက်ဧရိယာနှင့်ပတ်သက်၍ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရန်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန( လုံးခင်း )၏ ( ၁၅ . ၁၂ . ၂၀၁၅ )ရက်စွဲပါစာအမှတ် ၊ က-၃၇/၆၅၆/၂၀၁၅

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရန် လုပ်ကိုင်လိုသောကုမ္ပဏီ/သမအသင်းသည် တူးဖော်လုပ်ကိုင်လိုသည့်နေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုတင်ပြလျှောက်ထားပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ခွင့်ပြုချက်အရ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကြသဖြင့် သဘောတူစာချုပ်ပါလုပ်ကွက် ဧရိယာကို သက်ဆိုင်ရာကုမ္ပဏီအသီးသီးသို့ ကွင်းဆင်းတိုင်းတာအပ်နှံပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများအနေဖြင့် မိမိတို့၏ အကျိုးတူလုပ်ကွက်ဧရိယာများနှင့် ပတ်သက်၍ လုပ်ကွက်ကွင်းဆင်းတိုင်းတာ ယာယီအပ်နှံခြင်းမပြုရသေးသော ကုမ္ပဏီများသည်လည်းကောင်း ၊ ယာယီအပ်နှံပြီးသော ကုမ္ပဏီများသည်လည်းကောင်း ၊ အပ်နှံပြီးသောကုမ္ပဏီများသည်လည်းကောင်း အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်-

(က) လုပ်ကွက်လက်ခံပြီးသည့်အခါ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ပါအတိုင်း တူးဖော်ထုတ်လုပ်မည့်နေ့ရက်ကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ အကြောင်းကြားခွင့်ပြုချက်ရယူရ ပါမည်။

(ခ) လုပ်ကွက်အပ်နှံပြီးပါက မှတ်ငုတ်ဒေါင့်တိုင်များကို ကွန်ကရစ်တိုင်(သို့မဟုတ်) သံပိုက်လုံးတိုင်(သို့မဟုတ်)(၄)လက်မပတ်လည်သစ်သားတိုင်ဖြင့် ဖြူနီကြားဆေးသုတ်၍ အခိုင်အမာစိုက်ထူထားရမည်။မသမာသူများက မှတ်ငုတ်ဒေါင့်တိုင်များကို ဖျက်ဆီးနုတ်ပစ်ခြင်းမပြုစေရေးဆောင်ရွက်ထားရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်ငုတ်ဒေါင့်တိုင်ကိုစိုက်ထူ သည့်အခါ သတ်မှတ်နေရာမှ မိမိသဘောဖြင့် နေရာရွှေ့ပြောင်းစိုက်ထူခြင်းမပြုရပါ။အကယ်၍ မသမာသောနည်းဖြင့် ရွှေ့ပြောင်းစိုက်ထူထားကြောင်းကို စစ်ဆေးတွေ့ရှိပါက ရွှေ့ပြောင်းစိုက်ထူသည့် ကုမ္ပဏီဝန်ထမ်းများကိုသာမက ကုမ္ပဏီတာဝန်ရှိသူများကိုပါ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ

(ဂ) အကယ်၍ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း ၊ မသမာသူတို့ကြောင့်လည်းကောင်း ၊ နယ်နိမိတ်ဒေါင့်တိုင်များ/မူသေမှတ်ငုတ်များ ပြန်လည်စိုက်ထူရန်/အစားထိုးရန်လိုအပ်ပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ ကျိုးကြောင်းဖော်ပြ၍ တင်ပြရမည်။တင်ပြချက်အပေါ် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်နိုင်စေရန် အဖွဲ့ဖြင့် တိုင်းတာသတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

(ဃ) လုပ်ကွက်အပ်နှံပြီးသည့်နောက် လုပ်ကွက်အတွင်း အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရန်အတွက် မြေပြင်မြေညှိခြင်း ၊ အဆောက်အဦများဆောက်လုပ်ခြင်းကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သော်လည်း လုပ်ကွက်ကိုယာယီအပ်နှံခြင်းဖြစ်လျှင် ခွင့်ပြုချက်အရ မြေပြင်မြေညှိခြင်း ဆောင်ရွက်စဉ် ကျောက်စိမ်းရိုင်းရရှိပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးသို့ အပ်နှံရမည်။အဆောက်အဦများ ဆောက်လုပ်ရာတွင်လည်း အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ခြင်းမပြုလုပ်ရပါ။

(င) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းရိုင်းများအားလုံးကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာအတွင်း၌သာ တန်ဖိုးသင့်ခြင်း ၊ ဖြတ်တောက်ခြင်း ၊ အရောင်တင်ခြင်း ၊ ပြပွဲတင်ရန်အတွဲဖွဲ့ခြင်း ၊ ထုတ်ပိုးခြင်း ၊ သိုလှောင်ထိန်းသိမ်းခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ ကျောက်စိမ်းတူးဖော်ရေးဌာန( လုံးခင်း )ရုံးဝင်းဧရိယာဝင်းအတွင်း ကျောက်ဖြတ်စက်ရုံနှင့် သိုလှောင်ဂိုဒေါင်များဆောက်လုပ်ရန်အတွက် မြေဖို့မြေပြင်မြေညှိခြင်း ၊ ဆောက်လုပ်ခြင်း ကိစ္စအဝဝကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရမည်။

(စ) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအမြန်ဆုံးစတင်ရန်နှင့် လိုအပ်သည့်ဝန်ထမ်း/လုပ်သား ၊ ယာဉ် ၊ စက်ယန္တရား ၊ ရိက္ခာ ၊ စက်သုံးဆီ ၊ လုပ်ငန်းသုံးယမ်းစသည်တို့ကို စုဆောင်းကြရန်လိုအပ်ပါမည်။ယာဉ် ၊ စက်ယန္တရားများဖြည့်တင်းခြင်းကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရမည်။လုပ်ငန်းခွင်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှုအခြေအနေကိုလည်း ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ တင်ပြကြရပါမည်။

(ဆ) ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရမည့် **"လုပ်ငန်းစီမံချက်"** (၄)မျိုးကို ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ မိတ္တူပေးတင်ပြရပါမည်။

(ဇ) မိမိတို့အကျိုးတူလုပ်ကွက်ဧရိယာအတွင်းသို့ မသက်ဆိုင်သူများ ကျော်လွှန်ဝင်ရောက်တူးဖော်ခြင်း ၊ တရားမဝင်ဝင်ရောက်တူးဖော်ခြင်း ၊ မြေစာများလာရောက်စွန့်ပစ်ခြင်းကိုခွင့်မပြုရ။မိမိတို့ ကုမ္ပဏီကိုယ်တိုင်လည်း ခွင့်ပြုချက်မရဘဲ တူးဖော်ထုတ်လုပ်ခြင်း ၊ ကုမ္ပဏီတူးဖော်ထုတ်လုပ်နေသောပုဂ္ဂလိကလုပ်ကွက်မှမြေစာများ ဝင်ရောက်စွန့်ပစ်ခြင်းမပြုရ။

(ဈ) မသက်ဆိုင်သူများ လုပ်ကွက်ဧရိယာအတွင်း လူနေတဲအိမ်များ ကျူးကျော်ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်း ခွင့်မပြုရပါ။

(ည) ကုမ္ပဏီအနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ကို မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော အလေးထားလိုက်နာကြပ်မတ်စီမံဆောင်ရွက်ကြရမည့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ၊ အမိန့်ညွှန်ကြားချက်များ ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၊ နည်းဥပဒေများနှင့်အညီ အလေးထားလိုက်နာလုပ်ကိုင် ဆောင်ရွက်နိုင်ရေး လေ့လာမှတ်သားလိုက်နာဆောင်ရွက်ရမည်။

(ဋ) အထူးသဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ဧရိယာအတွင်း မူးယစ်ဆေးဝါးချက်လုပ်ခြင်း ၊ သိုလှောင်ခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်း ၊ တရားမဝင်လက်နက်ခဲယမ်းများထားရှိခြင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသောကိစ္စရပ်များ လုံးဝ(လုံးဝ)မပြုလုပ်ရပါ။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှယုံကြည်စိတ်ချ၍ အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုထားသည်ဖြစ်ရာ မိမိတို့ကုမ္ပဏီအပါအဝင် ကုမ္ပဏီနှင့်သက်ဆိုင်သူအားလုံး၏ ဂုဏ်သိက္ခာမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားဂရုစိုက်လိုက်နာဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်
ဒုတိယညွှန်ကြားရေးမှူး(ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်
တိုင်းတာရေးနှင့်ကွင်းဆင်းစစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင် ၊ နယ်မြေ(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)
အနီးကပ်ကြီးကြပ်အဖွဲ့ဝင်
--------------------------------------------ကုမ္ပဏီ ၊ -------------------မှော် ၊ လုပ်ကွက်(          )
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**ကျောက်စိမ်းတူးဖော်ရေးဌာန**
**လုံးခင်း**

Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၇၈ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၂၂ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ

-----------------------------------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **လုပ်ငန်းခွင်နှင့်သက်ဆိုင်သောဘူမိဗေဒပညာရှင်နှင့် သတ္တုတူးဖော်ရေးပညာရှင်များ ခန့်ထားရန်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန( လုံးခင်း )၏ ( ၁၀ . ၁၂ . ၂၀၁၅)ရက်စွဲပါစာအမှတ် ၊ က-၃၇/၆၃၉/၂၀၁၅

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော အကျိုးတူကုမ္ပဏီ ၊ ပုဂ္ဂလိကကုမ္ပဏီ ၊ သ/မအသင်းများသည် တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းစနစ်မှန်ကန်စွာ တူးဖော်ထုတ်လုပ်နိုင်ရေး ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်သော တူးဖော်နည်းစနစ်များ စီမံခန့်ခွဲနိုင်ရန်အတွက် တတ်သိပညာရှင်များ ခန့်ထားရမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် အကျိုးတူကုမ္ပဏီ ၊ ပုဂ္ဂလိကကုမ္ပဏီ ၊ သမအသင်းအချို့သည် အလုပ်သမားစာရင်းများကိုတင်ပြရာတွင် လက်ရှိကုမ္ပဏီအလိုက် ကြီးကြပ် ၊ လုံခြုံရေး ၊ ယာဉ်/စက်ယန္တရား တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကိုသာ တင်ပြလာပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဘူမိဗေဒပညာရှင် ၊ သတ္တုတူးဖော်ရေးပညာရှင်အစရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါ၍ ပညာရှင်ဝန်ထမ်းများ ခန့်အပ်ထားရှိခြင်းမရှိသေးသော ကုမ္ပဏီ/သမအသင်းများအနေဖြင့် အဆိုပါပညာရှင်များမဖြစ်မနေခန့်အပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား မိမိဌာနသို့ ပြန်လည်တင်ပြသွားရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၇၅ / ၂၀၀၄

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၀၄ ခုနှစ် ၊ မေလ ၁၂ ရက်)

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏အစည်းအဝေး (၁၃-၁၄/၂၀၀၄) ဆုံးဖြတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာရန် အမိန့်**

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာဆောင်ရွက်ရန် အမိန့်ကို ၄.၁၀.၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉ ဖြင့် ထုတ်ပြန် ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်၏ အခန်း (၅)တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ဖော်ပြထားပြီးဖြစ်ပါသည်။

၂။ ထို့ပြင် ၁၆. ၆. ၂၀၀၃နေ့တွင် ပြဋ္ဌာန်းသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၈/၂၀၀၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံး မြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်ကြောင်းနှင့် ခွင့်ပြုမိန့်ရရှိသူများက မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပတွင် မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန် လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန သို့ လျှောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေနှင့် ဥရုမြစ်ဝန်းကျင်ဒေသတွင် ကျောက်စိမ်းထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူအချို့သည် မြေစာပစ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိကြသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လျက်ရှိကြောင်း တွေ့ရှိပါသည်။ အထူးသဖြင့် မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို ဥရုမြစ်နှင့် ဥရုမြစ်အတွင်းသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ စွန့်ပစ်ခြင်းကြောင့် ဥရုမြစ်တွင် သောင်ထွန်းခြင်း၊ တိမ်ကောခြင်း နှင့် ရေစီးကြောင်းပြောင်းလဲခြင်းတို့ ဖြစ်ပေါ်ကာ ချင်းတွင်းမြစ်ကိုပါ ဆက်လက်ထိခိုက်စေလျက် ရှိကြောင်း တွေ့ရှိရပါသည်။

၄။ ထို့ကြောင့် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ နှင့် ဥရုမြစ်ပန်းကျင်ဒေသ အပါအဝင် သတ်မှတ်ထားသော ရတနာနယ်မြေများ၌ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် အဆိုပါဒေသများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာပါသည်။

၅။ သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် အောက်ပါတို့ကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည် -

(က) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကို ရတနာနယ်မြေများအတွင်းရှိ မြစ်ချောင်းများအတွင်းသို့ လုံးဝစွန့်ပစ်ခြင်း မပြုရမည့်ပြင် ထိုမြစ်ချောင်းများသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ သာမန်အားဖြင့် စွန့်ပစ်ခြင်း မပြုရ၊

(ခ) အကယ်၍ မြစ်ချောင်းများသို့ စီးဝင်ရာတောင်ကျရေဆင်းလမ်းများနှင့် လျှိုမြောင်များအတွင်းသို့မလွှဲမရှောင်သာစွန့်ပစ်ရန်ရှိပါက မြစ်ချောင်းများသို့မစီးဝင်မီ လမ်းခုလတ်တွင် နုန်းစုကန် (Detention Pond)များ တူးဖော်ပြီး စွန့်ပစ်မြေစာ နှင့် ကျောက်တုံးကျောက်ခဲများကို အဆိုပါနုန်းစုကန်များတွင် စုဆောင်းဆယ်တင်ပြီးမှ ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဂ) မြစ်ချောင်းများ၏ကမ်းနဖူးနိမ့်သည့် အပိုင်းများတွင် ကမ်းနဖူးမြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ မြစ်ချောင်းအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများကို နယ်မြေကြီးကြပ်အဖွဲ့များနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ စီမံခန့်ခွဲမှုဖြင့် ဦးစားပေးဆယ်တင်၍ ကမ်းနဖူးတွင် စီပုံရမည်ဖြစ်ပြီး မြစ်ချောင်းအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးကြီးများ မရှိလျှင် စွန့်ပစ်မည့်ကျောက်တုံးကြီးများကိုစီပုံပြီး အပေါ်မှမြေပြန်ဖို့၍ မြေသားခိုင်မာစေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရမည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိုက်တန်းများပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့် ကလိုင်များပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်း မပြုရ။

(င) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို သတ်မှတ်ပေးထားသည့် အများသုံးမြေစာပစ်ရန် နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်အတွင်းရှိ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း၊ မြေစာနှင့် ကျောက်တုံး ကျောက်ခဲများ စွန့်ပစ်ခြင်းလုံးဝ မပြုရ။

၆။ ဤအမိန့်၏ အပိုဒ် ၅ ပါအချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲ ရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာ တစ်ဦးဦးအားလည်းကောင်း နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၄ - အဖွဲ့ခွဲ (၂) ၂၀၀၄ (ပတ်ဝန်းကျင်)
ရက်စွဲ ၊ ၂၀၀၄ ခုနှစ် ၊ မေလ (၁၂ )ရက်

<u>ဖြန့်ဝေခြင်း</u>

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- ဝန်ကြီးချုပ်ရုံး
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- သတ္တုတွင်းဝန်ကြီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ
- ဝန်ကြီးဌာနအားလုံး
- ညွှန်ကြားရေးမှူးချုပ် ၊ သတ္တုတွင်းဦးစီးဌာန
- သတ္တုတွင်းဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန/လုပ်ငန်းများအားလုံး
- ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကျောက်စိမ်းတူးဖော်ရေးဌာန

လုံးခင်း

Fax;074-72422

E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / / ၂၀၁၆

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ မေလ ၂၃ ရက်

သို့

နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအားလုံး

ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီ/သမအသင်းများ(အားလုံး)

လုံးခင်း/ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **လုံးခင်း၊ဖားကန့်ရတနာနယ်မြေတွင် မိုးရာသီလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးကြပ်မတ်ဆောင်ရွက်ရန်ကိစ္စ**

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသော နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ တူးဖော်လုပ်ကိုင် ခွင့်ရကျောက်စိမ်း လုပ်ကွက်များသည် မိုးရာသီလုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်၍ တူးဖော်ရေးလုပ်ငန်းခွင်အတွင်းတွင် မြေပြိုမှု ဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့်သေဆုံးမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ အထူးသဖြင့် မိုးဦးကာလနှင့်မိုးနှောင်းကာလများတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်း ၊ နေအပူအရှိန် မြင့်တက်ခြင်း ၊ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သဘာဝမြေသားများကျုံ့ခြင်း ၊ ပွခြင်း ၊ အက်ကြောင်းများ ဖြစ်ပေါ်ပြီးမြေစာများနှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်မြေသားများ အိကျပြိုဆင်းပိမိ၍ လုပ်ငန်းသုံးအဆောက် အဦများပျက်စီးခြင်း ၊ ယာဉ်/စက်ယန္တရားများပျက်စီးခြင်း ၊ ကုမ္ပဏီဝန်ထမ်း/ လုပ်သားများ ဒဏ်ရာရသေဆုံးခြင်းစသည့် မလိုလားအပ်သောဖြစ်စဉ်မျိုးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိပါသည်။

၃။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေကြသော ခွင့်ပြုမိန့်ရရှိသူများသည် ကျောက်စိမ်းတူးဖော်ထုတ်လုပ် ရာတွင် အောက်ဖော်ပြပါလုပ်ငန်းခွင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) မိုးရာသီကာလ မိုးများသောရက်များတွင် ထုတ်လုပ်မှုထက်ဘေးအန္တရာယ်ကင်းရှင်းမှုကို အထူး ဂရုပြုဆောင်ရွက်ရမည်။

( ခ ) မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် လုပ်ငန်းခွင်ရပ်နားထားရန်နှင့် လုပ်ငန်းခွင်ပြန်လည်စတင်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်ပြီးမှသာ လုပ်ကိုင်ဆောင်ရွက်ရမည်။

( ဂ ) အပေါ်ယံမြေလွှာများအားဖယ်ရှားရာတွင် မြေသားနံရံများထိန်းနိုင်ရန်အတွက် လှေကားထစ် (Bench)များပြုလုပ်၍တူးဖော်ရန်နှင့်(Bench Height) တစ်ခုနှင့်တစ်ခု(၂၅)ပေထက်မကျော်စေရန်နှင့်လုံလောက်သောဘေးကင်းမှုလျှောစောက်(Angle of Repose)အား (၄၅)ဒီဂရီထက်မကျော်အောင် ဆောင်ရွက်တူးဖော်ရမည်။

(ဃ) နေအိမ်အဆောက်အဦများအား အန္တရာယ်ရှိနိုင်သည့်ကမ်းပါးယံများ၌ တည်ဆောက်ထားခြင်း လုံးဝမပြုလုပ်ရန် ၊ ကမ်းပါးယံအခြေနှင့်ကမ်းပါးစောင်းအနီးတွင် တည်ဆောက်ထားသော အဆောက်အဦများ၌ လူများနေထိုင်မှုမပြုလုပ်ရန်နှင့် မြေသားခိုင်မာမှုမရှိသောမြေနေရာများတွင် အဆောက်အဦများဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

( င ) မိုးကာလမိုးများသည့်ရက်များတွင် အက်ကြောင်းများပေါ်ပေါက်လာပါက အက်ကြောင်းပေါ်သည့်ဧရိယာပေါ်ရှိ လူနေအိမ်အဆောက်အဦများချက်ချင်းရွှေ့ပြောင်းရန်နှင့်ဖြစ်ပေါ်လာသည့် အက်ကြောင်းများအခြေအနေနှင့် မြေပြင်ထူးခြားမှုတို့ကို တာဝန်ရှိသူအဆင့်ဆင့်သို့ အကြောင်းကြားသတင်းပို့ခြင်း ၊ တာဝန်ရှိသူများမှ ချက်ချင်းစစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။

( စ ) မြေပြိုမှုအန္တရာယ်ဖြစ်ပေါ်လာနိုင်ပါက ချက်ချင်းလုပ်ငန်းရပ်နားပြီး လူနှင့်စက်ယန္တရားများကို အန္တရာယ်မှလွတ်ကင်းနိုင်မည့်နေရာသို့ ပြောင်းရွှေ့ဖယ်ရှားပြီး အန္တရာယ်ရှိနိုင်သောမြေများကို ဖယ်ရှားရမည်။

(ဆ) ထိုသို့ဖယ်ရှားဆောင်ရွက်ရာတွင် ခေါင်းမိုးမြေများဖြစ်ပါက အန္တရာယ်ကင်းနိုင်သည့် အနေအထား်အထိဖယ်ရှားခြင်း ၊ အောက်ခြေထိန်းလှေကားထစ်နံရံများပြုလုပ်ခြင်း ၊ ကုတေမြေ (အမာခံမြေအမျိုးအစား)ဖြစ်ပါက(၉၀)ဒီဂရီအထိ တည့်မတ်စွာမထားဘဲ အနည်းဆုံး(၃၀) ဒီဂရီအစောင်းထားရှိ တူးဖော်ရမည်။

(ဇ) ဟင်းလင်းဖွင့်လုပ်ကွက်များတွင် မြေသားကြွခိုင်မှုအနေအထားအရ သင့်လျော်သည့်အန္တရာယ်လွတ်အမြင့်ပေ သတ်မှတ်ဆောင်ရွက်ရန်နှင့် ထပ်မံ၍အနက်ပေ တူးဖော်ရန်လိုအပ်ပါက နောက်ထပ် အန္တရာယ်ကင်းလွတ်အဆင့် မြေထိန်းတစ်ခုပြုလုပ်ဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းခွင်သို့ ဝင်ရောက်ရာလမ်းကြောင်းများ၏ မြေတည်ငြိမ်မှုရှိရေး အထူးကြပ်မတ်ဆောင်ရွက်ရန်နှင့် လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းများကို မြေပြိုကျမှုမရှိစေရန် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ထားရမည်။

(ည) မိုးရေကြောင့် ကမ်းပါးယံပြိုကျလာနိုင်သည့်လမ်းကြောင်းတွင် လုပ်သားများသတိကြီးစွာထား၍ လုပ်ငန်းလုပ်ဆောင်ရန်နှင့်သတိပေးဆိုင်းဘုတ်များစိုက်ထူထားရမည်။

(ဋ) မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မိုးရွာပြီးနေပြန်ပူသည့်အချိန်များတွင် မြေပြိုလေ့ရှိသဖြင့် ၎င်းအချိန်များတွင် တူးဖော်မှုလုပ်ငန်းများခေတ္တရပ်ဆိုင်းထားရမည်။

(ဌ) မိုးသည်းထန်စွာရွာသွန်းခြင်း ၊ ခါးရေများပေါက်ကျခြင်းများ တွေ့ရှိပါက ကြိုတင်ကာကွယ်မှုများ အမြန်ဆောင်ရွက်ရမည်။

(ဍ) လုပ်ကွက်အထက်တွင် လုပ်ငန်းသုံးရေလှောင်ကန်များရှိပါက တာဘောင်မကျိုးစေရန် စိစစ်ကြပ်မတ်ရန်နှင့်ရေနုး၍ပျော်နိုင်သောမြေများဖြစ်ပါက အမြန်ဖယ်ရှားရမည်။

(ဎ) ရပ်ကွက် ၊ ကျေးရွာလူနေအိမ်များအန္တရာယ်ရှိနိုင်သောနေရာတွင်ရှိသည့် ကျင်းဟောင်း ၊ ရေကန်ဟောင်း ၊ မြေစာပုံအနီးရှိ ရေကန်များအား ရေပြည့်ရေလျှံကျိုးပေါက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပုံမှန်ရေစီးဆင်းနိုင်သည့် ရေနုတ်မြောင်းများ တူးဖော်၍ ရေဝိတ်များ လျှော့ချပေးရမည်။

(ဏ) အများနှင့်သက်ဆိုင်သောကိစ္စဖြစ်၍ မိမိလုပ်ကွက်ဧရိယာအတွင်းသာမက ဆက်စပ်နှင့်အနီးပတ်ဝန်းကျင်ရှိလုပ်ကွက်များတွင် မြေပြိုကျနိုင်သည့်အခြေအနေရှိသည်ကို ကြားမြင်သိရှိရ ပါကသတိပေးပြောကြားခြင်း ၊ သက်ဆိုင်ရာတူးဖော်ရေးဌာနများသို့ သတင်းပို့တင်ပြခြင်းနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းများကို မိမိအသိစိတ်ဖြင့်ဆောင်ရွက်ကြရမည်။

(တ) လုပ်ကွက်တစ်လျှောက် ဖြတ်သန်းစီးဆင်းနေသော ချောင်း/မြောင်းများကို ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ထားရန်နှင့်နွေကာလတွင် ချောင်းများဖြတ်၍ ယာယီမြေဖို့ထားသော မြေသားတမံနှင့်ဆောက်လုပ်ထားသောယာယီတံတားများကို ဖြုတ်သိမ်းရှင်းလင်းထားရမည်။

(ထ) မိုးရာသီကာလအတွင်း ကျောက်စိမ်းတူးဖော်လုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်များတွင် လျှပ်စစ် ဓာတ်အားထုတ်ပေးသည့်(Generator)မီးစက်များ ၊ မီးခလုတ်(Switch)များ ၊ သွယ်တန်းထား သောဝါယာကြိုးများမှ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ဂရုပြုစစ်ဆေးဆောင်ရွက်ရမည်။

(ဒ) ယမ်းတိုက်များတွင်တပ်ဆင်ထားသော မိုးကြိုးလွှဲများကိုစစ်ဆေးခြင်း ၊ မိုးကြိုးလွှဲတပ်ဆင်မှုမရှိသေးသောယမ်းတိုက်များကို မိုးကြိုးလွှဲတပ်ဆင်ရမည်။

(ဓ) လုပ်ကွက်အတွင်း ယမ်းခွဲအသုံးပြုရာတွင် ယမ်းအားပမာဏ ပိုမိုထည့်သွင်းသုံးစွဲခြင်းကို ရှောင်ကြဉ်ရမည်။

(န) ကျင်းလုပ်သားများအား သတ္တုတွင်းသုံးဦးထုပ် ၊ သတ္တုတွင်းသုံးဖိနပ်နှင့်လက်အိတ်များ သုံးစွဲလုပ်ကိုင်နိုင်ရန် ကုမ္ပဏီတာဝန်ရှိသူများက ဆောင်ရွက်ရမည်။

(ပ) သဘာဝဘေးအန္တရာယ်ကြောင့် လူသားများအသက်ဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည်။

(ဖ) အခါအားလျော်စွာ ထုတ်ပြန်ထားသည့်ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များကို တိကျ စွာလိုက်နာဆောင်ရွက်ရမည်။

(ဗ) လုပ်ကွက်မန်နေဂျာနှင့် ကျင်းချုပ်စသည့်တာဝန်ရှိသူများသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ကွက်အတွင်းလုပ်သားများအား အမြဲမပြတ်သတိပေးကြီးကြပ်ပြီး လုပ်ငန်းခွင်စည်းကမ်းများ ထုတ်ပြန်၍ လိုက်နာဆောင်ရွက်သွားရမည်။

(ဘ) မတော်တဆထိခိုက်မှုများရှိပါက ချက်ချင်းသတင်းပို့တင်ပြခြင်း ၊ သတ်မှတ်ပုံစံများတွင် ဖြည့်စွက်အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးရမည်။

၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းဝေးစေရန် ညွှန်ကြားချက်များနှင့်အညီ တူးဖော်ခြင်းမရှိကြောင်း ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိပါက အဆိုပါလုပ်ကွက်ကိုတူးဖော်ထုတ်လုပ်ခွင့် ယာယီရပ်နားထားစေပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းအောင် ပြုပြင်မွမ်းမံဆောင်ရွက်စေပြီးမှသာ ပြန်လည် တူးဖော်ခွင့် ပြုမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့်ရရှိသော နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်ကုမ္ပဏီ/ ပုဂ္ဂလိကကုမ္ပဏီ /သမအသင်းများ၏ တူးဖော်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များသည်မိုးရာသီလုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်၍ တူးဖော်ရေးလုပ်ငန်းခွင်အတွင်းတွင် မြေပြိုမှုဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်ပျက်စီးခြင်း ၊ ဝန်ထမ်းလုပ်သားများ ထိခိုက်ခြင်း ၊ ဒဏ်ရာရခြင်း ၊ သေဆုံးခြင်းများ မဖြစ်ပေါ်စေရန်အတွက် လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ/ မန်နေဂျာများသည် အထက်ပါလုပ်ငန်းခွင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးထားလိုက်နာပြီး အောက်ခြေအဆင့်ထိ အသိပေးကြပ်မတ်ဆောင်ရွက် သွားရန် ညွှန်ကြားသည်။

၂၃/၅/၂၀၁၆

တင်စန်းအောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

ဒုတိယညွှန်ကြားရေးမှူး(ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

စခန်းတာဝန်ခံ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မိုးညှင်း/ခန္တီး)-(ကုမ္ပဏီများသို့ထပ်ဆင့်ညွှန်ကြားရန်)

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ကျောက်စိမ်းတူးဖော်ရေးဌာန
စာအမှတ်-----
ရက်စွဲ------
လုံးခင်း၊ ကချင်ပြည်နယ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com


စာအမှတ်၊ က-၃၇ / ၆၅၆ / ၂၀၁၅
ရက်စွဲ ၊ ၂၀၁၅ခုနှစ် ၊ ဒီဇင်ဘာလ ၂၅ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျာ/လုပ်ငန်းတာဝန်ခံ

----------------------------------------နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီ/သမအသင်း

လုံးခင်း ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **ကျောက်မျက်ရတနာများရောင်းချမှုနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသောနိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများက အကျိုးတူလုပ်ကွက်ဧရိယာနှင့်ပတ်သက်၍ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရန်ကိစ္စ**

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရန် လုပ်ကိုင်လိုသောကုမ္ပဏီ/သမအသင်းသည် တူးဖော်လုပ်ကိုင်လိုသည့်နေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုတင်ပြလျှောက်ထားပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ခွင့်ပြုချက်အရ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကြသဖြင့် သဘောတူစာချုပ်ပါလုပ်ကွက်ဧရိယာကို သက်ဆိုင်ရာကုမ္ပဏီအသီးသီးသို့ ကွင်းဆင်းတိုင်းတာအပ်နှံပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများအနေဖြင့် မိမိတို့၏ အကျိုးတူလုပ်ကွက်ဧရိယာများနှင့် ပတ်သက်၍လုပ်ကွက်ကွင်းဆင်းတိုင်းတာ ယာယီအပ်နှံခြင်းမပြုရသေးသော ကုမ္ပဏီများသည်လည်းကောင်း၊ ယာယီအပ်နှံပြီးသော ကုမ္ပဏီများသည်လည်းကောင်း ၊ အပ်နှံပြီးသောကုမ္ပဏီများသည်လည်းကောင်း အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်-

(က) လုပ်ကွက်လက်ခံပြီးသည့်အခါ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ပါအတိုင်း တူးဖော်ထုတ်လုပ်မည့်နေ့ရက်ကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ အကြောင်းကြားခွင့်ပြုချက်ရယူရပါမည်။

(ခ) လုပ်ကွက်အပ်နှံပြီးပါက မှတ်ငုတ်ဒေါင့်တိုင်များကို ကွန်ကရစ်တိုင်(သို့မဟုတ်) သံပိုက်လုံးတိုင်(သို့မဟုတ်)(၄)လက်မပတ်လည်သစ်သားတိုင်ဖြင့် ဖြူနီကြားဆေးသုတ်၍ အခိုင်အမာစိုက်ထူထားရမည်။မသမာသူများက မှတ်ငုတ်ဒေါင့်တိုင်များကို ဖျက်ဆီးနှုတ်ပစ်ခြင်းမပြုစေရေးဆောင်ရွက်ထားရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်ငုတ်ဒေါင့်တိုင်ကိုစိုက်ထူသည့်အခါ သတ်မှတ်နေရာမှ မိမိသဘောဖြင့် နေရာရွှေ့ပြောင်းစိုက်ထူခြင်းမပြုရပါ။အကယ်၍ မသမာသောနည်းဖြင့် ရွှေ့ပြောင်းစိုက်ထူထားကြောင်းကို စစ်ဆေးတွေ့ရှိပါက ရွှေ့ပြောင်းစိုက်ထူသည့် ကုမ္ပဏီဝန်ထမ်းများကိုသာမက ကုမ္ပဏီတာဝန်ရှိသူများကိုပါ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

(ဂ) အကယ်၍ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း ၊ မသမာသူတို့ကြောင့်လည်းကောင်း ၊ နယ်နိမိတ်ဒေါင့်တိုင်များ/မှုသေမှတ်ငုတ်များ ပြန်လည်စိုက်ထူရန်/အစားထိုးရန်လိုအပ်ပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ ကျိုးကြောင်းဖော်ပြ၍ တင်ပြရမည်။တင်ပြချက်အပေါ် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်နိုင်စေရန် အဖွဲ့ဖြင့် တိုင်းတာသတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

(ဃ) လုပ်ကွက်အပ်နှံပြီးသည့်နောက် လုပ်ကွက်အတွင်း အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရန်အတွက် မြေပြင်မြေညှိခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သော်လည်း လုပ်ကွက်ကိုယာယီအပ်နှံခြင်းဖြစ်လျှင် ခွင့်ပြုချက်အရ မြေပြင်မြေညှိခြင်း ဆောင်ရွက်စဉ် ကျောက်စိမ်းရိုင်းရရှိပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးသို့ အပ်နှံရမည်။အဆောက်အဦများဆောက်လုပ်ရာတွင်လည်း အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ခြင်းမပြုလုပ်ရပါ။

(င) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းရိုင်းများအားလုံးကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာအတွင်း၌သာ တန်ဖိုးသင့်ခြင်း ၊ ဖြတ်တောက်ခြင်း ၊ အရောင်တင်ခြင်း ၊ ပြပွဲတင်ရန်အတွဲဖွဲ့ခြင်း ၊ ထုတ်ပိုးခြင်း ၊ သိုလှောင်ထိန်းသိမ်းခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာဝင်းအတွင်း ကျောက်ဖြတ်စက်ရုံနှင့် သိုလှောင်ဂိုဒေါင်များဆောက်လုပ်ရန်အတွက် မြေဖို့မြေပြင်မြေညှိခြင်း ၊ ဆောက်လုပ်ခြင်းကိစ္စအဝဝကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရမည်။

(စ) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအမြန်ဆုံးစတင်ရန်နှင့် လိုအပ်သည့်ဝန်ထမ်း/လုပ်သား ၊ ယာဉ် ၊ စက်ယန္တရား ၊ ရိက္ခာ ၊ စက်သုံးဆီ ၊ လုပ်ငန်းသုံးယမ်းစသည်တို့ကို စုဆောင်းကြရန်လိုအပ်ပါမည်။ယာဉ် ၊ စက်ယန္တရားများဖြည့်တင်းခြင်းကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရမည်။လုပ်ငန်းခွင်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှုအခြေအနေကိုလည်း ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ တင်ပြကြရပါမည်။

(ဆ) ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရမည့် **"လုပ်ငန်းစီမံချက်"** (၄)မျိုးကို ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ မိတ္တူပေးတင်ပြရပါမည်။

(ဇ) မိမိတို့အကျိုးတူလုပ်ကွက်ဧရိယာအတွင်းသို့ မသက်ဆိုင်သူများ ကျော်လွှန်ဝင်ရောက်တူးဖော်ခြင်း ၊ တရားမဝင်ဝင်ရောက်တူးဖော်ခြင်း ၊ မြေစာများလာရောက်စွန့်ပစ်ခြင်းကိုခွင့်မပြုရ။မိမိတို့ကုမ္ပဏီကိုယ်တိုင်လည်း ခွင့်ပြုချက်မရဘဲ တူးဖော်ထုတ်လုပ်ခြင်း ၊ ကုမ္ပဏီတူးဖော်ထုတ်လုပ်နေသော ပုဂ္ဂလိကလုပ်ကွက်မှမြေစာများ ဝင်ရောက်စွန့်ပစ်ခြင်းမပြုရ။

(ဈ) မသက်ဆိုင်သူများ လုပ်ကွက်ဧရိယာအတွင်း လူနေတဲအိမ်များ ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်း ခွင့်မပြုရပါ။

(ည) ကုမ္ပဏီအနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ကို မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော အလေးထားလိုက်နာကြပ်မတ်စီမံဆောင်ရွက်ကြရမည့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ၊ အမိန့်ညွှန်ကြားချက်များ ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၊ နည်းဥပဒေများနှင့်အညီ အလေးထားလိုက်နာလုပ်ကိုင် ဆောင်ရွက်နိုင်ရေး လေ့လာမှတ်သားလိုက်နာဆောင်ရွက်ရမည်။

(ဋ) အထူးသဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ဧရိယာအတွင်း မူးယစ်ဆေးဝါးချက်လုပ်ခြင်း ၊ သို့လှောင်ခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်း ၊ တရားမဝင်လက်နက်ခဲယမ်းများထားရှိခြင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသောကိစ္စရပ်များ လုံးဝ(လုံးဝ)မပြုလုပ်ရပါ။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှယုံကြည်စိတ်ချ၍ အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုထားသည်ဖြစ်ရာ မိမိတို့ကုမ္ပဏီအပါအဝင် ကုမ္ပဏီနှင့်သက်ဆိုင်သူအားလုံး၏ ဂုဏ်သိက္ခာမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားဂရုစိုက်လိုက်နာဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားပါသည်။

(ပုံ)

ရွှေလင်းမောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ဒုတိယညွှန်ကြားရေးမှူး(ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
လုပ်ငန်းကြီးကြပ်ရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
တိုင်းတာရေးနှင့်ကွင်းဆင်းစစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင် ၊ နယ်မြေ(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)
အနီးကပ်ကြီးကြပ်အဖွဲ့ဝင်
-----------------------------------------ကုမ္ပဏီ ၊ -------------------မှော် ၊ လုပ်ကွက်(  )
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
(ဝန်ကြီးရုံး)
ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၀) ရက်
(၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ-၄-ရက်)

**အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉**

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁) မှ (၇) ထိပါကိစ္စရပ်များနှင့်စပ်လျဉ်း၍၊ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာဆောင်ရွက်ရန်အလို့ငှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကိုထုတ်ပြန်လိုက်သည်။

**ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာဆောင်ရွက်ရန်အမိန့်**

**အခန်း (၁)**

**ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ချိန်းဆခြင်း၊ အသက်၊ လုပ်စ၊ လစာ နှင့် အခြားအစကြေးငွေများ သတ်မှတ်ခြင်း**

၁။ ကျောက်မျက်ရတနာလုပ်ကွက်တိုင်းတွင် ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်အလို့ငှာ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသည့် မန်နေဂျာတစ်ဦးကို ခန့်ထားရမည်။ ယင်းမန်နေဂျာ၏ ဆောင်ရွက်ချက်သည် ခွင့်ပြုမိန့်ရရှိသူ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် မိမိကိုယ်တိုင် မန်နေဂျာအဖြစ် ဆောင်ရွက်နိုင်သည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်တွင် ကလေးသူငယ်ကို အလုပ်ခန့်ထားခြင်း မပြုရ။

၃။ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းများလုပ်ငန်းများအတွက်မှတစ်ပါး ကျောက်မျက်ရတနာလုပ်ကွက်၏ မြေအောက်လုပ်ကွက်စခန်းများတွင် အမျိုးသမီးကို အလုပ်ခန့်ထားခြင်းမပြုရ။

၄။ အလုပ်ခန့်ထားရန်အတွက် ကျန်းမာကြောင်းနှင့် အသက် (၁၈)နှစ်ပြည့်ကြောင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနက ထုတ်ပေးထားသောလက်မှတ် ရရှိသူများမှအပ အသက် (၁၈)နှစ် မပြည့်သေးသူကို ကျောက်မျက်ရတနာလုပ်ကွက်တွင် အလုပ်လုပ်ကိုင်ရန် ခန့်ထားခြင်းမပြုရ။

၅။ (က) ဝင်ဆေးရေးအရာရှိချုပ် သို့မဟုတ် ခစ်ဆေးရေးအရာရှိနှင့် ကျောက်မျက်ရတနာလုပ်ကွက် မန်နေဂျာတို့အကြားတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မွေးစာရင်းအထောက်အထား မရှိ၍ ကလေးသူငယ် သို့မဟုတ် အသက် (၁၈)နှစ်ပြည့်၊ မပြည့် အငြင်းပွားသည့်ကိစ္စ၌ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန ဆရာဝန်၏ အဆုံးအဖြတ်ကို ရယူရမည်။

(ခ) သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာန၊ ဆရာဝန်၏အဆုံးအဖြတ်သည် ဤအမိန့်အလို့ငှာ ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသက်အတွက် အပြီးသတ် အထောက်အထား ဖြစ်စေရမည်။

၆။ (က) ကျောက်မျက်ရတနာလုပ်ကွက်များတွင် အလုပ်ခန့်ထားသူအားလုံးအတွက် __နောက်ဆက်တွဲ ပုံစံ (၁)__ ပါအတိုင်း မှတ်ပုံတင်စာအုပ်ထားရှိရမည်။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်များတွင် မြေအောက်၌ အလုပ်လုပ်ကိုင်ရန် ခန့်ထားသူများ အတွက် __နောက်ဆက်တွဲပုံစံ (၂)__ ပါအတိုင်း မှတ်ပုံတင်စာအုပ် ထားရှိရမည်။ ၎င်းစာအုပ်တွင် အလုပ်လုပ်နေသည့်အချိန်တွင် မြေအောက်၌ အလုပ်လုပ်နေသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်ကို မပျက်မကွက် ဖော်ပြရမည်။

၇။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၌ အလုပ်လုပ်ကိုင်သည့် အလုပ်သမား တစ်ဦးအား -

(က) သတ်မှတ်ထားသော သာမန်နာရီများထက်ပို၍ အလုပ်ခိုင်းစေပါက သာမန်ပေးရမည့် အခနှုန်း၏ နှစ်ဆပေးရမည့်အပြင် ရှားပါးစရိတ် ရရှိနေလျှင်လည်း ထိုအချိန်ပိုလုပ်ရသည့် နေ့အတွက် ပေးမြဲနှုန်းအတိုင်း ပေးရမည်။

(ခ) အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်ခိုင်းစေပါက ယင်းသို့လုပ်ကိုင်ရသည့်နေ့ရက် အတွက် ၎င်း၏သာမန်လစာ သို့မဟုတ် လုပ်ခနှင့်သက်ဆိုင်သော အခြားအခကြေးငွေ များကို အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ ပေးရမည်။

၈။ အလုပ်သမားများအား ခုရေနှုန်းအရ လုပ်ခပေးပါက ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ဤအမိန့်အလို့ငှါ ထိုအလုပ်သမားများ၏ ပျမ်းမျှလုပ်ခရငွေနှုန်းထားနှင့် တူညီနိုင်သမျှ တူညီရန် ခုရေနှုန်းကို သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်သည့် နှုန်းထားများကို ဤအမိန့်အလို့ငှါ ယင်းအလုပ်သမားများ၏ သာမန်နှုန်းထားဟု မှတ်ယူရမည်။

## အခန်း (၂)

## ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း

၉။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -

(က) မည်သူ့ကိုမျှ ကျောက်မျက်ရတနာလုပ်ကွက်တွင် ရက်သတ္တပတ် တစ်ပတ်အတွင်း (၅)ရက် ထက်ပို၍ အလုပ်လုပ်ကိုင်စေခြင်း မပြုရ။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်တွင် ခန့်ထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သာမန် အားဖြင့် တစ်နေ့လျှင် (၈)နာရီထက် ပို၍လည်းကောင်း၊ ရက်သတ္တပတ် တစ်ပတ်လျှင် နာရီ (၄၀)ထက်ပို၍လည်းကောင်း အလုပ်လုပ်ကိုင်စေခြင်း မပြုရ သို့မဟုတ် အလုပ် လုပ်ခွင့် မပြုရ။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ တစ်နေ့တာလုံး ဆက်တိုက်လုပ်ကိုင် ရန် လိုအပ်လျှင် ရက်သတ္တပတ် တစ်ပတ်လျှင် (၄၈)နာရီလုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၏ မြေပေါ်တွင် ခန့်ထားသည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ တစ်နေ့တာအတွက် အလုပ်ချိန်ကို ၎င်း၏အလုပ်နားချိန်အပါအဝင် (၁၀)နာရီထက် မပိုစေရန် စီစဉ်ရမည်၊ ထိုသူအား အနည်းဆုံး အလုပ်နားချိန် (၁)နာရီ မရရှိလျှင် (၅)နာရီထက်ပို၍ အလုပ်လုပ်ခြင်း မပြုစေရ။

(ဃ) ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၏ မြေအောက်၌ လုပ်ကိုင်ရသည့် အလုပ်တစ်မျိုး တစ်စားတည်းကို မည်သည့်နေ့တွင်မဆို (၈)နာရီထက်ပို၍ လုပ်ကိုင်ခြင်း မပြုစေရ။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ အဆိုင်းစနစ်ကို စီစဉ်ကျင့်သုံးနိုင်သည်။ ယင်းသို့ ကျင့်သုံးရာတွင် အဆိုင်းစနစ်အရ အဆိုင်းတစ်ဆိုင်းအား အလုပ်ချိန်ကို (၈)နာရီထက်ပို၍ ကျော်လွန်သတ်မှတ်ခြင်း မပြုရ။

(င) ကျောက်မျက်ရတနာလုပ်ကွက်၌ ခန့်ထားခြင်းခံရသော မည်သည့်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုမျှ ၎င်းနှင့်သက်ဆိုင်သောမှတ်တမ်း၌ ဖော်ပြထားသောအချိန်ပိုင်းအတွင်းမှ အပ ကျောက်မျက်ရတနာလုပ်ကွက်၏ မြေအောက်မည်သည့်နေရာကိုမျှ ဝင်ခွင့်မပြုရ။

(စ) အဆိုင်းစနစ်ကိုကျင့်သုံးပြီး အဆိုင်းအလုပ်သမားတစ်ဦးအား သန်းခေါင်ယံကိုကျော်လွန်ပြီး အလုပ်လုပ်ကိုင်စေလျှင် ၎င်း၏ နောင်လာမည့်နေ့သည် အဆိုင်းစနစ်အတွက် သတ်မှတ် ထားသောအလုပ်ချိန် ကုန်ဆုံးသောအချိန်မှစ၍ ရေတွက်သည့် (၂၄)နာရီကာလကိုဆို ကြောင်း မှတ်ယူရမည့်အပြင် သန်းခေါင်ချိန်ကျော်လွန်ပြီး လုပ်ကိုင်ခဲ့သော အလုပ်ချိန် များကို ပြီးခဲ့သောရက်တွင် ထည့်သွင်းရမည်။

(ဆ) ကျောက်မျက်ရတနာလုပ်ကွက်ရုံးရှေ့တွင် **နောက်ဆက်တွဲပုံစံ(၃) နှင့် (၄)**ပါ အတိုင်း ကျောက်မျက်ရတနာလုပ်ကွက်၏ မြေပေါ်မြေအောက်အလုပ်စတင်ချိန်၊ အလုပ်ပြီးဆုံးသည့်အချိန်၊ ၎င်းပြင် အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ရန် ရည်ရွယ်လျှင် အဆိုင်းအသီးသီးအတွက် အလုပ်စတင်ချိန်၊ အလုပ်ပြီးဆုံးသည့်အချိန်တို့ကို ဖော်ပြသည့် နို့တစ်စာတစ်စောင်ကို ကပ်ထားရမည့်အပြင် ၎င်းနို့တစ်စာတစ်စောင်စီ၏ မိတ္တူကို စစ်ဆေးရေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်။

(ဇ) အထက်အပိုဒ်ခွဲ (ဆ)တွင် ရည်ညွှန်းထားသည့် နို့တစ်စာကို လုပ်ငန်းမစတင်မီ (၇)ရက်ထက်မနည်း ကြိုတင်၍ ကပ်ထားရမည်။

(ဈ) ကျောက်မျက်ရတနာလုပ်ကွက်တွင် ယေဘူယျအားဖြင့် အလုပ်စတင်ချိန်နှင့် အလုပ်ပြီးဆုံးချိန် သတ်မှတ်ခြင်းကို ပြောင်းလဲရန် ရည်ရွယ်လျှင်ဖြစ်စေ၊ အဆိုင်းစနစ် အချိန်သတ်မှတ်ခြင်းကို ပြောင်းလဲရန် ရည်ရွယ်လျှင်ဖြစ်စေ၊ ထိုသို့မပြောင်းလဲမီ (၇)ရက်ထက်မနည်း ကျောက်မျက်ရတနာလုပ်ကွက် ရုံးအပြင်ဘက်တွင် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ၏ **နောက်ဆက်တွဲပုံစံ (၅)**ဖြင့် ပြင်ဆင်ထားသော နို့တစ်စာကို ကပ်ထားရမည်။ ထိုသို့ မပြောင်းလဲမီ (၇)ရက်ထက်မနည်းကြိုတင်၍ စစ်ဆေးရေးအရာရှိချုပ်ထံ ယင်းနို့တစ်စာ၏မိတ္တူကို ပေးပို့ရမည်။

(ည) မည်သူ့ကိုမျှ အထက်အပိုဒ်ခွဲ (ဆ)အရ လိုအပ်သော နို့တစ်စာနှင့်အညီ မှတစ်ပါး ကျောက်မျက်ရတနာလုပ်ကွက်၌ အလုပ်လုပ်ကိုင်စေခြင်း မပြုရ။

(ဋ) အလုပ်လုပ်ရသည့် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့မရောက်မီ (၃)ရက် သို့မဟုတ် ကျရောက်ပြီး (၃)ရက်အတွင်း အနားပေးရက် တစ်ရက်ကို မရရှိသူအား ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၌ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့၌ အလုပ်လုပ်ခွင့်မပြုရ။

(ဌ) အစားထိုးအနားပေးရက်ကို အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသည့်အတိုင်း ခွင့်မပြုနိုင်ပါက ထိုပုဂ္ဂိုလ်ခံစားခွင့်ရှိသော အနားရက်များ နောက်ပိုင်း တစ်လအတွင်း ထိုပုဂ္ဂိုလ်ဆုံးရှုံးခဲ့သည့်အနားပေးရက် အရေအတွက်အတိုင်း အစားထိုးအနားပေးရက်အဖြစ် ဖြည့်စွက်ပေးရမည်။

(ဍ) စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုးအနားပေးရက် (စောရာရက်) မတိုင်မီ ကျောက်မျက်ရတနာလုပ်ကွက်၌ ထိုအစားထိုးအနားပေးရက်ကို နို့တစ်စာဖြင့် ထိုစနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုး အနားပေးရက်တွင် ကျောက်မျက်ရတနာလုပ်ကွက်အလုပ်စတင်ချိန်မှစ၍ အနည်းဆုံး (၂၄)နာရီ ချိတ်ဆွဲထားရမည်။ အလုပ်လုပ်ကိုင်သည့် ပုဂ္ဂိုလ်တစ်ဦးအား အနားရက် (၂)ရက်မရဘဲ ဆက်တိုက် (၁၀)ရက် အလုပ်လုပ်ကိုင်ခြင်းမပြုစေရ။

(ဗ) ကျောက်မျက်ရတနာလုပ်ကွက်၌ ချိတ်ဆွဲထားသော နို့တစ်စာအား စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုးအနားပေးရက်များမရောက်မီ တစ်ရက်အလိုတွင် ပယ်ဖျက်နိုင်သည်၊

(ဘ) အလုပ်သမားတစ်ဦးသည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် လုပ်ကိုင်ရပါက ၎င်း၏ ရက်သတ္တပတ် အလုပ်နာရီများကို တွက်ချက်ရာတွင် ထိုစနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ နေ့ရက်အား ထိုအလုပ်သမားခံစားသည့် အစားထိုး အနားပေးရက်ပါသော ရက်သတ္တပတ် တစ်ပတ်တွင် ထည့်သွင်းတွက်ချက်ရမည်၊

၁၀။ အထက်အပိုဒ် (၉)တွင် မည်သို့ပင်ပါရှိစေကာမူ ကျောက်မျက်ရတနာလုပ်ကွက်ဟွင် ဘေးအန္တရာယ် နှင့် အလုပ်သမားများ၏ အန္တရာယ်ကျရောက်နိုင်သည့်အရေးပေါ် အခြေအနေမျိုး ပေါ်ပေါက်ပါက ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် အထက်အပိုဒ် (၉)ပါ သတ်မှတ်ချက်များကို ဆန့်ကျင်၍ အလုပ်သမားများကို တာဝန်ပေးနိုင်သည်။ ယင်း ကိစ္စကို စစ်ဆေးရေးအရာရှိ ကျောက်မျက်ရတနာလုပ်ကွက်သို့ လာရောက်စစ်ဆေးလျှင် တင်ပြနိုင်ရန် ချက်ချင်းမှတ်တမ်းတင်ရမည့်အပြင် မှတ်တမ်းမိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံသို့ သိသာရန် ချက်ချင်းပေးပို့ရမည်၊

## အခန်း (၃)

## ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ်ပွားမှုများ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း

၁၁။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ၎င်း၏ ကြီးကြပ်မှုအောက်ရှိ ကျောက်မျက်ရတနာလုပ်ကွက်များတွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်ထားရမည်။ အထူးသဖြင့် အောက်ပါတို့ကို စီစဉ်ဆောင်ရွက်ထားရှိရမည်။

(က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်၊ စက်မှုနှင့် ဆက်သွယ်ရေးစနစ် အပါအဝင် အခြားလိုအပ်သည့်ပစ္စည်းများ ပါဝင်သောဒီဇိုင်းပြုလုပ် တည်ဆောက်ခြင်း။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်ကို စတင်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း နှင့် လုပ်ငန်းရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် အလုပ်သမားများနှင့် အခြားပုဂ္ဂိုလ် များ၏ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးကို ထိခိုက်မှုမရှိစေဘဲ ၎င်းတို့တာဝန်ကျရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ခြင်း။

(ဂ) လုပ်ငန်းခွင်သို့ ဝင်ရောက်ရာလမ်းကြောင်းများ၏ မြေတည်ငြိမ်မှုရှိအောင် လိုအပ်သည်များ ထိန်းသိမ်းဆောင်ရွက်ခြင်း။

(ဃ) မြေအောက်လုပ်ကွက်တိုင်းတွင် ဖြစ်နိုင်ပါက ဝင်ပေါက်အပြင် မြေပြင်သို့ ထွက်နိုင်သည့် အရေးပေါ် ထွက်ပေါက်နှစ်ပေါက်ကို ထားရှိခြင်း၊

(င) လုပ်ငန်းခွင်တွင် အလုပ်သမားများ ဘေးအန္တရာယ်တွေ့ကြုံနိုင်ဘွယ်ရာ ရှိ / မရှိကို အချိန်မှန် စစ်ဆေးစိစစ်သုံးသပ်ခြင်း။

(စ) ဝင်ရောက်ခွင့်ပြုထားသည့် မြေအောက်လုပ်ကွက်များအတွက် လုံလောက်သော လေရရှိမှုကို စီစဉ်ထားရှိခြင်း။

(ဆ) ထူးထူးခြားခြား ဘေးအန္တရာယ်ဖြစ်နိုင်သော လုပ်ကွက်နေရာများတွင် အလုပ်သမားများအား ဘေးအန္တရာယ်ကာကွယ်ပေးနိုင်သည့် လုပ်ငန်းစီမံချက်နှင့် ယုပ်ထုံးလုပ်နည်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်း။

(ဇ) မီးစတင်လောင်ကျွမ်းခြင်း၊ ပျံ့နှံ့ခြင်းနှင့် ပေါက်ကွဲခြင်း အန္တရာယ်များအား တားဆီးကာကွယ်ရန်၊ ကြိုတင်သိရှိရန်နှင့် နှိမ်နင်းရန်အတွက် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆီလျော်သော ကြိုတင်ကာကွယ်တားဆီးမှု အစီအစဉ်များထားရှိခြင်း။

(ဈ) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ဘွယ်ရာ အခြေအနေသို့ ရောက်ရှိသည့်အခါ လုပ်ငန်းများအား ရပ်ဆိုင်းပြီး အလုပ်သမားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးကို ဆောင်ရွက်ခြင်း။

၁၂။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုစီ၏ ထူးခြားမှုအပေါ် မူတည်ပြီး ကြိုတင်မျှော်မှန်းနိုင်သော သဘာဝနှင့် လုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များအား အရေးပေါ် ကာကွယ်နိုင်မည့် စီမံချက်ကို စီစဉ်ထားရှိရမည်။

၁၃။ ခန္ဓာကိုယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဓါတုဗေဒ သို့မဟုတ် ဇီဝဗေဒနှင့်ဆိုင်သော ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အလုပ်ခွင်တွင် ဘေးအန္တရာယ်ရှိနိုင်ပါက ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -

(က) အလုပ်သမားများအား ၎င်းတို့၏ အလုပ်နှင့်ဆက်နွယ်သည့် ဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှုရှိနိုင်ကြောင်းကို ကြိုတင်အသိပေးထားရမည်။

(ခ) ဘေးအန္တရာယ်နှင့် တွေ့ကြုံမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ပပျောက်စေရန် သို့မဟုတ် လျော့နည်းစေရန် သင့်လျော်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်၊

(ဂ) ဘေးအန္တရာယ်ကျရောက်မှု သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေမှုများအား အခြားနည်း

လမ်းများဖြင့် လုံလောက်အောင် ကာကွယ်ရန် မဖြစ်နိုင်ပါက အလုပ်သမားများအား သင့်လျော်သော အန္တရာယ်ကာကွယ်ရေးဝတ်စုံ၊ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာပစ္စည်းနှင့် အခြားအစီအမံများကို အခမဲ့ပံ့ပိုးပေးရမည်။

(ဃ) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား သင့်လျော်သော ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် ကုသရာနေရာသို့ ရောက်ရှိအောင် အမြန်ဆုံး ပို့ဆောင်ပေးရမည်။

(င) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား အခမဲ့ ဆေးဝါးကုသမှု ခံယူနိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်။

၁၄။ **ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -**

(က) အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပြင် လုပ်ငန်းနှင့် သက်ဆိုင်သည့် နားလည်နိုင်သော ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ လုံလောက်သော လေ့ကျင့်မှုများနှင့် အခါအားလျော်စွာ မွမ်းမံလေ့ကျင့်မှု၊ အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်ကို ဥပဒေနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရေးအတွက် အလုပ်အဆိုင်းတိုင်းတွင် ကြီးကြပ်ကွပ်ကဲသည့်ပုဂ္ဂိုလ်များ အလုံအလောက် ခန့်ထားရမည်။

(ဂ) မည်သည့်အချိန်၌မဆို မြေအောက်လုပ်ငန်းခွင်သို့ ဝင်ရောက်နေသည့် လူပုဂ္ဂိုလ်များ၏ အမည်နှင့် ရောက်ရှိနေမည့်နေရာများကို ဖော်ပြသိရှိနိုင်သည့် စနစ်တစ်ခုကို စီစဉ်ထားရှိရမည်။

(ဃ) မတော်တဆ ထိခိုက်မှုများနှင့် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ရပ်များအားလုံးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်လျော်သော ကာကွယ်မှုနှင့် ပြုပြင်မှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ ဤဥပဒေများနှင့်အညီ စီအရင်ခံရမည်။

(င) အလုပ်သမားများအား ကျောက်မျက်ရတနာထုတ်လုပ်မှုကြောင့် ဖြစ်တတ်သော လုပ်ငန်းခွင် ကျန်းမာရေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ပုံမှန်စစ်ဆေးသည့်စနစ်ကို ကျင့်သုံးရမည်။

၁၅။ **ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -**

(က) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို လူနေအိမ်သို့ ယူဆောင်သွားခြင်း၊ လူနေအိမ်အတွင်း ထားရှိခြင်းပြုဘဲ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ယမ်းတိုက်မြေနေရာ ရွေးချယ်ရေး

အဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ တည်ဆောက်ထားသော ယမ်းတိုက်အတွင်း၌သာ ထားရှိရမည်၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို စာဖြင့် တာဝန်ပေးအပ်ထားသည့် အရည်အချင်းပြည့်စုံသူများသို့သာ ထုတ်ပေးရမည့်အပြင် ထိုသူများ၏ အမည်များကိုလည်း သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားရှိသည့်စာအုပ်တွင် မှတ်သားထားရမည်။

(ဂ) ဒီတိုနေတာများကို လုံခြုံစွာ သော့ခတ်ထားသော သေတ္တာတွင် ထားရမည်။ ယမ်းဘီးလူးနှင့်သော်လည်းကောင်း အခြားဆက်စပ်ပစ္စည်းများနှင့်သော်လည်းကောင်း အတူမထားရှိရ။ ထို့ပြင် မည်သည့်ဒီတိုနေတာကိုမဆိုချက်ခြင်း အသုံးမပြုမီ ယမ်းတောင့်အတွင်းသို့ ထည့်သွင်း၍မထားရှိရ။

(ဃ) ဖောက်ခွဲမှုလုပ်ငန်းအားလုံးကို မန်နေဂျာ သို့မဟုတ် ဖိုမင်က ခန့်အပ်သည့် အသက်(၁၈)နှစ်အောက်မငယ်သော ကောင်းစွာအရည်အချင်းပြည့်စုံသူများကိုသော်လည်းကောင်း၊ ယင်းတို့၏ ဆင့်ဆိုညွှန်ကြားချက်အရသော်လည်းကောင်း ဆောင်ရွက်စေရမည်။ ထိုသူတို့၏ အမည်များကို ယင်းကိစ္စအလို့ငှာထားရှိမည့်စာအုပ်တွင် မှတ်ပုံတင်သွင်းထားရမည်။

(င) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အချက်ပေါင်း မည်မျှပေါက်ကွဲကြောင်း၊ အချိန်အတွယ် မည်မျှအသုံးပြုကြောင်း၊ မပေါက်ကွဲသည့်အချက်များ (ရှိလျှင်) မည်မျှဖြစ်ကြောင်းကို ယင်းကိစ္စအလို့ငှါ ထားရှိရမည့် စာအုပ်တွင် နေ့စဉ်မှတ်သားထားရမည်။

(စ) အသုံးမပြုဖြစ်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းအားလုံးကို ယမ်းတိုက်သို့ နှောင့်နှေးခြင်းမရှိဘဲ ပြန်ပို့စေရမည်။

(ဆ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ပေးထားသူတစ်ဦးအား မြေအောက်လုပ်ကွက်တစ်ခုသို့ သယ်ယူစေရာတွင် အလေးချိန် ၂.၅ ကီလိုဂရမ်အထိသာ ထည့်နိုင်သည့် လုံခြုံသော သေတ္တာ၊ ပုံး သို့မဟုတ် လက်ဆွဲအိတ်ဖြင့်သာထည့်၍ သယ်သူစေရမည်။

(ဇ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာသေတ္တာ၊ ပုံးသို့မဟုတ် လက်ဆွဲအိတ်များတွင် ထည့်သွင်းယူဆောင်သွားစေသည့်အခါ လုံခြုံခိုင်မြဲစွာ ယူဆောင်သွားစေရမည်။

(ဈ) မည်သူမျှသမ်းတွင်းသို့ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများ ထည့်သွင်းရန်အတွက်ဖြစ်စေ၊ ထိုးသွင်းရန်အတွက်ဖြစ်စေ၊ သံ သို့မဟုတ် သံမဏိ ကိရိယာတန်ဆာပလာကို အသုံးမပြုစေရ။ ထို့အပြင် မည်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကိုမျှ ယမ်းတွင်းထဲသို့ ဆောင့်၍ မသွင်းစေရ။

(ည) မြေအောက်လုပ်ကွက်၌ ဖောက်ခွဲခြင်း တစ်ခုတစ်ရာကို မပြုလုပ်မီ အနီးအနားရှိ လူများအား ကြိုတင်သတိပေးမှုပြုရမည့်အပြင် ၎င်းဖောက်ခွဲခြင်းကို ပြုလုပ်တော့မည့်နေရာသို့ဝင်ရောက်နိုင်သည့် အဝင်အရပ်ရပ်၌လည်း အစောင့်ချထားရမည်။

(ဋ) မြေအောက်လုပ်ကွက်နေရာနှစ်ခုသည် တစ်နေရာနှင့် တစ်နေရာ (၃)မီတာအကွာ‌င်း ချဉ်းကပ်လာသည့်အခါ တစ်နေရာမှ လူများထွက်သွားခြင်း၊ ယင်းနေရာကို ကာရံထားခြင်း မရှိသေးလျှင် အခြားတစ်နေရာ၌ မည်သည့် ဖောက်ခွဲခြင်းကိုမျှ မပြုလုပ်စေရ။

(ဌ) ဟင်းလင်းဖွင့်လုပ်ကွက်များတွင် ဖောက်ခွဲခြင်း စတင်မပြုလုပ်မီတွင်လည်းကောင်း၊ ဖောက်ခွဲခြင်းပြီးစီးသည့်အခါတွင်လည်းကောင်း၊ ကောင်းမွန်ကျနစွာ အချက်ပြသည့် စနစ်ဖြင့် ကြိုတင်သတိပေးပြီးမှ ပြုလုပ်ရမည်။

(ဍ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို ဖောက်ခွဲသောအခါ အနည်းဆုံး လူ ၂ -ယောက်က ပေါက်ကွဲသော အချက်ပေါင်းကို ရေတွက်ရမည်။ အနည်းဆုံးသော ရေတွက်ခြင်းကိုအမှန်ယူရမည်။ ပေါက်ကွဲကြောင်း ထင်ရှားခြင်းမရှိလျှင် ဖောက်ခွဲခြင်းပြုခဲ့သည့်အချိန်မှမိနစ် (၃၀)အတွင်း ထိုနေရာသို့မည်သူ့ကိုမျှ ဝင်ရောက်စေခြင်းမပြုရ၊ ဖောက်ခွဲခြင်းကို လျှပ်စစ်ဓါတ်ဖြင့် ပြုလုပ်လျှင် ယင်းသို့ ပြုလုပ်ခဲ့သည့်အချိန်မှ မိနစ် ၂၀ အတွင်း ထိုနေရာသို့ မည်သူ့ကိုမျှ ဝင်ရောက်စေခြင်း မပြုရ။

(ဎ) မြေအောက်အလုပ်လုပ်ကိုင်သည့်နေရာတွင် ဖောက်ခွဲခြင်း ပြုလုပ်ပြီးနောက် ၎င်းနေရာသို့ မည်သူတစ်ဦးတစ်ယောက်မျှဝင်ရောက်ခြင်း မပြုမီ ဖောက်ခွဲသူအားဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက် မန်နေဂျာက စာဖြင့်ခန့်ထားသည့် အရည်အချင်းပြည့်စုံသူအားဖြစ်စေ ဝင်ရောက်စေ၍ သေချာစွာ စစ်ဆေးကြည့်ရှုစေရမည့်အပြင် မိမိ၏ လက်ထောက်များဖြင့်လည်း ယင်းနေရာကို ဘေးရန်ကင်းရှင်းအောင် ပြုလုပ်ရမည်။ ယင်းသို့စစ်ဆေးကြည့်ရှုခြင်း မပြုမီနှင့် ၎င်းနေရာသည် ဘေးရန်ကင်းရှင်းပြီးဖြစ်ကြောင်း ကြော်ငြာခြင်းမပြုမီ ထိုနေရာသို့ အခြား မည်သူ့ကိုမျှမဝင်စေရ။

(ဏ) ယမ်းတွင်းအတွင်းသို့ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းထည့်သွင်းပြီးသည့်အခါ ၎င်းပစ္စည်းများကို ယမ်းတွင်းအတွင်းမှ ထုတ်ယူရန် ကော်ယူခြင်းမပြုစေရ။

(တ) ဖောက်ခွဲပြီးသော ယမ်းတွင်းကို ထပ်မံတူးဖောက်ခြင်းမပြုရ။

(ထ) ဖောက်ခွဲခြင်းအထမမြောက်လျှင် အသုံးပြုခဲ့သော ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို လေဖြင့်သော်လည်းကောင်း၊ ရေဖြင့်သော်လည်းကောင်း၊ ဖျက်ဆီးပစ်ရမည်။ သို့တည်းမဟုတ် ဖောက်ခွဲခြင်း အထမမြောက်သော ယမ်းတွင်းမှ အနည်းဆုံး ၀.၃ မီတာခွာ၍၊ ယမ်းတွင်း အသစ်တစ်တွင်းကို သင့်တင့်လျောက်ပတ်စွာ တူးဖောက်ပြီး လိုသလောက်ယမ်းကို အသုံးပြုဖောက်ခွဲခြင်းဖြင့် အထမမြောက်သော ယမ်းတွင်းကို ဖျက်ဆီးပစ်ရမည်။

(ဒ) ဖောက်ခွဲခြင်းအထမမြောက်သော ယမ်းတွင်းကို ဖွက်သိမ်းခြင်းမပြုမီ ၎င်းနေရာနှင့် ၀. ၃ မီတာအတွင်းယမ်းတွင်းတူးဖောက်ခြင်းမပြုရ။ ၀. ၃မီတာအပြင်ဘက်တွင် ယမ်းတွင်းအသစ်တူးဖောက်သောအခါတွင်လည်းဖောက်ခွဲခြင်း အထမမြောက်သော နေရာကို ထိခြင်း ဘေးအန္တရာယ်မှကာကွယ်ရန် အထူးသတိပြုရမည်။ ယမ်းတွင်းသစ်ကို ယမ်းတီလူးနှင့် ဆက်စပ်ပစ္စည်းကိစ္စအလို့ငှါ ကာဝန်ပေးအပ်ထားသူရှေ့တွင် တူးဖောက်စေရမည်။

(ဓ) ဖောက်ခွဲခြင်း အထမမြောက်သည့်နေရာကို ဘေးရန်ကင်းရှင်းစေရန် ဆောင်ရွက်မပြီးချင်း ခေတ္တအားလပ်ထားရမည့်အပြင်၊ အနီးအနားရှိလူများကို သတိပေးပြောကြားရန် လူတစ်ဦးတစ်ယောက်ကိုလည်း ထားရှိရမည် သို့တည်းမဟုတ် ၎င်းနေရာကို ကာရံထားရမည်။ ဟင်းလင်းပွင့် လုပ်ကိုင်သည့်နေရာဖြစ်ပါက အလံနီစိုက်ထူရမည်။

## အခန်း(၄)

## ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း

၁၆။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုမီ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲ၍ သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

၁၇။ သတ္တုတွင်းဦးစီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာက အထက်အပိုဒ် ၁၆ အရ တင်ပြလာသော စီမံချက်ကို စိစစ်၍ လိုအပ်ပါက စီမံချက်တွင် ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များ ပြုလုပ်စေပြီး စီမံချက်ကို အတည်ပြုရမည်။

၁၈။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ဦးစီးဌာနက အတည်ပြုထားသည့် စီမံချက်ပါနည်းလမ်းများနှင့်အညီ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ကို အကောင်အထည် ဖော် ဆောင်ရွက်ရမည်။

## အခန်း(၅)

## ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း

၁၉။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) မိမိတူးဖော်ခဲ့သည့် လွန်တွင်းများ၊ ကလိုင်များ၊ မြေအောက်တူးဖော်မှုလုပ်ငန်းများကြောင့် ပျက်စီးသွားသည့် မြေမျက်နှာပြင်အား၊ ဤဝန်ကြီးဌာနသို့မဟုတ် သတ္တုတွင်း ဦးစီးဌာနက ကျေနပ်လက်ခံသည်အထိ ပြန်လည်မြေဖို့ပေးခြင်း သို့မဟုတ် အန္တရာယ် မရှိစေရန် အခြားနည်းဖြင့် ပြုပြင်ဆောင်ရွက်ပေးခြင်းပြုရမည်။

(ခ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်ပြီး ယင်းသို့လုပ်ကိုင်ခြင်းကြောင့် သစ်ပင်များကို ခုတ်ထွင်းရှင်းလင်းခြင်း ပြုခဲ့ရပါက သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို တောင်းခံရယူစဉ်က ညှိနှိုင်းသဘောတူထားချက်နှင့်အညီသစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း ပြုရမည်။

၂၀။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့် ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့်အရည်များ ၊ စွန့်ပစ်မြေစာများ၊ အဖြုန်းများနှင့် အခိုးအငွေ့များကို စွန့်ပစ်ရာတွင် ပတ်ဝန်းကျင်ရှိ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုမရှိစေရန်နှင့် သတ္တဝါများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အလို့ငှာလိုအပ်သလို ခါတ်ခွဲစမ်းသပ်စစ်ဆေးရမည်၊ ယင်းသို့စမ်းသပ်စစ်ဆေးရာတွင် သက်ရှိသတ္တဝါများအတွက်ဘေးအန္တရာယ် ဖြစ်စေသည့်အဆိပ်အတောက်များတွေ့ရှိပါက ဓါတုဗေဒနည်းအရ လိုအပ်သလိုချေဖျက်ခြင်းပြုလုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာသည့်အခါမှသာ စနစ်တကျစွန့်ပစ်ရမည်။

## အခန်း(၆)

## မတော်တဆဖြစ်ပွားမှုများကို သတင်းပို့အစီရင်ခံခြင်း

၂၁။ (က) ကျောက်မျက်ရတနာလုပ်ကွက်တွင်ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက်၏ ပတ်ဝန်းကျင်တွင်ဖြစ်စေ မတော်တဆထိခိုက်မှုဖြစ်ပွားခြင်းကြောင့် လူသေဆုံးသည့်အခါ သို့မဟုတ် လူကိုယ်ခန္ဓာကို ပြင်းထန်စွာ ဒဏ်ရာရသည့်အခါတွင်သော်လည်းကောင်း၊ မတော်တဆ ပေါက်ကွဲမှု၊ သို့မဟုတ် မီးလောင်မှုဖြစ်ပွားသည့်အခါတွင်လည်းကောင်း၊ ရေများယိုစီးဝင်လာသည့်အခါတွင် သော်လည်းကောင်း၊ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ထိုသို့ဖြစ်ပွားသည့်

ဖြစ်ရပ်များကို ဦးစီးဌာနသို့မဟုတ် သတ္တုတွင်းဦးစီးဌာနသို့ အချင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း သတင်းပို့ရမည်။ ထို့အပြင် **နောက်ဆက်တွဲပုံစံ (၅)**ဖြင့် ရက်သတ္တပတ် တစ်ပတ်အတွင်း အသေးစိတ်အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။ အစီအရင်ခံစာ မိတ္တူတစ်စောင်ကိုလည်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ လိုအပ်သည့် အရေးယူမှု ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် အထက်အပိုဒ်ခွဲ (က) ပါ မတော်တဆ ထိခိုက်မှုများမှအပ တစ်ဦး တစ်ယောက်၏ ကိုယ်ခန္ဓာကို အနာတရ ဖြစ်စေသည့်အတွက် ထိခိုက်ခံရသူအား အလုပ်ခွင်မှ ၄၈ နာရီထက် ပိုမိုပျက်ကွက်ခဲ့ပါက <u>**နောက်ဆက်တွဲ (၆)**</u> ဖြင့် မှတ်တမ်း တင်ထားရမည်။

(ဂ) အထက်အပိုဒ်ခွဲ (ခ)အရ မှတ်တမ်းတင်ထားသည့် <u>**နောက်ဆက်တွဲပုံစံ(၆)**</u> ၏ မိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံလစဉ် သက်ဆိုင်ရာလကုန်ဆုံးသည့် နေ့မှ (၇)ရက် အတွင်း ပေးပို့ရမည်။

## အခန်း(၇)

## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း

၂၂။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးအရာရှိချုပ်သို့မဟုတ် စစ်ဆေးရေးအရာရှိ များ၏ စစ်ဆေးမှုကို ခံယူရမည်။ ယင်းသို့ခံယူရန်အတွက် ကျောက်မျက်ရတနာလုပ်ကွက်သို့ ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း သို့မဟုတ် စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်သင့်လျော်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ပေးရမည်။

၂၃။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိများက အထက်အပိုဒ် (၂၂)အရ စစ်ဆေးခြင်းကို တားဆီးပိတ်ပင်ခြင်း၊ စစ်ဆေးခံရန် ငြင်းပယ်ခြင်း၊ တစ်နည်းနည်း နှောင့်ယှက် ဟန့်တားခြင်းမပြုရ

## အခန်း (၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်

၂၄။ မည်သူမဆို ဤအမိန့်၏ အပိုဒ် ၂၊ ၃၊ ၄၊ ၇ နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င)၊ အပိုဒ် ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၉၊ ၂၀ နှင့် ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူး လွန်လျှင်သော်လည်းကောင်း၊ လိုက်နာရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ အရေးယူခြင်းခံရမည်။

၂၅။ ၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ (၁၄ /၉၉) ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ပါသည်။

ဗိုလ်မှူးချုပ်ဘုန်းမြင့်

ဝန်ကြီး

သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ် ၁ - အဖွဲ့ခွဲ (၂) ၃၉ (ဥပဒေ)
နေ့စွဲ ၁၉၉၉-ခုနှစ် အောက်တိုဘာလ (၄)ရက်၊

ဖြန့်ဝေခြင်း၊

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- ဝန်ကြီးဌာနအားလုံး
- ညွှန်ကြားရေးမှူးချုပ်
  သတ္တုတွင်းဦးစီးဌာန။
- သတ္တုတွင်းဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန၊ လုပ်ငန်းများအားလုံး
- ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းသို့ မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(ဦးစံသိန်း)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန

နောက်ဆက်တွဲပုံစံ (၁)

## အလုပ်သမားများမှတ်ပုံတင်စာအုပ်

| ရေးသွင်းသည့်နေ့စွဲ | အမည် | အလုပ်သမားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ် | အသက် | ကျား (သို့) မ | အလုပ်အမျိုးအစား | အဆိုင်း (သို့) အုပ်စု | ကျန်းမာကြောင်းအထောက်အထား လက်မှတ်နံပါတ် | အလုပ်အချိန်ကာလ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |

နောက်ဆက်တွဲပုံစံ (၂)

## မြေအောက်တွင်အလုပ်လုပ်သူများ၏ မှတ်ပုံတင်စာရင်း

(မြေအောက်လုပ်ကွက်သို့ ဝင်ရောက်သူများ၏အမည်နှင့် တတန်းတည်း " ဝင် " ဟုဖော်ပြထား သော ကော်လံတွင် x ကြက်ခြေခတ်၍ပြရန်) (မြေအောက်လုပ်ကွက်မှ ထွက်သွားသူများ၏ အမည်နှင့် တတန်းတည်း " ထွက် " ဟု ဖော်ပြထားသော ကော်လံတွင် x ကြက်ခြေခတ်၍ပြရန်)

အလုပ်ချိန်ကာလသည် နံနက် / မွန်းလွဲ နာရီတွင်စသည်။

အလုပ်ချိန်ကာလသည် နံနက် / မွန်းလွဲ နာရီတွင်ပြီးဆုံးသည်။

၁၉၉ လ၊ ရက်တွင်စပြီး၊ ၁၉၉ လ၊ ရက်တွင် ပြီးဆုံးသည်။

| အမှတ်စဉ် | အမည် | အမျိုးသားမှတ်ပုံတင်အမှတ် | အဆိုင်း (သို့) အုပ်စု | တနင်္ဂနွေ | | တနင်္လာ | | အင်္ဂါ | | ဗုဒ္ဓဟူး | | ကြာသပတေး | | သောကြာ | | စနေ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဝင် | ထွက် | ဝင် | ထွက် | ဝင် | ထွက် | ဝင် | ထွက် | ဝင် | ထွက် | ဝင် | ထွက် | ဝင် | ထွက် |
| | | | | | | | | | | | | | | | | | |

မြေအောက်ရှိသူများ စုစုပေါင်းအရေအတွက် -

မှတ်ပုံတင်စာရင်းကိုင်သူလက်မှတ်

နောက်ဆက်တွဲပုံစံ (၄)

## အလုပ်ချိန်အကြောင်းကြားစာ
## တစ်ဆိုင်းအလှည့်စနစ်

လုပ်ငန်းအမည် ..............................

ကုမ္ပဏီအမည် ..............................

ခွင့်ပြုမိန့်ရသူ၏အမည် ..............................

အောက်ဖော်ပြပါအုပ်စုများမှ ပုဂ္ဂိုလ်များသည် ယင်းတို့အမည်နှင့်ယှဉ်တွဲ ဖော်ပြထားသော အလုပ်စတင်ချိန်နှင့် အလုပ်ပြီးဆုံးချိန်အတိုင်း လုပ်ကိုင်ကြောင်း အကြောင်းကြားပါသည်။

| အုပ်စု | အလုပ်ချိန် | | နားချိန် | | အပတ်စဉ်နားရက် (သတ်မှတ်ချက်ရှိလျှင်) | မှတ်ချက် |
|---|---|---|---|---|---|---|
| | မှ | သို့ | မှ | သို့ | | |
| | | | | | | |

မန်နေဂျာ ..............................

နေ့စွဲ ..............................

နောက်ဆက်တွဲ (၄)

# ရက်သတ္တတစ်ပတ် အလုပ်ချိန်အကြောင်းကြားစာ
# ထပ်ခါတလဲလဲပြုလုပ်ရသော အလှည့်စနစ်

လုပ်ကွက်အမည် ..............................

ကုမ္ပဏီအမည် ..............................

ခွင့်ပြုမိန့်ရသူ၏အမည် ..............................

ဖော်ပြပါအုပ်စုများမှ ပုဂ္ဂိုလ်များသည် ယင်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော အဆိုင်းများအတိုင်း ၁၉၉၉ခု၊ လ၊ ( )ရက်မှစတင်၍ လုပ်ကိုင်ကြောင်းကို အကြောင်းကြားအပ်ပါသည်။

| အုပ်စု | အဆိုင်းနံပါတ် | အလုပ်ချိန်နာရီ | | လာမည့်အပါတ် အဆိုင်းနံပတ် | အဆိုင်းပြောင်းသည့် အခါ နားချိန် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | သို့ | | | |
| | ၁ | | | | နာရီ | |
| | ၂ | | | | နာရီ | |
| | ၃ | | | | နာရီ | |
| | ၄ | | | | နာရီ | |
| | ၅ | | | | နာရီ | |

မန်နေဂျာ ..............................

နေ့စွဲ ..............................

နောက်ဆက်တွဲပုံစံ (၅)

## အလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင် ပြောင်းလဲခြင်း အကြောင်းကြားစာ

အောက်ဖော်ပြပါ အလုပ်သမားများသည် အလုပ်ပြောင်းလဲကြောင်းနှင့် အမြဲတမ်းအပြောင်းအလဲများအတွက် အလုပ်သမားများမှတ်ပုံတင်စာအုပ်တွင် လိုအပ်သလို ပြောင်းလဲပြီးဖြစ်ပါသည်။

| အမြဲတမ်းပြောင်းခြင်း | | | | ယာယီပြောင်းခြင်း | | | |
|---|---|---|---|---|---|---|---|
| အမည် | အမျိုးသား မှတ်ပုံတင် | အုပ်စု/အဆိုင်းနံပါတ် | | အမည် | အမျိုးသား မှတ်ပုံတင် | အုပ်စု/အဆိုင်းနံပါတ် | |
| | | မှ | သို့ | | | မှ | သို့ |
| | | | | | | | |

မန်နေဂျာ ..................................

နေ့စွဲ ..................................

နောက်ဆက်တွဲပုံစံ (ဗ)

## မတော်တဆဖြစ်ပွားမှု အကြောင်းကြားစာ

ရက်စွဲ ------------------------

သို့

စစ်ဆေးရေးအရာရှိချုပ်

ကျွန်ုပ်သည် ------------------------ ကျောက်မျက်ရတနာလုပ်ကွက်၌ ဖြစ်ပွားသော

အသက်ဆုံးရှုံးစေသည့် အတော်တဆဖြစ်ပွားခြင်း
အပြင်းအထန်ဒဏ်ရာရစေသည့် မတော်တဆဖြစ်ပွားခြင်း
မတော်တဆပေါက်ကွဲခြင်း သို့မဟုတ် မီးတောက်လောင်ခြင်း
မီးလောင်မှုဖြစ်ပွားခြင်း
ရေတိုးဝင်ခြင်း

နှင့်စပ်ဆိုင်သည့်အောက်ဖော်ပြပါ အကြောင်းအရာများကို အစီရင်ခံအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ လုပ်ကွက်တည်ရာအရပ်(ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်း) | | | |
| ၂။ တူးဖော်သည့် ကျောက်မျက်ရတနာ | | | |
| ၃။ ပိုင်ရှင်အမည်နှင့် စာပို့တိုက်လိပ်စာ | | | |
| ၄။ အမည်နှင့် ယောကျ်ား သို့မဟုတ် မိန်းမ | | | |
| အသက်သေဆုံးသူ<br>(၁)<br>(၂) | ဒဏ်ရာရသူ | အသက် | အလုပ်အကိုင် |
| ၅။ ဖြစ်ပွားသည့်နေ့နှင့် အချိန်နာရီ | | | |
| ၆။ ဖြစ်ပွားသည့်နေရာ | | | |

| | |
|---|---|
| ၇။ ဖြစ်ပွားသည့် အကြောင်းအရာ | |
| ၈။ ဖြစ်ပွားသည့် အမျိုးအစား | |
| ၉။ ပျက်စီးဆုံးရှုံးသည့် ပမာဏ | |
| ၁၀။ ဒဏ်ရာအမျိုးအမည် ၊ အသက်ဆုံးရှုံးလျှင် မည်သည့်အကြောင်းကြောင့်သေဆုံးကြောင်း | |
| ၁၁။ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် မန်နေဂျာ၏ အရေးယူဆောင်ရွက်မှု | |

ပိုင်ရှင် ------------------------

ကိုယ်စားလှယ် ------------------------

မန်နေဂျာ ------------------------

**လမ်းညွှန်ချက်**

(၁) **အကြောင်းအရာစာပို့နည်း -**

ကျောက်မျက်ရတနာလုပ်ကွက်၌ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက်အနီးအနား၌ဖြစ်စေ၊ ကိုယ်၌ဒဏ်ရာအကြီးအကျယ်ရစေသည့်ပြင် အသက်ဆုံးရှုံးအောင်ဖြစ်စေသည့် ရုတ်တရက်ဖြစ်ပေါ်သည့် အကြောင်းများဖြစ်ပွားလာလျှင် သို့မဟုတ် ကျောက်မျက်ရတနာလုပ်ကွက်၌ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက် အနီးအနား၌ဖြစ်စေ ရုတ်တရက်ပေါက်ကွဲခြင်း၊ ရုတ်တရက်မီးတောက်ခြင်း၊ မီးလောင်ခြင်း သို့မဟုတ် ရေတိုးထွက်လာခြင်းဖြစ်လျှင် ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်၊ မန်နေဂျာကတယ်လီဖုန်းဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်သည့် နည်းဖြင့်ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်ထံ ချက်ချင်းကြောင်းကြားရမည်။ ၎င်းအပြင်(၂၄) နာရီ အတွင်း ထိုအကြောင်းအရာကို ဤပုံစံ ဖြင့် ဖြည့်စွက်၍ စစ်ဆေးရေးအရာရှိချုပ်ထံ ပေးပို့ရမည်။

(၂) လျှပ်စစ်ဓါတ်အား ဥပဒေပုဒ်မ (၃၃)အရ လျှပ်စစ်ဓါတ်အားကြောင့် အသက်သေဆုံးစေသော၊ အနာတရဖြစ်စေသော မတော်တဆဖြစ်ပွားမှု အကြောင်းကြားစာများကို မြန်မာနိုင်ငံလျှပ်စစ်စစ်ဆေး ရေးအရာရှိထံ တင်သွင်းရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၈၁ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၂၂ ရက်

သို့

မန်နေဂျင်းဒါရိုက်တာ/လုပ်ငန်းတာဝန်ခံ

-----------------------------------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **ကုမ္ပဏီ ၊ သ/မအသင်းတွင် ဝန်ထမ်း/အလုပ်သမားများ ခန့်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၏ ( ၂၆ . ၁ . ၂၀၁၆ )ရက်စွဲပါစာအမှတ် ၊ က-၃၇/၁၄၁/၂၀၁၆

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်ကြသည့် ကုမ္ပဏီ ၊ သ/မ အသင်းတို့၏ လုပ်ငန်းရှင်များသည် အလုပ်သမားများခန့်ထားရာတွင် အောက်ပါညွှန်ကြားချက်များနှင့်အညီ ခန့်ထားရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီ ၊ သ/မအသင်းရှိ ဝန်ထမ်းများအားလုံး အစိမ်းရောင်စစ်ယူနီဖောင်း ၊ အစိမ်းရောင် ပြောက်ကျားယူနီဖောင်းဝတ်ဆင်ခြင်းမပြုစေရန်။

(ခ) လုပ်ငန်းခွင်လိုအပ်ချက်အရ အလုပ်သမားများအတွက် ဒေသနှင့်သင့်လျော်သော သတ္တုတူးဖော်ရေးတူညီဝတ်စုံ ၊ ဦးထုပ်(Mine Helmet) ၊ လည်ရှည်ဖိနပ်(Safety Shoes) ၊ လက်အိတ် ၊ နှာခေါင်းစီး ၊ နားအကာများထုတ်ပေးပြီး အလုပ်ခွင်အတွင်း ဝတ်ဆင် အသုံးပြုစေရန်။

(ဂ) ကုမ္ပဏီရှိ ဝန်ထမ်းနှင့်အလုပ်သမားများအားလုံး မူးယစ်ဆေးဝါးသုံးစွဲခြင်း ၊ ရောင်းဝယ်ခြင်း ၊ လက်ဝယ်ထားသိုခြင်းမပြုလုပ်စေရန်။

(ဃ) ကုမ္ပဏီရှိ ဝန်ထမ်းများအားလုံး လူမှုဖူလုံရေးအဖွဲ့ဝင်ရောက်ရေးဆောင်ရွက်ပေးရန်နှင့် လူမှုဖူလုံရေးအဖွဲ့ဝင်ရောက်ထားသူများစာရင်းကုမ္ပဏီအလိုက် စံနစ်တကျပြုစုထားရှိရန်။

(င) လုပ်သားများကို မြေပေါ်/မြေအောက်သတ်မှတ်ထားသော အလုပ်ချိန်အတွင်းသာ လုပ်ငန်းများ ဆောင်ရွက်စေရန်။

(စ) နိုင်ငံတော်က သတ်မှတ်ထားသော အလုပ်ပိတ်ရက်များကို ခံစားခွင့်ပြုရန်။

(ဆ) အနည်းဆုံးလုပ်ခ လစာကို နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်ပေးသည့် (၁)နာရီလျှင် ကျပ်(၄၅၀)နှုန်းဖြင့် အလုပ်ချိန်(၈)နာရီ (၁)ရက်အတွက် ကျပ်(၃၆၀၀)ကို (၁.၉.၂၀၁၅)ရက်နေ့မှစ၍ သတ်မှတ်ပေးရန်။

(ဇ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ရသော ဝန်ထမ်း/အလုပ်သမားများ အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ပြုရန်။

(ဈ) ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ(၁၄)(ခ)အရ ယခုထုတ်ပြန်ထားသည့် အနည်းဆုံးအခကြေးငွေဥပဒေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရရှိစေရန်။

(ည) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အနည်းဆုံးအခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ပြုရန်။

(ဋ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား/အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့်ရှိစေရန်နှင့် အချိန်ပိုင်း ၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို ခံစားခွင့်ပြုရန်။

(ဌ) လုပ်ငန်းခွင်အလိုက် သတ်မှတ်ထားသော ကျွမ်းကျင်စံနှုန်း(သို့မဟုတ်)ထုတ်လုပ်မှုစံနှုန်းပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိခဲ့သည့် ဝန်ထမ်း/အလုပ်သမားအသစ်များအား အစမ်းခန့်ကာလမတိုင်မီ ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်ပေးရန် လိုအပ်လျှင် လေ့ကျင့်သည့် ကာလ(၃)လအတွင်း အနည်းဆုံးအခကြေးငွေ၏( ၅၀% )ထက်မနည်းသော လုပ်ခလစာကိုလည်းကောင်း အစမ်းခန့်ကာလ(၃)လအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏(၇၅%)ကိုလည်းကောင်းပေးရန် ။

(ဍ) အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၄(က)အရ ဝန်ထမ်း ၊ အလုပ်သမားများသည် မိမိတို့အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအားပြည့်မီအောင် ဆောင်ရွက်စေရန်။

(ဎ) အနည်းဆုံးအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ ဝန်ထမ်းအလုပ်သမား များရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး ၊ ဆုကြေးနှင့် ရှားပါးစရိတ်စသည့်ထောက်ပံ့ကြေးများကိုမူ လုပ်ငန်းရှင်များက မိမိတို့၏လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်တို့ပေါ်တွင် မူတည်၍ အလုပ်သမားများကို ချီးမြှင့်ပေးရန်။

(ဏ) အနည်းဆုံးအခကြေးငွေ နှုန်းထားသည် ခွင့်ရက် ၊ အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ အလုပ်သမားများအား ပေးထားသည့် အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရန် ။

(တ) အနည်းဆုံးအခကြေးငွေနှုန်းထားသည် အလုပ်သမား(၁၅)ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားစေရန်။

(ထ) ကုမ္ပဏီ ၊ သ/မအသင်းရှိ ဝန်ထမ်းအလုပ်သမားများအား လုပ်ငန်းလုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း(၃၀)အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရန်။

(ဒ) ကုမ္ပဏီ ၊ သ/မအသင်းတို့မှ ခန့်ထားပြီးသော ဝန်ထမ်း/အလုပ်သမားများအား လစာထုတ်ပေးရာတွင် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများမှ ထုတ်ပြန်ထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်နှင့် လစာထုတ်ပေးမှုမှတ်တမ်းစာအုပ်ပုံစံ တို့ဖြင့်လစာထုတ်ပေးရန်။

(ဓ) ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း/လုပ်သားများ၏ ကိုယ်ရေးအချက်အလက်များ ပြုစုထိန်းသိမ်းထားရှိရန်။

(န) ကုမ္ပဏီဝန်ထမ်း/အလုပ်သမားများခန့်ထားရာတွင် ဥပဒေ ၊ နည်းဥပဒေ ၊အမိန့်ညွှန်ကြားချက်များနှင့်အညီ စာချုပ်ချုပ်ဆိုခန့်ထားဆောင်ရွက်ရန်။

(ပ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သော လုပ်ကွက်တိုင်းတွင် လုပ်ငန်းကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် လုပ်ငန်းရှင်ကတာဝန်ပေးအပ်ထားသောသူ ၊ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသည့် မန်နေဂျာတစ်ဦးနှင့်တူးဖော်ရေးလုပ်ငန်းအတွက် ပညာရှင်များခန့်ထားရန်။

(ဖ) ကုမ္ပဏီ ၊ သမ/အသင်းများ၌ ခန့်အပ်ထားသော ဝန်ထမ်း ၊ လုပ်သားစာရင်းကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ လစဉ် မှန်မှန်ကန်ကန် တင်ပြသွားရန်။

၂။ သို့ဖြစ်ပါ၍ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းခွင်များတွင် အလုပ်သမားများခန့်အပ်ရာ၌ အထက်အပိုဒ်(၁)ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

စခန်းတာဝန်ခံ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန(ခန္တီး/မိုးညှင်း) } ကုမ္ပဏီများသို့ ဆက်လက်အကြောင်းကြားရန် ။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း

စာအမှတ် ၊ က-၃၇ / ၂၆၅ /၂၀၁၄
ရက်စွဲ ၊ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျင်းဒါရိုက်တာ

--------------------------------ကျောက်မျက်ရတနာကုမ္ပဏီ ၊ သမဝါယမအသင်း

အကြောင်းအရာ။ **ရတနာမြေနယ်မြေအတွင်း ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်ရာတွင် စနစ်တကျ ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်၍ ဆောင်ရွက်မှုခြေအနေကို လစဉ်တင်ပြသွားရန်ကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၏( ၁၉ .၁၂.၂၀၁၄ ) ရက်စွဲပါစာအမှတ် ၊ ည-၁/၁-၉၁၈/၂၀၁၄

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန်အတွက် ၂၀၁၄ ခုနှစ် ၊ မေလ(၁၂)ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၊ ၈၅/၂၀၁၄(ပူးတွဲ-၁)ကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။၎င်းအမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များကို ဖော်ပြထားရှိပါသည်-

(က) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကို ရတနာနယ်မြေများအတွင်းရှိ မြစ်ချောင်းများ အတွင်းသို့လုံးဝစွန့်ပစ်ခြင်းမပြုရမည့်အပြင် ထိုမြစ်ချောင်းများသို့ စီးဝင်ရာ တောင်ကျရေ ဆင်းလမ်းနှင့်လျှိုမြောင်များအတွင်းသို့ သာမာန်အားဖြင့် စွန့်ပစ်ခြင်းမပြုရ။

(ခ) အကယ်၍ မြစ်ချောင်းများအတွင်းသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းများနှင့် လျှိုမြောင်းများ အတွင်းသို့ မလွှဲမရှောင်သာ စွန့်ပစ်ရန်ရှိပါက မြစ်ချောင်းများသို့ မစီးဝင်မီ လမ်းခုလတ်တွင် နုန်းစုကန်(Detention Pond)များ တူးဖော်ပြီးစွန့်ပစ်မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အဆိုပါ နုန်းစုကန်များတွင် စုဆောင်းဆယ်တင်ပြီးမှ ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဂ) မြစ်ချောင်းများ၏ ကမ်းနဖူးနိမ့်သည့်အပိုင်းများတွင် ကမ်းနဖူးမြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ မြစ်ချောင်းများအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများကို နယ်မြေကြီးကြပ်အဖွဲ့များနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ စီမံခန့်ခွဲမှုဖြင့် ဦးစားပေးဆယ်တင်၍ ကမ်းနဖူးတွင် စီပုံရမည် ဖြစ်ပြီး မြစ်ချောင်းများအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးကြီးများမရှိလျှင် စွန့်ပစ်မည့် ကျောက်တုံးကြီးများကို စီပုံပြီး အပေါ်မှမြေပြန်ဖို့၍ မြေသားခိုင်မာစေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရမည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း ၊ ပိတ်တန်းများပြုလုပ်၍ တူးဖော်ခြင်း ၊ ဆင်းတွင်းနှင့်ကလိုင်များ ပြုလုပ်တူးဖော်ခြင်း(သို့မဟုတ်)အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်းမပြုရ။

(င) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကိုသတ်မှတ်ပေးထားသည့် အများသုံး မြေစာပစ်ရန်နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်အတွင်းရှိ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း ၊ မြေစာနှင့် ကျောက်တုံးကျောက်ခဲများ စွန့်ပစ်ခြင်း လုံးဝ(လုံးဝ)မပြုရ။

၂။ အထက်ဖော်ပြပါ သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၊ ၈၅/၂၀၀၄ ပါ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများ တိကျစွာလိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ(၄၃)အရ ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကို ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်-

(က) ခွင့်ပြုမိန့်အရလုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးအားလည်းကောင်းနာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

၃။ ထို့ကြောင့် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် အောက်ပါတို့ကို မိမိတို့ကုမ္ပဏီဂုဏ်သိက္ခာနှင့် နိုင်ငံသားအသိစိတ်ဓါတ်ရှိစွာဖြင့် သတိပြုအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ရတနာနယ်မြေအသီးသီးတွင်ကျောက်မျက်၊ကျောက်စိမ်းတူးဖော်လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များအနေဖြင့် ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်များ မပျက်စီးစေရေး ၊ ထိခိုက်မှုမရှိစေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ကြရန် ။

(ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်။

(ဂ) ရေးဆွဲသည့် စီမံချက်များတွင် လုပ်ကွက်(၁)ကွက်ချင်းဖြစ်စေ ၊ လုပ်ကွက်များ ၊ မှော် ၊ ကွက်ရပ်များတစ်ခုချင်းအတွက်ဖြစ်စေ ၊ မြေစာစွန့်ပစ်ရန်နေရာများ ၊ နုန်းစုကန်များ ၊ နုန်းဖမ်းကန်များတွင် စနစ်တကျစွန့်ပစ်ရေး ၊ အသုံးပြုရေး ၊ စိစစ်ကြပ်မတ်ခြင်း ၊ မြေစာစွန့်ပစ်ရန်နေရာ ၊ နုန်းစုကန်များ ၊ နုန်းဖမ်းကန်များမှ စွန့်ပစ်မြေစာများ ၊ ကနယ်များ ၊ နုန်းများသည် တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ ၊ မြစ်ချောင်းများအတွင်းသို့ မရောက်ရှိစေရေး စီမံဆောင်ရွက်ရန်။

(ဃ) မှော်တိုက်ခြင်း ၊ ဖြုန်းမြေစာများ ဆေးကြောခြင်းများကြောင့် ကနယ်များ ၊ နုန်းမြေများသည် မြစ်ချောင်းများ ၊ ချောင်းလက်တက်ငယ်များအတွင်းသို့ စီးဝင်ရောက်ရှိခြင်း မရှိစေရေး စီစဉ်ဆောင်ရွက်ရန်။

(င) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများ ၊ ချောင်းလက်တက်များရေစီးရေလာ ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းခြင်း ၊ မြစ်ချောင်းများအတွင်း ကျရောက်နေသည့် ကျောက်တုံးများ ၊ သဲများ ၊ နုန်းမြေများကို ဆယ်တင်ခြင်းများကိုလည်း ဆောင်ရွက်ကြရန်။

(စ) မြေစာစွန့်ပစ်သည့်နေရာများ ၊ ကျောက်မျက်တူးဖော်လုပ်ကိုင်သည့်မှော်ကွက်ရပ်များ ၊ ရေဝေရေလဲနေရာများနှင့် အခြားလိုအပ်သည့် နေရာများတွင် ရေတိုက်စားမှုဒဏ်ခံနိုင်ရေး ၊ မြေဆီလွှာပြုန်းတီးမှုမဖြစ်ပေါ်စေရေး ၊ ပတ်ဝန်းကျင်ပျက်စီးမှု ထိခိုက်မှုမရှိစေရေးတို့အတွက် သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်ရန်။

၄။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့်(၄၅)နိုင်ငံမြောက် Extractive Industries Transparency Initiative (EITI)(သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှု)အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ရာ ရတနာနယ်မြေအတွင်း ကျောက်စိမ်းကျောက်မျက်တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေးအတွက် ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ပျက်စီးမှုများအပေါ် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း လစဉ်စနစ်တကျ ဆောင်ရွက်ကြမှသာ The Global Transparency Standard ရရှိနိုင် မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမိန့်ညွှန်ကြားချက် ၊ စည်းကမ်းများမလိုက်နာမှုကြောင့် အရေးယူဆောင်ရွက်ရခြင်းမျိုး မဖြစ်ပေါ်စေရေးအတွက် ရတနာနယ်မြေအတွင်း ကုမ္ပဏီ/သမဝါယမအသင်းများအနေဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရာတွင် စနစ်တကျဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်တို့အတွက် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ စည်းကမ်းများ အတိုင်း လုပ်ငန်းရှင်များက တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျောက်စိမ်းရိုင်းရှာဖွေတူးဖော်မှုကြောင့် ပျက်စီးခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လစဉ်စနစ်တကျဆောင်ရွက်ကြရန်နှင့် ကုမ္ပဏီ/သမဝါယမအသင်းများ၏ ဆောင်ရွက်မှုအခြေအနေများကို အထက်ဌာနများသို့ ဆက်လက် တင်ပြသွားရမည်ဖြစ်သဖြင့် မြေပုံ ၊ ဓါတ်ပုံမှတ်တမ်းများနှင့်အတူ လစဉ်(၂၅)ရက်နေ့မတိုင်မီ ပြုစုတင်ပြကြရန် အကြောင်းကြား အပ်ပါသည်။

ရွှေလင်းမောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

စခန်းတာဝန်ခံ ၊ စခန်းရုံး(ခန္တီး/မိုးညှင်း) } လုပ်ငန်းရှင်များအား ထပ်ဆင့်ညွှန်ကြားကြပ်မတ်ရန် ။

ရုံးလက်ခံစာတွဲ/မျှောစာတွဲ